# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် | ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၆၀]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေကြီးရေလျှံမှုအခြေအနေများ လှည့်လည်ကြည့်ရှု

## ပြန်လည်ထူထောင်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းများခွဲခြားပြီး ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံကလေးကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် ကလေးငယ်များအားကြည့်ရှုပြီး အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၁

ကန့်ဘလူမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကန့်ဘလူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ *

### သဘာဝဘေးကြုံတွေ့လာပါက ရှေးဦးစွာ အသက်ရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက်လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးရမည်

**နိုင်ငံတကာရေးရာသုံးသပ်ချက်**

### အီရန်၏နောက်ထပ်ခြေလှမ်းနှင့် အစ္စရေး၊ ဆော်ဒီတို့၏ ရွေးချယ်မှုများ

စာမျက်နှာ ❖ ၅

**နိုင်ငံတကာ**

### အီရန်ကဲ့သို့ အမေရိကန်နှင့် ချူကာလီးယားအရေးဆွေးနွေးရန် စိတ်မဝင်စားဟု မြောက်ကိုရီးယားပြော

စာမျက်နှာ ❖ ၁၃

**ပြည်တွင်း**

### ပဝါမကူ ရေမရှူတမ်း ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထူးထူးနှင့် ဆိုင်းရပ်စ် ယှဉ်ပြိုင်ထိုးသတ်မည်

စာမျက်နှာ ❖ ၁၄





FEC Panel စက်ရုံမှ အထက်မြန်မာပြည်ရှိ လျှပ်စစ်လုပ်ငန်းများအတွက်လိုအပ်သော Standard Panel ဆိုဒ်စုံနှင့် Cable Tray, Cable Tranking & Cable Ladder များကို လူကြီးမင်းတို့စိတ်တိုင်းကျပြုလုပ်ပေးပြီး သီးခြားအော်ဒါများကိုလည်းဆောင်ရွက်ပေးပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အဂတိတရား ကင်းရှင်းပါမှ-

လူတစ်ဦးတစ်ယောက်အနေဖြင့် ကိုယ်ကျင့်တရားသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ကိုယ်ကျင့်တရားပျက်ပြားလျှင် အရာအားလုံး ပျက်ပြားနိုင်ပါသည်။ ကိုယ်ကျင့်တရားသည် လူ့တန်ဖိုးပင်ဖြစ်ပါသည်။ ကောင်းမွန်သောကိုယ်ကျင့်တရားသည် ပစ္စုပ္ပန်တွင်သာမက သံသရာအထိ ကောင်းကျိုးပေးနိုင်ပါသည်။

ဤသို့ဖြင့် ကိုယ်ကျင့်တရားကောင်းအောင် အဓိက လိုက်နာဆောင်ရွက်သင့်သောအချက်မှာ အဂတိတရားကင်းရှင်းရေးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ရုပ်သိမ်းခဲ့ပါသည်။ ဤအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အာဏာသက်ရောက်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အဂတိလိုက်စားမှုတိုက်ဖျက်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည်ကား ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်အတွက် လည်းကောင်း၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်စေရန်အတွက် လည်းကောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်သော်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

အဂတိလေးပါးရှိပါသည်။ လူတစ်ဦးတစ်ယောက်အား ခင်မင်မှုအရသော်လည်းကောင်း၊ တံစိုးလက်ဆောင်၊ ငွေကြေးပစ္စည်းတစ်စုံတစ်ခု ရလိုမှုကြောင့်လည်းကောင်း၊ ချစ်ခင်မှုအရသော်လည်းကောင်း မလိုက်သင့်သောဘက်သို့လိုက်၍ မပြုသင့်သည်ကို ပြုခြင်းကို ဆန္ဒဂတိဟုခေါ်ပါသည်။ လူတစ်ဦးတစ်ယောက်အား စိတ်ဆိုး၍သော်လည်းကောင်း၊ ရန်ငြိုးထား အမျက်ထား၍သော်လည်းကောင်း မလိုက်သင့်သည့်ဘက်လိုက်၍ မပြုသင့်သည်ကို ပြုခြင်းကို ဒေါသဂတိဟုဆိုပါသည်။ ဆင်ခြင်တုံဉာဏ်မရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်၍ မပြုသင့်သည်ကို ပြုခြင်းကို မောဟဂတိဟု ဆိုပါသည်။ တစ်စုံတစ်ခုကိုကြောက်ရွံ့သဖြင့် မလိုက်သင့်သည့် ဘက်ကိုလိုက်၍ မပြုသင့်သည်ကိုပြုခြင်းကို ဘယာဂတိဟုဆိုပါသည်။ ထိုအဂတိတရားလေးပါး ကင်းရှင်းအောင် ပြုမူလုပ်ကိုင် ဆောင်ရွက်နိုင်ကြမှသာ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသူဟု ဆိုနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပညာရှိတို့က ဥစ္စာစနေဆုံးရှုံးလျှင် ဘာမှမဆုံးရှုံးဟုမှတ်ပါ **(When Wealth is Lost, Nothing is Lost)**၊ ကျန်းမာရေးဆုံးရှုံးပြီဆိုလျှင် တစ်စုံ တစ်ရာဆုံးရှုံးပြီဟုမှတ်ပါ **(When Health is Lost, Something is Lost)**၊ ကိုယ်ကျင့်တရားဆုံးရှုံးပြီဆိုလျှင် အားလုံးဆုံးရှုံးပြီမှတ်ပါ **(When Character is Lost, Everything is Lost)** ဟု ဆိုခြင်းပင်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားသည် လူသားတစ်ဦးအနေဖြင့် အရေးအကြီးဆုံး ဖြစ်ပါသည်။

သို့ပါသော်လည်း နေရာအချို့တွင် အဂတိတရားများကင်းရှင်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်မှု အားနည်းမှုများ ရှိနေဆဲဖြစ်ပါသည်။ တစ်နည်းဆိုလျှင် သိက္ခာနှင့်ရိက္ခာကိုလဲဖို့ ကြိုးစားနေသူများရှိနေဆဲဖြစ်ပါသည်။ သိက္ခာသည် လူတစ်ဦးတစ်ယောက်အတွက်သာမက အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု၊ ရပ်ရွာဌာနအစရှိသဖြင့် အရေးကြီးပါသည်။ လူတစ်ဦးတစ်ယောက် အကျင့်ပျက်ခြစားမှုကြောင့် ဌာနတစ်ခုလုံးကို ထိခိုက်နိုင်ပါသည်။ အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်နိုင်ပါသည်။ သို့ဖြစ်၍ အဂတိတရားကင်းရှင်းအောင် အတတ်နိုင်ဆုံး ကျင့်ကြံနေထိုင်အပ်ပေကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## နမ့်ခမ်းမြို့၌ ဆောက်လုပ်ပြီးစီးသော နှစ်ထပ်ဓမ္မာရုံသစ်ဖွင့်



**နမ့်ခမ်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ အများပြည်သူအလှူရှင်များထည့်ဝင် လှူဒါန်းငွေဖြင့် မြို့လယ် ဘုရားကြီးကျောင်းဝင်းအတွင်း ဆောက်လုပ်ပြီးစီးသော နှစ်ထပ်ဓမ္မာရုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် က ကျင်းပသည်။

ဖွင့်ပွဲကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နမ့်ခမ်းမြို့မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်းနှင့် သာသနာ့ဝိပုလစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ မြို့နယ်သြဝါဒါစရိယ၊ မန့်ဟောင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမသာရ၊ နယ်မြေခံ ခြေမြန်တပ်မဌာနချုပ် ဗိုလ်မှူးချုပ် သက်ထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ နှစ်ထပ်ဓမ္မာရုံကို နမ့်ခမ်းမြို့ မြို့လယ်ဘုရားကျောင်း (ပင်မငွေ)မှ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကျော်၊ နမ့်ခမ်းမြို့ ကမ္ဘောဇဘဏ်ခွဲမှ လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကျော်၊ အများပြည်သူအလှူရှင် စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၀၀ ခန့်နှင့်အတူ စုစုပေါင်း ငွေကျပ်သိန်း ၁၄၀၀ ကျော်အကုန် အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

**ထားဝယ် ဇူလိုင် ၂၁**

အီးယူ၏ ရန်ပုံငွေဖြင့် Center for Peace and Conflict Studies (CPCS-Cambodia) နှင့် Myanmar Peace Center(MPC) တို့ ပူးပေါင်းဆောင်ရွက်သည့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ စိန်သရဖူဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က အမှာစကားပြောကြားပြီး၊ Myanmar Peace Center(MPC) တွဲဖက်အစီအစဉ် ညွှန်ကြားရေးမှူး Dr. Naw Rebecca Htin က MPC ၏ လုပ်ငန်းအစီအစဉ်များနှင့် အပစ်အခတ်ရပ်စဲရေး အခြေအနေများ အကျဉ်းချုပ်အား ရှင်းလင်းတင်ပြကာ Center for peace and Conflict Studies (CPCS-Cambodia) မှအလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၃ ရက်ထိ ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**




**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၄၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၃.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၂၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇၆ |
| တရုတ် | တစ်ယွမ် | ၁၉၈.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃.၁၇ |

ခင်ရတနာ-စုစည်းသည်။

၁၃-၇-၂၀၁၅မှ ၁၆-၇-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၉၇ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၀၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# အရိုးရောဂါအထူးကုဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် အရိုးနှင့်သက်ဆိုင်သည့်ဝေဒနာရှင်များကို ကုသပေးနိုင်မည်



**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ခုတင် ၁၀၀ ဆံ့ အရိုးရောဂါအထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဦးဖုန်းဇော်ဟန်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတက ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးတို့က ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဆေးရုံခန်းမ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်မည့် ခုတင် ၁၀၀ အထူးကုဆေးရုံ လေးရုံအနက် တစ်ရုံ အပါအဝင်ဖြစ်ပါကြောင်း၊ ယခုဆေးရုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ်သန်းပေါင်း ၂၁၈၈ သန်းကျော် အကုန်အကျခံပြီး နေပြည်တော်ကောင်စီ၏ ကွပ်ကဲမှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အရိုးရောဂါအထူးကုဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် အရိုးရောဂါနှင့် သက်ဆိုင်သည့် ဝေဒနာရှင်များကို ကုသမှုပေးနိုင်မည်ဖြစ်သည့်အပြင် မော်တော်ယာဉ် မတော်တဆထိခိုက်မှု များပြားလှသည့် ယနေ့အချိန်အခါအတွက် မတော်တဆမှု၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ပျမ်းမျှလူ့မျှော်မှန်း သက်တမ်းနိမ့်ကျနေမှု၊ တစ်နှစ်အောက်ကလေး၊ ငါးနှစ်အောက်ကလေးနှင့် သားသည်မိခင်သေဆုံးမှု မြင့်မားနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး သတင်းအချက်အလက်အရ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုမှာ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုမှာ လူဦးရေ ၁၀၀၀ လျှင် ၁ ဒသမ ၈ ဦးနှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၂ ဦးနှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၉ ဦးနှုန်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးနှုန်းမှာ ၂၀၁၂ ခုနှစ်တွင် လူဦးရေ တစ်သိန်းလျှင် ၆ ဒသမ ၁ ဦးနှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၆ ဦးနှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၈ ဒသမ ၄ ဦးနှုန်းဖြစ်နေသည်ကို တွေ့ရှိရသည့်အတွက် စောင့်ရှောက်ကုသမှုပေးနိုင်စေရန် အရိုးအထူးကုဆေးရုံကြီးများ ပိုမိုတိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လျက်ရှိသည့်အပြင် ယာဉ်မတော်တဆထိခိုက်မှုကိုလည်း ပညာပေးတားဆီးကာကွယ်ရန် လိုအပ်နေသည်ကို မီးမောင်းထိုးပြခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့် အရေးပေါ် လူနာတင်ယာဉ်စနစ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်က ယာဉ်မတော်တဆမှုများတွင် ၈၉ ရာခိုင်နှုန်းသော လူနာများသည် ဆေးရုံမရောက်မီ စနစ်တကျ ကုသမှုမရရှိခဲ့ပါကြောင်း၊ အကယ်၍ အခင်းဖြစ်ပွားရာ နေရာတွင်သာ စနစ်တကျ ပြုစုကုသမှုရရှိပြီးမှ ဆေးရုံသို့ ပို့ဆောင်နိုင်မည်ဆိုပါက သေဆုံးမှု ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း အထိ လျှော့ချနိုင်လိမ့်မည်ဟု ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း အရိုးရောဂါအထူးကုဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်ရော ပြည်သူလူထုအတွက်ပါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း၊ ယခုဆေးရုံသစ်တွင် တာဝန်ထမ်းဆောင်သွားကြမည့် အထူးကု ဆရာဝန်ကြီးများမှအစ အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းအားလုံးကလည်း လာရောက်ကုသမှုခံယူကြမည့် လူနာများကို နွေးထွေးသည့် မေတ္တာ စေတနာများဖြင့် စောင့်ရှောက်မှု ပေးသွားနိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းသို့ လှည့်လည်ကြည့်ရှု လေ့လာကြပြီး ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသည့် ဝေဒနာရှင်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ **(အပေါ်ပုံ)**

အရိုးရောဂါ ကုသမှုအဆင့်ဆင့်၏ သမိုင်းတွင် အရိုးရောဂါကုသမှုဆိုသည်မှာ အရိုးရောဂါတစ်ခုတည်းကိုသာ ကုသခြင်းမဟုတ်ဘဲ ၎င်းနှင့်ဆက်စပ်နေသည့် ကြွက်သားများနှင့် အဆစ်များကိုပါ ပေါင်းစပ်ကုသခြင်းကို ဆိုလိုပြီး ရှေးယခင်က အရိုးရောဂါကုသမှုကို ကလေးငယ်များ၏ မွေးရာပါ အရိုးအနေအထားမှားယွင်းနေခြင်း (ဥပမာ)ခြေခွင်ခြင်းမျိုးကို ကုသပေးခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

အရိုးကုသမှုဆေးရုံကို ၁၇၈၀ ပြည့်နှစ်က ပထမဆုံးဖွင့်လှစ်နိုင်ခဲ့ပြီး ကလေးငယ်များ၏ မွေးရာပါ အရိုးအနေအထားမှားယွင်းနေမှုကို ပုံမှန်အနေအထားပြန်ရောက်စေရန် ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းမျိုးဖြစ်ရာ ၁၈ ရာစုခေတ်ကာလမှသာ ခွဲစိတ်ကုသမှုများ ပါဝင်လာပြီး ကြွက်သားနှင့် အရွတ်များပြုပြင်ခြင်း၊ ကျောရိုးခွဲစိတ်ပြုပြင်ခြင်း၊ POP ဟုခေါ်သည့် ကျောက်ပတ်တီးစည်းခြင်းများကို စတင်အသုံးပြုလာခဲ့ကြသည်။ ထိုကဲ့သို့ ကျိုးနေသည့်အရိုးများ ပြန်ဆက်နိုင်ရန်အတွက် ကျိုးကြေနေရာတွင် လှုပ်ရှားမှုမရှိစေရန် ထိန်းထားခြင်းအားဖြင့် အရိုးအဆက်မြန်လာခြင်းလည်းဖြစ်သည်။

အထူးသဖြင့် ပထမကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်ကြောင့် စစ်သားများ များပြားလှသည့် အရိုးကျိုးထိခိုက်ဒဏ်ရာရရှိမှုကို အဆိုပါစနစ်ဖြင့် အများဆုံးအသုံးပြုလာခဲ့ကြရာ ခြေထောက်အရိုးများကို အလေးတုံးဖြင့် တွဲထိန်းထားခြင်း၊ ကျိုးနေသည့် အရိုးနှစ်ဖက်အတွင်းသို့ သံမဏိချောင်း ထည့်သွင်းခြင်းအားဖြင့် အရိုးဆက်မြန်မှု ပိုမိုရရှိကြောင်းကို စမ်းသပ်ရှာဖွေတွေ့ရှိလာခြင်းဖြစ်သည်။

၂၀၁၁-၂၀၁၂ ခုနှစ် အတွင်း မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်ရှိသည့် အထူးကုဆေးရုံ ၂၈ ရုံအပါအဝင် ဆေးရုံကြီး၊ ဆေးရုံငယ် စုစုပေါင်း ၉၈၇ ရုံရှိပြီး ယခု ၂၀၁၅ ခုနှစ် ဇွန်လကုန်တွင် ဆေးရုံကြီးငယ် စုစုပေါင်း ၁၁၃၃ ရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၌ ခုတင် ၃၀၀ အရိုးရောဂါ အထူးကုဆေးရုံတစ်ရုံ၊ မန္တလေးမြို့တွင် ခုတင် ၂၀၀ အရိုးရောဂါ အထူးကုဆေးရုံတစ်ရုံနှင့် ယခု နေပြည်တော်တွင် ခုတင် ၁၀၀ အရိုးရောဂါအထူးကု ဆေးရုံတစ်ရုံတို့သာရှိပြီး ရန်ကုန် အရိုးရောဂါအထူးကုဆေးရုံတွင် ခုတင် ၃၀၀ ဟုဆိုသော်လည်း လူနာများပြားနေသည့်အတွက် အဆင့်မြှင့်ရန် လျာထားပြီးဖြစ်သည်။ ထို့အပြင် အရိုးအထူးကုဆေးရုံဟု အမည်တပ်မထားသော်လည်း အထွေထွေရောဂါကုရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်း အရိုးရောဂါလူနာများ ရာနှင့်ချီပြီး တက်ရောက်ကုသမှု ခံယူနေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အထွေထွေရောဂါကုဆေးရုံများတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အရိုးရောဂါအတွက် ကုသမှုခံယူနေသည့် လူနာများစွာ ရှိနေသည်။

၂၁ ရာစုတွင် အရိုးရောဂါအထူးကုဆေးရုံများသည် အရိုးရောဂါအမျိုးမျိုးနှင့် ထိခိုက်ကျိုးပဲ့မှုအမျိုးမျိုးကို သာမန်ကုသပေးခြင်းမျိုး မဟုတ်တော့ဘဲ Total Heap Replacement၊ Knee Replacement ခေါ်သည့် တင်ပါးဆုံ၊ ပေါင်ရိုးအဆစ် အစားထိုးခွဲစိတ်ကုသခြင်း၊ ဒူးဆစ်တစ်ခုလုံး အစားထိုးလဲလှယ်ခွဲစိတ်ကုသခြင်းများ လုပ်ဆောင်နေကြပြီဖြစ်၍ မြန်မာနိုင်ငံ၏ အရိုးရောဂါအထူးကု ဆေးရုံများသည်လည်း ထိုအဆင့်ကဲ့သို့ ရောက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိုလံပစ်အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၁**

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အသင်းငါးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တိုက်ရိုက်ဝင်ခွင့်ရ နှစ်သင်း၊ ပထမအဆင့်မှ တက်ရောက်လာသည့် သုံးသင်းတို့ဖြင့် ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းနှင့်အတူ တိုက်ရိုက်ဝင်ခွင့်ရ ထိုင်းနှင့် ဗီယက်နမ်၊ ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာသည့် တရုတ်(တိုင်ပေ)နှင့်ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုပွဲစဉ်များ ရေးဆွဲထားမှုအရ မြန်မာအမျိုးသမီးအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ဂျော်ဒန်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဂျော်ဒန်အသင်း၊ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျော်ဒန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ထိုင်းအသင်း၊ စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် တရုတ်(တိုင်ပေ)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမအဆင့် ခြေစစ်ပွဲကိုလည်း မန္တလေးမြို့၌ပင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး သီရိလင်္ကာနှင့် အိန္ဒိယတို့ကို အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲ၌ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းမှာ တတိယအဆင့်ခြေစစ်ပွဲ၌ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျအသင်းတို့နှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းကပင် ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲမတိုင်မီ ပြည်ပနိုင်ငံများ၌ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသည်။

**ညီမြတ်သော်တာ**

# မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည့် ဒေသများမှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများမှာ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပြင်ဆင်ချက်

(၂၁-၇-၂၀၁၅)ရက်စွဲထုတ် သတင်းစာ စာမျက်နှာ “၃” တွင် ဖော်ပြပါရှိသော “International Covenant on Education , Social and Cultural Rights- ICESCR” အစား “International Covenant on Economic, Social and Cultural Rights ICESCR” ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောကြား



**နေပြည်တော် ဇူလိုင် ၂၁**

ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ၂၀၁၆ ခုနှစ်တွင်မှ အသက် ၆၀ပြည့်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

ဇူလိုင် ၁၇ ရက် ညနေပိုင်းက BBC မြန်မာသတင်းဌာနမှ Mr. Jonah Fisher ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားရာတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

မြန်မာ့တပ်မတော်၏ပြုပြင်ပြောင်းလဲမှုအခြေအနေ မေးမြန်းမှုနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်ကို Professional တပ်မတော် (Standard Army) ဖြစ်အောင် ပြောင်းလဲမှုများလုပ်ဆောင်နေပါကြောင်း၊ ပြီးပြည့်စုံသည့် စွမ်းရည်ရှိသောတပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်နေပါကြောင်း စသည်ဖြင့် ဖြေကြားခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တပ်မတော်ပါဝင်ရန် လိုအပ်သည်ဟုယုံကြည်ပါသလား မေးမြန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်က လွတ်လပ်ရေးရရှိခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်၏သမိုင်းတွင် တပ်မတော်၏ ပါဝင်ပတ်သက်မှုများသည် မည်သို့မျှ ခွဲခြား၍မရနိုင်သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးရောက်ရှိလာစေရန် တပ်မတော်သည် ပြည်သူနှင့်ပူးပေါင်းပြီး အသက်သွေးချွေးများစွာရင်းနှီး၍ လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန်၊ နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံ၏ပိုင်နက်နယ်မြေမထိပါးစေရန် လုပ်ဆောင်ခဲ့ရပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် တပ်မတော်သားများ၏ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ထားရှိမှုအခြေအနေမှ ယိမ်းယိုင်သွားစေမည့်ကိစ္စရပ်များကို တပ်မတော်အနေဖြင့် မည်သို့မျှ လက်ခံနိုင်သည့်အခြေအနေမရှိပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အခြေအနေကို တည်ငြိမ်အေးချမ်းသည့်အဆင့်ထိ ရောက်ရှိအောင် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းပြခဲ့သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့် ပတ်သက်ပြီး မေးမြန်းရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ နံပါတ်တစ်ဆန္ဒမှာ ထာဝရငြိမ်းချမ်းရေး ရရှိလိုခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေချိန်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုချင်သည့် စိတ်ရှိရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အမှန်တကယ်လျှောက်လှမ်းလိုသည့် ဆန္ဒရှိရန်လည်း လိုအပ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် ၎င်းတို့လိုချင်သည့် လိုလားချက်များနှင့် ရရှိထားသည့်အခွင့်အရေးများကို ဥပဒေနှင့်အညီ လုပ်ကိုင်သွားမည်ဆိုလျှင် ငြိမ်းချမ်းရေးကိစ္စရပ်များသည် ရှောရှောရှူရှူနှင့် ဖြစ်မြောက်သွားမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ မပြီးစီးဘဲ ကျန်ရှိနေမည်ဆိုလျှင် တပ်မတော်အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များမှ ပြန်လည် ထွက်ခွာမည့်အစီအစဉ် မဖြစ်နိုင်ကြောင်း ဆိုလိုခြင်းလားဟု မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အခက်အခဲရှိနေပါသေးကြောင်း၊ ပြည်သူလူထုအပေါ် အာမခံချက်မရှိသေးဘဲ မိမိတို့တိုင်းပြည်ကို ယခုကဲ့သို့ ပြဿနာပေါင်းများစွာနှင့် ဖြေရှင်းနေရဦးမည်ဆိုလျှင် မည်သို့မျှ မဖြစ်နိုင်သေးပါကြောင်း၊ ငြိမ်းချမ်းရေးရမှသာ တစ်ဖက်တွင်လည်း တိုင်းရင်းသားများအရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာများစွာရှိနေသေးပါကြောင်း၊ ၎င်းတို့ကို အေးအေးချမ်းချမ်းနှင့် စည်းကမ်းတကျဖြစ်လာရန် လိုအပ်ကြောင်း၊ ၎င်းတို့မှာ မိမိတို့ကျော်ဖြတ်ရမည့်ကိစ္စများဖြစ်ကြောင်း စသည်ဖြင့် ဖြေကြားသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပမည့်ရွေးကောက်ပွဲတွင် မည်ကဲ့သို့ အဖြေထွက်ပေါ်လာသည်ဖြစ်စေ လက်ခံလေးစားမှုပြုနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှုနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွတ်လပ်မှုနှင့် မျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ထားပါကြောင်း၊ မိမိတို့ဆန္ဒမှာလည်း ၎င်းအတိုင်းပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဖြစ်အောင်လည်း မိမိတို့တပ်မတော်က ကူညီဆောင်ရွက်ပေးနိုင်သည့် အခန်းကဏ္ဍများ၌ ပါဝင်ဆောင်ရွက်ပေးနိုင်ရန် ဆုံးဖြတ်ထားပါကြောင်း၊ မည်သူအနိုင်ရသည်ဖြစ်စေ တရားနည်းလမ်းကျစွာဖြင့် ရရှိလာသည့် ရလဒ်မှန်သမျှကို လက်ခံမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘင်္ဂါလီလူမျိုးများမှာ ဗြိတိသျှတို့၏ ကိုလိုနီဖြစ်ခဲ့ချိန်က မြန်မာနိုင်ငံတွင် လယ်ကူလီလုပ်ကိုင်ရန် ရခိုင်ဒေသသို့ ခေါ်ဆောင်လာခဲ့ခြင်းသည် အများဆုံးဖြစ်ကြောင်း၊ ၎င်းတို့မှတစ်ဆင့် ပေါက်ဖွားလာမှုများလည်း များစွာရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့တိုင်းရင်းသားများ မဟုတ်သည့်အတွက် တိုင်းရင်းသားများကဲ့သို့ အခွင့်အရေး မရရှိနိုင်ပါကြောင်း၊ သို့ရာတွင် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ဥပဒေနှင့်အညီ မိမိတို့ကစောင့်ရှောက်ပေးရမည့် လုပ်ငန်းများရှိမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်ဖြစ်ပါကြောင်း ထည့်သွင်းဖြေကြားသည်။

ယခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူမည်ဟု သတင်းထွက်ပေါ်နေမှုနှင့် သမ္မတတာဝန်ထမ်းဆောင်ရန် တောင်းဆိုလာမည်ဆိုလျှင် ထမ်းဆောင်ရန် ဆန္ဒရှိပါသလားဟု မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည်မှာမဟုတ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှသာ မိမိအသက် ၆၀ နှစ်ပြည့်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းပြည်အတွက် အသက်ပေးပြီး တာဝန်ထမ်းဆောင်ရမည်ဆိုသည့် သစ္စာအဓိဋ္ဌာန်ဆိုထားသူများဖြစ်၍ လိုအပ်လာပါက မည်သည့်တာဝန်ပေးအပ်သည်ဖြစ်စေ ထမ်းဆောင်ရမည့် တာဝန်ရှိပါကြောင်း စသည်ဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# ငွေလဲလှယ်နှုန်း မတည်ငြိမ်ရသည့် အဓိကအချက်ဖြစ်သော ဈေးကစားမှုတွင် ဘဏ်များပါဝင်ပတ်သက်မှုမရှိစေရန် ကြီးကြပ်စစ်ဆေးမည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းမြင့်တက်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးသည့် တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ၂ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လက်ရှိကာလတွင် ဖြစ်ပေါ်နေသော မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းမြင့်တက်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကဏ္ဍအသီးသီးတို့ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ကော်မတီ ဖွဲ့စည်းပေးထားပြီး ကော်မတီအစည်းအဝေးကို နှစ်ပတ်တစ်ကြိမ်ပြုလုပ်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာလျက်ရှိကြောင်း၊ တိုင်းပြည်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုရရှိရန် အစိုးရ၊ ဘဏ်၊ ပြည်သူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး သီးသန့်ဆောင်ရွက်၍မရကြောင်း၊ ကမ္ဘာ့ဘဏ်၊ IMF တို့၏အကြံပေးမှုများကို သီအိုရီအရ ထည့်သွင်းစဉ်းစား ရမည်ဖြစ်သကဲ့သို့ လက်တွေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်း၊ အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသော အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန်နှင့် ပြည်တွင်း Interbank Market ဖွံ့ဖြိုးတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှုရရှိစေရန် ကုန်သွယ်မှု လိုငွေပြနေမှု၊ ဘတ်ဂျက်အသုံးစရိတ်နှင့် စီမံကိန်းများအတွက် အသုံးပြုခဲ့သည့် ငွေကြေးများ စီးပွားရေးစနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်မှု၊ လတ်တလောကာလ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်နေမှုနှင့် ဈေးကစားမှုအခြေအနေများကို ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုနှင့်စပ်လျဉ်း၍ အချက်များစွာတွင် တူညီသည့်အမြင်ရှိပါကြောင်း၊ မတည်မငြိမ်ဖြစ်ရသည့် အကြောင်းရင်းများရှိသည့်အနက် ဈေးကစားသည့်အချက်က အဓိကဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဘဏ်များကတစ်ဆင့် သွင်းကုန်တင်သွင်းသူများကို ရောင်းချပေးနေသကဲ့သို့ နေ့စဉ် လေလံဈေးမှလည်း ရောင်းချပေးနေကြောင်း၊ ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားသော လိုက်နာရန်အချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ငွေလဲလှယ်နှုန်းမတည်ငြိမ်ရသည့် အဓိကအချက်ဖြစ်သည့် ဈေးကစားမှုတွင် ဘဏ်များပါဝင်ပတ်သက်မှုမရှိစေရန် တိုက်တွန်းကြောင်း၊ လိုအပ်သည့် ကြီးကြပ်စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဘဏ္ဍာရေးမူဝါဒအား ချမှတ်အကောင်အထည်ဖော်ရာတွင် ဘက်ညီသည့် ဘတ်ဂျက်ဖြစ်စေရန်အတွက် အသုံးစရိတ်ကို လျှော့ချရန်၊ ဝင်ငွေတိုးတက်ရရှိရန်၊ ကုန်သွယ်မှု လိုငွေပြနေခြင်းကို ဖြေရှင်းရန်အတွက် ပို့ကုန်တိုးမြှင့်တင်ပို့ရန်၊ ပို့ကုန်မှရငွေများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရန်နှင့် ငွေလဲလှယ်နှုန်း တည်ငြိမ်မှုရရှိရန် ကာလတို၊ ကာလရှည်ဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က တင်းကျပ်သော ငွေကြေးမူဝါဒကျင့်သုံးပါက လုပ်ဆောင်မည့်နည်းလမ်းများ၊ ဈေးကွက်အတွင်း ဝင်ရောက်စွက်ဖက်သည့် နည်းလမ်းများ၊ ကြီးထွားလာသည့် တရားမဝင်ဈေးကွက်ကို ထိန်းသိမ်းရန်အချက်များနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်သောနည်းလမ်းများကို ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက သီးသန့်ငွေလိုအပ်ချက် ပြည့်မီရန် လိုအပ်ချက်များနှင့် မပြည့်မီသေးသည့်ဘဏ်များ ပြည့်မီရေးဆောင်ရွက်သွားရန်ကိစ္စအား ဆွေးနွေးသည်။

ထို့နောက် ပထမပုဂ္ဂလိကဘဏ်၊ ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ဘဏ်ချေးငွေပမာဏ တိုးတက်နှုန်းမြင့်မားနေသည့်ကိစ္စ၊ အခွန်မှရရှိသည့် ဝင်ငွေနည်းသည့်ကိစ္စနှင့် IMF ၏ အကြံပေးချက်များကိုလည်းကောင်း၊ ရိုးမဘဏ်ဥက္ကဋ္ဌ ဦးသိမ်းဝေက ဘဏ်၏ပြင်ပတွင် ဆောင်ရွက်လျက်ရှိသည့် ပြင်ပဈေးကွက်များနှင့် နိုင်ငံခြားငွေဈေးကွက်ကို ထိန်းသိမ်းရန်အတွက် ငွေကြေးနှင့်ဘဏ္ဍာရေးမူဝါဒများလိုအပ်မှုကိုလည်းကောင်း၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးသိန်းက နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရန် အဓိကကျသည့် အခြေခံအချက်များကိုလည်းကောင်း၊ ကမ္ဘောဇဘဏ် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းချိုက နိုင်ငံခြားငွေကြေးကိုင်ဆောင်မှုနှင့် ငွေလဲကောင်တာများနှင့်စပ်လျဉ်းသည့် ကိစ္စများကိုလည်းကောင်း၊ ဧရာဝတီဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးအောင်က ဘဏ်များမှတစ်ဆင့် ပို့ကုန်မှရငွေများ တရားဝင် ဝင်ရောက်လာရန်ကိစ္စကိုလည်းကောင်း၊ ယူနိုက်တက်အမရာဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းဆွေက တရားမဝင်လမ်းကြောင်းမှ ငွေစီးဆင်းနေမှုကိစ္စကိုလည်းကောင်း၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိုင်ငံခြားငွေဈေးကွက်တွင် အရေးပါသော နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်ရေးမူဝါဒများကိစ္စကို လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဒေါက်တာမောင်မောင်သိမ်း၊ ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အီရန်၏နောက်ထပ်ခြေလှမ်းနှင့် အစ္စရေး၊ ဆော်ဒီတို့၏ ရွေးချယ်မှုများ

**သုခန**



အီရန်နိုင်ငံနှင့် အင်အားကြီးနိုင်ငံတို့၏ နျူကလီးယား သဘောတူညီချက်အရ အီရန်နိုင်ငံသည် နိုင်ငံတကာက ထိထိရောက်ရောက် ကြီးကြပ်မှုမရှိဘဲ နေရာအချို့တွင် နျူကလီးယားဗုံးတစ်လုံး ပြုလုပ်နိုင်ခွင့်ရရှိထားသည်။ မဖြစ်မနေ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုမှာ အီရန်နှင့် အမေရိကန်၊ ဥရောပနှင့် အစ္စရေးတို့အကြား အပြန်အလှန် နားလည်မှုရှိရှိဖြင့် နျူကလီးယား ဖျက်ဆီးမှု ပြုလုပ်ရမည်ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် အာရပ်နိုင်ငံများ၊ အထူးသဖြင့် ဆော်ဒီအာရေဗျနိုင်ငံက စစ်ဘက်တွင် နျူကလီးယား လက်နက်ရရှိရေးအတွက် ကြိုးပမ်းလာဖွယ်ရှိသည်။

တစ်ချိန်တည်းမှာပင် အီရန်နိုင်ငံသည် တရုတ်နှင့် ရုရှားတို့၏ အကူအညီဖြင့် သမားရိုးကျစစ်လက်နက်များကို အဆင့်မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ တဖြည်းဖြည်း ရုပ်သိမ်းသွားမည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများသည်လည်း အီရန်နိုင်ငံ၏ ဘဏ္ဍာငွေအင်အားကို ထပ်မံတောင့်တင်းခိုင်မာစေမည်ဖြစ်ပြီး အီရန်နိုင်ငံအနေဖြင့် ဈေးကွက်သစ်များရရှိလာကာ ဒေသတွင်း၌ အင်အားတောင့်တင်းလာစေမည်ဖြစ်သည်။

အီရန်နိုင်ငံသည် ၎င်း၏ စစ်ရေးနှင့် စီးပွားရေးဆိုင်ရာ မဟာဗျူဟာစွမ်းဆောင်မှုများကို စစ်ရေးနှင့် နိုင်ငံရေးကျူးကျော်မှုတို့တွင် တိုးမြှင့်အသုံးချသွားမည်လား သို့မဟုတ် အမေရိကန်တို့ မျှော်လင့်ထားသည့်အတိုင်း အီရန်ပြည်တွင်းနှင့် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့တွင် အသုံးချသွားမည်လားဆိုသည်မှာ သေရေးရှင်ရေးတမျှ အရေးကြီးသည့် မေးခွန်းဖြစ်သည်။ သေချာမှုတစ်ခုအဖြစ် မှတ်ယူနိုင်သည်မှာ ဘာသာရေးအယူဝါဒ တင်းကျပ်သော အီရန်နိုင်ငံသည် အနောက်တိုင်း၏ တုံ့ပြန်မှုကို ကြောက်ရွံ့သည့်အတွက် နျူကလီးယားဗုံးတစ်လုံး ရရှိသည်နှင့်တစ်ပြိုင်နက် ရန်သူတော် ဆွန်နီများ သို့မဟုတ် အစ္စရေးနိုင်ငံတို့အပေါ် အလျင်စလိုကြဲချလိမ့်မည်မဟုတ်ပေ။ အီရန်သည် အစ္စရေး၏ နျူကလီးယား ထိပ်ဖူးပါသည့် တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ခြိမ်းခြောက်နိုင်စွမ်းကို အထူးသတိထားနေရသည်။

အီရန်နိုင်ငံသည် ၎င်း၏စွမ်းအားသစ်ကို အရှေ့အလယ်ပိုင်းဒေသ မဟာဗျူဟာတွင် တိုးမြှင့်အသုံးချသွားနိုင်ခြေ ပိုများနေသည်။ အထူးသဖြင့် ရှီးယိုက်မဟာမိတ်များကို အင်အားတောင့်တင်းအောင် ပြုလုပ်သွားဖွယ်ရှိနေသည်။ တစ်နည်းအားဖြင့် ရှီးယိုက်များအုပ်စိုးသည့် အီရတ်၊ ဆီးရီးယားနိုင်ငံရှိ အယ်လာဝတီပြည်နယ်၊ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာများနှင့် ယီမင်နိုင်ငံရှိ ဟူသီများကို ရဲဆေးတင် အားဖြည့်ပေးရန်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်လျှင် ဆီးရီးယားနှင့် အီရတ်တွင် ခြိမ်းခြောက်နေသည့် အိုင်အက်စ်(အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး)တို့ကို တိုက်ခိုက်ရာတွင် ပိုမိုအရှိန်မြင့်လာမည်ဖြစ်သည်။ အီရန်နိုင်ငံက ဆွန်နီအစွန်းရောက်များကို ခုခံတိုက်ခိုက်နေသူများကို စစ်ရေးအကူအညီများ ပေးပို့နိုင်မည်ဖြစ်သည်။ ယင်းသို့ဆိုလျှင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်း၍ ဒေသတွင်းတည်ငြိမ်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

သို့သော် အီရန်နိုင်ငံအနေဖြင့် အီရတ်ရှိဆုံးရှုံးသွားသည့် ရှီးယိုက်နယ်မြေများကို ထိန်းချုပ် နိုင်စွမ်းမရှိ။ အထူးသဖြင့် ကာဘာလာ၊ နဂျက်ဖ်နှင့် ဘဂ္ဂဒက်တို့ရှိ မြင့်မြတ်သည့် ရှီယာနေရာများဖြစ်သည်။ ယင်းနေရာများသည် အီရန်နိုင်ငံရှိ ခမ်းနှင့်မစ်ရှားတို့ထက် ပိုမိုအရေးပါသည်။

အီရန်သည် ၎င်း၏စွမ်းအားသစ်များကို ဆွန်နီ-အာရပ်စည်းမျဉ်းဖြင့် အုပ်ချုပ်နေသော ရေနံကြွယ်ဝသည့် ဘာရိန်း(ရှီးယိုက် ၇၀ ရာခိုင်နှုန်း)၊ ကူဝိတ်(ရှီးယိုက် ၄၀ ရာခိုင်နှုန်း) ကဲ့သို့သော နိုင်ငံများရှိ ရှီးယိုက်အသိုင်းအဝိုင်းများ အင်အားကောင်းလာအောင် အသုံးချသွားဖွယ်ရှိသည်။ ရည်ရွယ်ချက်မှာ ရေရှည်တွင် အဆိုပါဒေသများရှိ ရေနံအရင်းအမြစ်ကို ထိန်းချုပ်သွားနိုင်ရန် ဖြစ်သည်။ ယင်းကြိုးပမ်းအားထုတ်မှုများကို တုံ့ပြန်မှုမပြုမည့်ဒေသတွင်း ဆွန်နီများသည့် နှစ်နိုင်ငံမှာ တူရကီနှင့် အီရတ်တို့ဖြစ်သည်။ တူရကီသည် အီရန်၏ နျူကလီးယားစွမ်းအင်နှင့် တုံ့ပြန်မှုကို စိုးရိမ်ရသကဲ့သို့ အီရန်ကို အဓိက ကုန်သွယ်ဖက်နိုင်ငံအဖြစ် မှီခိုအားထားနေရသည်။ထို့ကြောင့် အီရန်နှင့် ပြဿနာမဖြစ်လိုပေ။ အီဂျစ်သည် မကြာသေးမီက ဆော်ဒီနှင့် ဆက်ဆံရေးတိုးမြှင့်ခဲ့သော်လည်း အီရန်ကို ရုတ်တရက် ဆန့်ကျင်မှုပြုလုပ်လိမ့်မည်မဟုတ်ပေ။ အီဂျစ်သည် အိုင်အက်စ်တို့ကို တိုက်ခိုက်နေရသကဲ့သို့ အုပ်ချုပ်ရေးနှင့် စီးပွားရေး တည်ငြိမ်ကောင်းမွန်အောင် ကြိုးစားနေရသည်။

ထို့ကြောင့် ဆော်ဒီအတွက် ယုံကြည်စိတ်ချရသော မဟာမိတ်မှာ အီရန်နျူကလီးယားအရေးကို ကန့်ကွက်နေသည့် အစ္စရေးဖြစ်လာဖွယ်ရှိသည်။ ဆော်ဒီသည် အီရန် နျူကလီးယား အဆောက်အအုံများကို အစ္စရေးဗုံးကြဲလေယာဉ်များ တိုက်ခိုက်နိုင်ရေးအတွက် ၎င်းပိုင်နယ်မြေကိုခွင့်ပြုပေးမည်မှာ အသေအချာဖြစ်သည်။ သို့သော် ယင်းသို့ ထိုးစစ်ဆင်တိုက်ခိုက်ပါက အစ္စရေးကို နိုင်ငံတကာအသိုင်းအဝိုင်းက ကန့်ကွက်ကြမည်ဖြစ်သည်။ အစ္စရေး က အီရန်၏ နျူကလီးယားအဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်လျှင် အီရန်အနေဖြင့် နျူကလီးယားဗုံးတစ်လုံးပြုလုပ်ရန် အချိန်နှစ်နှစ်၊ သုံးနှစ်ခန့်ကြန့်ကြာသွားမည်ဖြစ်သော်လည်း အီရန်သည် နိုင်ငံတကာနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်မှုမရှိဘဲ နျူကလီးယားဗုံးရရှိအောင် ပြန်လည်ကြိုးစားမည်သာဖြစ်သည်။ အီရန်နှင့် ဟစ်ဇ်ဘိုလာတို့က အစ္စရေးကို တုံ့ပြန်တိုက်ခိုက်မည်ဖြစ်သည်။

> **ဆော်ဒီအတွက် ယုံကြည်စိတ်ချရသော မဟာမိတ်မှာ အီရန်နျူကလီးယားအရေးကို ကန့်ကွက်နေသည့် အစ္စရေးဖြစ်လာဖွယ်ရှိသည်။ ဆော်ဒီသည် အီရန် နျူကလီးယား အဆောက်အအုံများကို အစ္စရေးဗုံးကြဲလေယာဉ်များ တိုက်ခိုက်နိုင်ရေးအတွက် ၎င်းပိုင်နယ်မြေကိုခွင့်ပြုပေးမည်မှာ အသေအချာဖြစ်သည်။**

အစ္စရေးနှင့်ဆော်ဒီတို့အတွက် အသင့်တော်ဆုံးရွေးချယ်ရမည့်နည်းလမ်းမှာ ဒေသဆိုင်ရာ ဆွန်နီ-အစ္စရေး မဟာမိတ်ဖွဲ့စည်း၍ အီရန်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ လွှမ်းမိုးမှုများကို တားဆီးကာကွယ်ကာ ယုံကြည်အားထားရလောက်သည့် စစ်ဘက်ဆိုင်ရာ အဟန့်အတား တစ်ခုတည်ဆောက်ထားမည်ဖြစ်သည်။ သို့သော် အဓိက အခက်အခဲမှာ ပါလက်စတိုင်း ပြဿနာဖြစ်သည်။ ၂၀၀၂ ခုနှစ်က ဆော်ဒီဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အာရပ်နှင့် မွတ်စလင်နိုင်ငံများအားလုံးက ထောက်ခံခဲ့သည်။ အစ္စရေးအနေဖြင့် အီရန်နှင့် အပေါင်းအပါများ၏ နျူကလီးယားဖြင့် တိုက်ခိုက်မှုကို ရင်ဆိုင်နိုင်ရန် မွတ်စလင်-ဆွန်နီ အသိုင်းအဝိုင်းနှင့် ပူးပေါင်းသည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ဖွယ်ရှိသည်။

ပင်လယ်ကွေ့နိုင်ငံများတွင် အီရန်၏လွှမ်းမိုးမှု ကျဆင်းလာလျှင် ဆီးရီးယားတွင်ရှိသည့် ဆွန်နီအတိုက်အခံများကို ကူညီနိုင်မည်ဖြစ်သည်။ လက်ဘနွန်တွင် ရှီးယိုက်ဟစ်ဇ်ဘိုလာများကို ဆန့်ကျင်နေသည့် ဆွန်နီနှင့် ခရစ်ယာန်တပ်ဖွဲ့များသည်လည်း အင်အားကောင်းလာမည်ဖြစ်သည်။ နောက်ဆုံးတွင် ဆွန်နီမဟာမိတ်သစ်များ အထူးသဖြင့် တူရကီနှင့်ကာတာတို့က ဟားမားစ်တို့အနေဖြင့် အီရန်ကို စွန့်ခွာသွားအောင် တွန်းအားပေးနိုင်ပြီး အစ္စရေးနှင့် နားလည်မှုရရှိထားသည့် ပီအယ်လ်အိုနှင့် ပူးပေါင်းစေနိုင်မည်ဖြစ်သည်။ ။

**Ref; Iran's next step and the Israeli-Suadi options**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ကျူးဘားသို့သွားမည်

**ဝါရှင်တန် ဇူလိုင် ၂၁**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဆယ်စုနှစ်ငါးခုကျော်ကြာ သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့ပြီးနောက် နှစ်နိုင်ငံသံရုံးများ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် ဟာဗားနားရှိ အမေရိကန်ရုံး၌ အမေရိကန်တို့၏အကျိုးစီးပွားကို ဆောင်ရွက်ရန် ဩဂုတ် ၁၄ ရက်တွင် ကျူးဘားနိုင်ငံသို့ သွားရောက်လည်ပတ်လိမ့်မည်ဖြစ်ကြောင်း ပီတီအိုင်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကယ်ရီနှင့်ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီကွတ်ဇ်နှင့် ဂျွန်ကယ်ရီတို့သည် ယမန်နေ့က အမေရိကန်သံရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြ ကြောင်း၊ အဆိုပါအစည်းအဝေးအပြီး ဂျွန်ကယ်ရီက နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားသည်။

“ကျွန်တော်တို့အဓိကရည်မှန်းချက်က အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး ကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်သွားဖို့ပါပဲ။ အမေရိကန်နဲ့ ကျူးဘားနိုင်ငံသားတွေရဲ့ အနာဂတ်မျှော်လင့်ချက်တွေကို ဖော်ဆောင်ပေးနိုင်ဖို့ပါပဲ” ဟု ဂျွန်ကယ်ရီက ရိုဒရီကွတ်ဇ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီးသည် ၁၉၅၈ ခုနှစ်နောက်ပိုင်း နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေဖြင့် အမေရိကန်သို့ ပထမဆုံးလာရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ယင်းနေ့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးပြန်လည်စတင်နိုင်ခဲ့သောနေ့လည်း ဖြစ်သည်ဟု ဆိုသည်။ ထိုအတောအတွင်း အိမ်ဖြူတော်က ဟာဗားနားရှိ အမေရိကန်သံရုံးနှင့် ဝါရှင်တန်ရှိ ကျူးဘားသံရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို ကြိုဆိုခဲ့သည်။ **(ပီတီအိုင်)**

## အငြင်းပွား ကျွန်းငယ်သို့ ရုရှားဝန်ကြီးသွားရောက်မှု ဂျပန်ကန့်ကွက်

**တိုကျို ဇူလိုင် ၂၁**

ဂျပန်နိုင်ငံက ရုရှားကျန်းမာရေးဝန်ကြီး ကာလရှည်ကြာအငြင်းပွားနေသည့် ကျွန်းငယ်တစ်ခုသို့ မကြာသေးမီက သွားရောက်လည်ပတ်ခဲ့မှုအတွက် ရုရှားအာဏာပိုင်များကို ကန့်ကွက်ကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်း ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင်ပြောခဲ့သည်။ အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှိယိုက်ဆူဂါက ရုရှားဝန်ကြီးဘရိုနီကာစကော့ဆိုဗာ စနေနေ့တွင်သွားရောက်ခဲ့သော ရှီကိုတန်ကျွန်းစုခရီးစဉ်ကို အပြင်းအထန်ရှုတ်ချကြောင်း၊ နယ်မြေပိုင်ဆိုင်မှုပြဿနာတွင်ဂျပန်နိုင်ငံ၏ရပ်တည်မှုကို အလေးမထားသည့်အတွက်လက်ခံဖွယ်မရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒိုက ရုရှားအာဏာပိုင်များအနေဖြင့် ဟော်ကိုင်းဒိုးကျွန်းမှ ငါးဖမ်းရန်သဘာတူညီမှုကို ဖောက်ဖျက်၍ ဆော်လမွန်ငါးများနှင့် ငါးသေတ္တာငါးများဖမ်းဆီးသည့်သင်္ဘောကို သောကြာနေ့က ဖမ်းဆီးမှုကို ဝေဖန်ပြောဆိုခဲ့သည်။ ထို့ပြင် အငြင်းပွားနေသည့် ကျွန်းများအနီး အဆိုပါသင်္ဘောကို ဖမ်းဆီးခြင်းမှာ လက်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။ **(ကျိုဒို)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးထွန်းနေလင်းအား ကိုလံဘီယာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီး ဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုလံဘီယာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

## ဆောမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းသဖြင့် မိုးစပါးအတွက် စိုက်ပျိုးရေများရရှိ

**ဆော ဇူလိုင် ၂၁**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းမှစ၍ မိုးများ အဆက်မပြတ် ရွာသွန်းနေပြီဖြစ်သည့်အတွက် လယ်မြေများတွင် ရေများရရှိနေပြီဖြစ်ကာ လယ်မြေများ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

ဆောမြို့နယ်တွင် မိုးစပါးလျာထား ဧက ၁၈၇၅၂ ဧကရှိ၍ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကာ အခြားမိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိနေကြောင်း သိရသည်။

**(၁၀၁)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူ ၈၂ ဦး တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးဖြစ်ကြောင်း၊ ယခင် ညှိနှိုင်းအစည်းအဝေးများတွင် ရွေးကောက်ပွဲအတွက် ရလဒ်ကောင်းများရရှိခဲ့ပြီး ယခုလည်း ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိမည်ဟု မျှော်လင့်ပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် နေ့ရက်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းစိစစ်ပြီးက အတည်ပြုကြေညာမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးနိုင်မည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးခြင်းကို ရက်ပေါင်း(၆၀) ခွင့်ပြုပေးမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများ ကျင့်ဝတ်နှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကာလ တည်ငြိမ်အေးချမ်းရေးသည် အဓိကကျပြီး မိမိတို့ပါတီအား ထောက်ခံအားပေးကြသည့် ပြည်သူလူထုကို ပဋိပက္ခမဖြစ်အောင် ထိန်းသိမ်းဆော်သြကြရန် လိုကြောင်း၊ ရွေးကောက်ပွဲ ဥပဒေအခန်း (၁၃) နှင့် အခန်း (၁၄)ပါ ပြစ်မှုများနှင့် အငြင်းပွားမှုများမဖြစ်စေရန် အလေးထားဆောင်ရွက်စေလိုကြောင်း။

ကော်မရှင်အနေဖြင့် မဲစာရင်း မှန်ကန်ရေး ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲစာရင်းကြေညာသည့်အခါ ယခင် (၇) ရက်အစား (၁၄)ရက်ကပ်ထား ကြေညာရန် နည်းဥပဒေတွင် ပြင်ဆင်ထားကြောင်း၊ မဲစာရင်းတွင် အမည်ပါမှသာ ဆန္ဒမဲပေးနိုင်မည်ဖြစ်၍ အရေးကြီးကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည့်သူများလည်း မဲစာရင်းတွင်ပါမှသာ ရွေးကောက်ခံပိုင်ခွင့်ရှိကြောင်း၊ မဲစာရင်းများယွင်းမှုရှိသော်လည်း မဲပေးပိုင်ခွင့်ဆုံးရှုံးမည်မဟုတ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိအောင် နိုင်ငံရေးပါတီများအနေဖြင့် အသိပညာပေး ဆောင်ရွက်ကြစေလိုကြောင်း၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကာလ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။




၎င်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံမဲစာရင်း ကြေညာသည့်လုပ်ငန်းစဉ်မှ ရရှိသည့် သင်ခန်းစာများနှင့် တစ်နိုင်ငံလုံး မဲစာရင်းကြေညာမည့် လုပ်ငန်းစဉ်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မေးမြန်းမှုများကို ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ်ကို လက်မှတ်ရေးထိုးရန်ကျန်ရှိသော နိုင်ငံရေးပါတီများအနက် (၁၃)ပါတီမှ လက်မှတ်ရေးထိုးကြသည်။ ယခင် (၆၉)ပါတီ လက်မှတ် ရေးထိုးခဲ့ကြပြီးဖြစ်၍ စုစုပေါင်း(၈၂)ပါတီ ရှိပြီဖြစ်သည်။ ကျန်ရှိသော ပါတီများအနေဖြင့် နောင်ဆွေးနွေးပွဲများတွင် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီ အဆင့်ဆင့်၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်၊ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေထုတ်ဖော်ကြေညာခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်များဆိုင်ရာတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး မေးမြန်းချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားကာ အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ်းပါးပြို၍ ဘေးလွတ်ရာသို့ရွှေ့ပြောင်းထားသူများအား ကူညီထောက်ပံ့မှုများပေးအပ်

**စဉ့်ကူး ဇူလိုင် ၂၁**

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် စဉ့်ကူးမြို့နယ် ဟသ်ာမကျေးရွာအုပ်စု ဟသ်ာမရွာနှင့် ကြက်တူရွေးကျေးရွာတို့တွင် ကမ်းပါးပြိုမှုများဖြစ်ပွားခဲ့ရာ လူနေအိမ် ၄၃ လုံး၊ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၁၁၄ ဦး၊ စုစုပေါင်း ၂၀၁ ဦးတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိခဲ့သည်။

အဆိုပါ ကျေးရွာများသို့ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ သွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထို့ပြင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရေကာင်းများချထားခြင်းနှင့် ရေစီးနှုန်း လျော့ကျစေပြီး ကမ်းပါးပြိုမှုကို သက်သာစေမည့် နည်းလမ်းများဖြင့် ကာကွယ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၇-၂၀၁၅ ရက်ထုတ် စာမျက်နှာ ၆ ပါ အခွန်ထမ်းတာဝန်ကျေပွန်ကြပါစို့ ဆောင်းပါး၏ ကော်လံ ၃ ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၉၈)တွင် အစား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၉)တွင်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မောင်သော်ဇ(အုပ်ချုပ်ရေး)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်ရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ခေတ္တဆိုင်းငံ့ထားရန် ကိစ္စနှင့် စပ်လျဉ်း၍ ကြိုတင်အသိပေး ဆွေးနွေးအဆုံးအဖြတ်ရယူမည်

နေပြည်တော် ဇူလိုင် ၂၁

**ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၇၃ ရက်မြောက်နေ့တွင်** ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့သည့် အကြောင်းကြားစာနှင့်စပ်လျဉ်း၍ **လွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်သို့ ရှင်းလင်းပြောကြားခဲ့သည်။**



အကြောင်းကြားစာတွင် ယခုနှစ် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မျက်မှောက်ခေတ်ကာလအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပမည့် ရွေးကောက်ပွဲ ဖြစ်သည့်အတွက် နိုင်ငံတကာနှင့် ပြည်သူလူထု၏ အမြင်တွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းမွန်စေရေးအတွက် ပြည်သူလူထု၏ဆန္ဒနှင့်အညီ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး ဥပဒေ၊ နည်းဥပဒေများ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပသည့် ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊

ဖော်ပြပါအထွေထွေရွေးကောက်ပွဲနှင့်အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပူးတွဲကျင်းပခြင်းဖြင့် အချိန် လုပ်အားနှင့် ဘဏ္ဍာငွေကုန်ကျမှုများ သက်သာမှုရှိစေမည်ဟု ဆိုနိုင်သော်လည်း သီးခြားဆောင်ရွက်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါသဖြင့် လိုအပ်သည့် အထောက်အကူပြုအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျပ်သန်းပေါင်း ၄၇၂၉ ဒသမ ၀၄၃ သန်း အနည်းဆုံးလိုအပ်ပါကြောင်း၊ သို့ပါ၍ နောက်တွင် ပေါ်ပေါက်လာနိုင်သည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာများနှင့်အတူ ဆန္ဒခံယူပွဲပြုလုပ်ပါက ပိုမိုသင့်လျော်မည်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်ရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ခေတ္တဆိုင်းငံ့ထားသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း ဖြင့် ပါရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်ရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ခေတ္တဆိုင်းငံ့ထားရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ကြိုတင်အသိပေး ဆွေးနွေးအဆုံးအဖြတ်ရယူသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် ပထမ(၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး စာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍** သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်း ဆွေးနွေးကြသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ**က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ လည်ပတ်ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်သည့် ငွေကြေးတစ်ရပ်ဖြစ်ခြင်း၊ ရန်ပုံငွေကို ကျေးရွာလူထုမှ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း၊ အတိုးနှုန်းသတ်မှတ်နိုင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အများသဘောတူညီချက်ဖြင့် သုံးစွဲနိုင်ခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ အတိုးပေးသွင်းရမည့်ကာလကိုသတ်မှတ်နိုင်ခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှုကို လျှော့ချလာနိုင်ခြင်း၊ ကျေးရွာအဆင့်တွင် ဒီမိုကရေစီနည်းလမ်းကျကျဆောင်ရွက်နိုင်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရခြင်း၊ ကျား၊ မ တန်းတူညီမျှ ပါဝင်သော အလေ့အကျင့်ပျိုးထောင်ပေးခြင်း၊ ကျေးရွာလူထုနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ ဖော်ဆောင်ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စသည့်ဝိသေသလက္ခဏာများနှင့် ပြည့်စုံသည့်အပြင် ကျေးရွာသူရွာသားများအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သဖြင့် မြစိမ်းရောင်စီမံကိန်းအား ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်**က ကြွေးကျန်များနှင့်ပတ်သက်၍ နိုင်ငံတော်မှ များစွာနစ်နာလျက်ရှိသောကြောင့် အမြန်ဆုံးပြီးပြတ်စေရန် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ချက်အပေါ် စက်မှုဝန်ကြီးဌာနမှ ငှားရမ်းလုပ်ကိုင်နေသည့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ဖိုးကြွေးကျန် ဖြစ်ပေါ်နေသော စက်ရုံငါးရုံအနက် စက်ရုံနှစ်ရုံမှာ ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ပြီး ကျန်သုံးရုံအား ကြွေးကျန်သဘာဝဓာတ်ငွေ့တန်ဖိုးများ ပေးသွင်းနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြီးပြတ်စေရန် စာချုပ်ပါစည်းကမ်းများအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်**က ပုံသေမြေငှားရမ်းခများ ပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီကိုးခုရှိပါကြောင်း၊ လုပ်ထုံး လုပ်နည်းများနှင့် အညီ တောင်းခံရရှိရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများမှ ရရန်ကျန်ရှိသည့် ရွှေ ၂၆၁၁ ဒသမ ၇၅ ကျပ်သားကို တောင်းခံရရှိရေး နည်းလမ်းလေးသွယ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုက် ၆၁၇၃၀ ဒသမ ၁၃ မက်ထရစ်တန်ကျန်ရှိပြီး ၁၅၂၇ ဒသမ ၇၅ မက်ထရစ်တန် ရောင်းချနိုင်ခဲ့ပါကြောင်း၊ ၎င်းအပေါ် ဓာတ်သတ္တုခွန် နှင့် ထုတ်လုပ်မှု အချိုးကျပ် ၁၂၀ ဒသမ ၁၉ သန်းရရှိခဲ့ပြီး ၆၀၂၀၂ ဒသမ ၃၈ မက်ထရစ်တန် ကျန်ရှိပါကြောင်း၊ လက်ကျန် မက်ထရစ်တန်များ ဆက်လက်ရောင်းချနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၅)ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ပါတီအချင်းချင်း၊ ကိုယ်စားလှယ်အချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း ထိခိုက်နိုင်သည့် အချက်များ ဖြစ်ပေါ်လာနိုင်သည့် အတွက်ကို အလေးအနက်ထား စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပါတီများ အကြား အချင်းချင်း မကြာခဏ တိုင်ကြားမှုများ ပေါ်ပေါက်လာနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်နိုင်သည့်အတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို လွှတ်တော်အတွင်း၌ အကျေအလည် ဆွေးနွေးပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်းက မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပရန် နီးကပ်နေပြီဖြစ်ပါကြောင်း၊ လွှတ်တော်လက်ကျန်သက်တမ်းအတွင်း ပြဋ္ဌာန်းမည်ဆိုပါက ရွေးကောက်ပွဲကျင်းပရန် ရွှေ့ဆိုင်းသွားနိုင်မည်ဟု ပြည်သူများက စိုးရိမ်နေကြပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ရန်ရှိသည့်အတွက် ယခုဥပဒေကို မဆောင်ရွက်သင့်သေးပါကြောင်း၊ လာမည့်ရွေးကောက်ပွဲကျင်းပပြီးစီးချိန်မှသာ ဆက်လက်ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက ယခုဥပဒေကြမ်းသည် ပါတီအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း အားပြိုင်မှုများ ရှိလာနိုင်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်နိုင်ပါကြောင်း၊ ကြားဖြတ် ရွေးကောက်ပွဲများ ကျင်းပရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးပြီး ပြည်သူများလည်း အလုပ်ပိုမိုရှုပ်ထွေးနိုင်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုများ ရှိလာနိုင်သည့်အတွက် မူလအတိုင်းသာ ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားစုစုပေါင်း ၇၀၉၀၄ ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထဲရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ ဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များ ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးတို့အတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးအကျဉ်းသားဟူသည့် စကားရပ်အပေါ် ဥပဒေအရ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား ပြစ်ဒဏ်ဆိုင်းငံ့လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့ပြီး အကျဉ်းသား စုစုပေါင်း ၇၀၉၀၄ ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# တပ်မြေသိမ်းဆည်းစဉ်ပါဝင်ခဲ့သော ယာမြေနှင့်ဥယျာဉ်ခြံမြေ ၁၈ ဒသမ ၈၆ ဧကကို မူလပိုင်ရှင်ရှစ်ဦးထံ လျော်ကြေးများပေးလျော်ခဲ့

**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးရက် ၇၀ မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မေးခွန်းများ မေးမြန်းရာတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တောင်သူသုံးဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့တည်ဆောက်ရေး စီမံကိန်းအတွက် မြေယာများ သိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံရသော်လည်း ယနေ့ထိတိုင် တောင်သူများ လက်ရောက်ပိုင်ဆိုင်ခွင့်မရှိခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

ဦးစိုင်းစံမင်း၏ မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က အမှတ်(၄၁) ခြေလျင်တပ်ရင်း တပ်မြေသိမ်းဆည်းစဉ် ပါဝင်ခဲ့သော ယာမြေ ၁၈ ဒသမ ၃၆ ဧကနှင့် ဥယျာဉ်ခြံမြေ ၀ ဒသမ ၅၀ ဧက စုစုပေါင်း ၁၈ ဒသမ ၈၆ ဧကမှ ဦးပိုင်ပေါက် မူလပိုင်ရှင် ရှစ်ဦးအား မြေလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ပေးလျော်ခဲ့ပြီးဖြစ်သော်လည်း တပ်ရင်းများ၏ လုံခြုံရေးနှင့် လွတ်ကင်းမှုရှိပါသဖြင့် ပြန်လည်

*စာမျက်နှာ ၉ သို့*

* ရှေ့မှ

ထိုသို့ တွေ့ဆုံစဉ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အတွင်း ရေကြီးရေလျှံမှုအခြေအနေများနှင့် မြို့နယ်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်တမံများ၌ ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေးနှင့် သဘာဝဘေး ကာကွယ်တားဆီးရေး အစီအမံများဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို တားဆီး၍မရသော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါကြောင်း။

မိမိတို့အစိုးရတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများ ရှိပြီးဖြစ်ပါကြောင်း၊ သဘာဝဘေး ကြုံတွေ့လာပါက ရှေးဦးစွာ အသက်ရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက် လိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းများခွဲခြားပြီး ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ကန့်ဘလူမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်တွင်လည်း သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက စာနာစိတ်၊ ညှာတာစိတ်၊ ကူညီလိုစိတ်များဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာရွှေစည်ကြီး စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးအတွက် အသုံးစရိတ်များကို ပိုမို တိုးမြှင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် မိမိတို့နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ဆရာ၊ ဆရာမများအနေဖြင့် ရောဂါပျောက်ကင်းအောင် ကုသပေးသည့်အပြင် ကျေးရွာများသို့ ကိုယ်တိုင်သွားရောက်၍ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအသိပညာ ဗဟုသုတ တိုးပွားလာစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကလေးကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် ကလေးငယ်များအား ကြည့်ရှုပြီး အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ရဟတ်ယာဉ်များဖြင့် ဝန်းသိုမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ကောလင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ကောလင်းမြို့ ဒက္ခိဏာရာမ အလယ်ကျောင်းတိုက်ရှိ သာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဆိုပါကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည့် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ပျက်စီးသွားသည့်လယ်များအတွက် မျိုးစေ့၊ ထွန်ယက်စိုက်ပျိုးစရိတ်များ၊ ရေနစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ၁၆ ကျောင်းအတွက် လိုအပ်သည့် ဖတ်စာအုပ်နှင့် စာရေးကိရိယာများ၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အစီအမံများနှင့် အခြား လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်အောင် စာရင်းကောက်ယူသွားရန်နှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပ်မတော်တို့က ပေါင်းစပ်ညှိနှိုင်းပြီး အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ၎င်းမှတစ်ဆင့် ကောလင်းမြို့နှင့် ဝန်းသိုမြို့များအတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန့်ဘလူမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

**ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်အောင် စာရင်းကောက်ယူသွားရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပ်မတော်တို့က ပေါင်းစပ်ညှိနှိုင်းပြီး အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

# အားပေး စကားပြောကြား

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်း မြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားစဉ်။**

သတင်း-စာ (၈)
(သတင်းစဉ်)



*ပြည်သူ့လွှတ်တော်မှ*

အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအနက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူများကို နိုင်ငံရေးအကျဉ်းသားဟု အမည်တပ်၍ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့မှ တောင်းဆိုမှုကြောင့် အကျဉ်းသားများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကော်မတီ၏ စိစစ်တင်ပြချက်အရ နိုင်ငံတော်အစိုးရကို ဆန့်ကျင်သော ပြစ်မှုများကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူ အကျဉ်းသား စုစုပေါင်း ၃၅၄ ဦးကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တို့တွင် ထည့်သွင်း၍ လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့အထိ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေတွင် ပြစ်မှုအမျိုးအစားအလိုက် အခန်းများခွဲ၍ ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပြစ်မှုများဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်တွင် ကိုင်တွယ် ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေအရပ်ရပ်တွင် နိုင်ငံရေးအကျဉ်းသားဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

တည်ဆဲဥပဒေများကို ဖောက်



**ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။**

ဖျက်ကျူးလွန်၍ အကျဉ်းထောင် အသီးသီးတွင် ချုပ်နှောင်ထားသော အကျဉ်းသားများအနက်မှ အချို့ကို နိုင်ငံရေး အကျဉ်းသားများအဖြစ် ခွဲခြားသတ်မှတ်၍ ထူးခြားသောအခွင့်အရေးများပေးပါက အကျဉ်းထောင်အတွင်း အခွင့်ထူးခံအကျဉ်းသား တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး အကျဉ်းထောင်အတွင်း အုပ်စုလိုက် ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်၊ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် အကျဉ်းသားများအား အဆင့်အတန်း ခွဲခြားသည့်စနစ်ကို ပြန်လည်ဖော်ဆောင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲဆန့်ကျင်နေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် တည်ဆဲဥပဒေများအား ဖောက်ဖျက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အားလုံးပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူ ညီမျှ အခွင့်အရေးရရှိစေရန်နှင့် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးနိုင်ရန်အတွက် နိုင်ငံရေး အကျဉ်းသားဟူသည့် စကားရပ်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုရန် မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး မဟာဗျူဟာတွင် ကျောက်ခင်းလမ်းနှင့် အမာခံတံတားများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ



**မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် မေးမြန်းစဉ်။**

ဝန်ကြီး ဦးစိုးတင့်က အဆိုပါလမ်းသည် မိုင် ၃၃၀ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၉၆၀ သန်းဖြင့် လမ်းတာဘောင်တင်ခြင်း၊ ချဲ့ခြင်း၊ လျှောစောက်နှိမ့်ချခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ကွန်ကရစ် လမ်းခင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပေါ်ရှိ ယာယီတံတားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၁၇ သန်း၊ တိုင်းဒေသကြီး ရန်ပုံငွေကျပ် သန်း ၃၅၂၀ ဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ပေ ၅၀ အောက်တံတား အစင်း ၄၀၊ ပေ ၅၀ နှင့် ပေ ၁၀၀ အကြားတံတား သုံးစင်းနှင့် ပေ ၁၈၀ နှင့် အထက် တံတား ခြောက်စင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပေ ၅၀ အောက် သစ်သားကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း ၃၀ စင်း၊ ကွန်ကရစ်ရေကျော် တစ်စင်း တည်ဆောက်ခြင်းနှင့် တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်း သုံးစင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းကို မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နှစ်ရှည်စီမံကိန်းသတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ သစ်သားတံတားများကိုလည်း နှစ်စဉ်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်တံတားများအဖြစ် ဆက်လက်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက **ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း**ကို လွှတ်တော်သို့တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားသုံးငွေ **စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်**က အကျဉ်းသားများအတွက် ဥပဒေအကာအကွယ် ရရှိစေရန် တိကျသောဥပဒေများ ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ အကျဉ်းသားများအတွက် စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီစဉ်ဆောင်ရွက်ရာတွင် အခြေခံဥပဒေက ခွင့်ပြုသည့် ဘာသာများ၏ ဝတ်ပြုနည်းများကို အကန့်အသတ်စည်းမျဉ်းစည်းကမ်းများဖြင့် ဝတ်ပြုကိုးကွယ်ခွင့်ပေးသင့်ပါကြောင်း။

ထို့ပြင် အကျဉ်းသားများ



**ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ညွန့် ဖြေကြားစဉ်။**

အိပ်ရာဝင်၊ အိပ်ရာထသည့် အချိန်များတွင် ဘုရားရှိခိုးသည့်အခါ မိမိကိုးကွယ်သည့် ဘာသာ၊ ထုံးတမ်းစဉ်လာအတိုင်း ဆုတောင်းဝတ်ပြု



**ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) စိုင်းစံမင်း မေးမြန်းစဉ်။**

ခွင့်ရရှိစေလိုပါကြောင်း၊ ထို့ပြင် အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်၍ ဆေးဝါးအလုံအလောက်ထားရှိပြီး လိုအပ်ပါက အထူးကုဆရာဝန်များဖြင့် ကုသခွင့်ရရှိစေလိုပါကြောင်း၊ ခြင်ကိုက်ခြင်းသည် အကျဉ်းသားများအတွက် ဒုက္ခပေးသည့် အချက်တစ်ချက်ဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသမှုထက် ကြိုတင်ကာကွယ်မှုအဖြစ် ခြင်ထောင်များ ထုတ်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၄)မှ ဦးအောင်ကြည်ညွန့်**က နိုင်ငံရေး အကျဉ်းသားများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုပါကြောင်း၊ ကိုလိုနီခေတ်ကတည်းကပင် နိုင်ငံရေးအကျဉ်းသားဟု ရှိခဲ့ပါကြောင်း၊ ပါလီမန်ခေတ်အထိလည်း ရှိခဲ့ပါကြောင်း၊ လက်ရှိအစိုးရလက်ထက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားထိုက်သင့်သည့်၊ ရရှိသင့်သည့် ကာကွယ်စောင့်ရှောက်မှုမျိုးကို ယခုဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ယခုပြင်ဆင်သည့် ဥပဒေတွင် ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

## ရာသီဥတုသာယာ၍ ပြည်သူများလုပ်ငန်းခွင်ပုံမှန် လည်ပတ်လျက်ရှိ

**ကသာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်ထိ ရွာသွန်းခဲ့သော မိုးကြောင့် ရထားလမ်းများ ယာယီရပ်တန့်ခဲ့ရသည်။

ယခုအခါ ဇူလိုင် ၂၀ ရက်မှ စတင်၍ ရာသီဥတုပွင့်လင်းသာယာသည့်အတွက် ခရီးသွားပြည်သူများ၊ အလုပ်သမား၊ လယ်သမားများနှင့်စျေးသည်များသည် မိမိတို့၏ လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# ပိဋကသုံးပုံပါဠိတော်၊ မြန်မာပြန်၊ အင်္ဂလိပ်ဘာသာပြန်များ၊ ဗုဒ္ဓဝင်ကျမ်းများ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေများနှင့် ဗုဒ္ဓစာပေမျိုးစုံတို့ကို e – book အဖြစ် ပြုစုပြောင်းလဲ၊ သာသနာရေးဝန်ကြီးဌာန၏ e- library ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ပုဂံခေတ်မှစ၍ ယနေ့ကာလတိုင်အောင် ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများ၊ ပရိယတ္တိ ဂုဏ်ဆောင် သာသနာပြုဉပါသကာကြီးများ၏ ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ ပိဋကသုံးပုံ မြန်မာပြန်၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်၊ တိပိဋက ပါဠိ - မြန်မာ အဘိဓာန်၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ သာသနာဝင်ကျမ်းများ၊ ဓမ္မပဒဝတ္ထုတော်များ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေစာအုပ်များနှင့် ဗုဒ္ဓစာပေမျိုးစုံတို့ကို e –book အဖြစ် ပြုစုပြောင်းလဲခဲ့ရာ စာအုပ်ပေါင်း ၁၀၀၀ ကျော်၊ စာမျက်နှာပေါင်း ၃၈၀၀၀၀ ကျော် ပြီးစီးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောကြားခဲ့သည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် မဟာဓမ္မပါလအသင်း၏ ကူညီလှူဒါန်းမှုဖြင့် e – library ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ပြည်ပ သာသနာပြုဌာနခွဲ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ မဟာဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးပြုံးမောင်မောင်တို့က e- library အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာနာကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာပါဠိတော်များကို ပဌမသင်္ဂါယနာ၊ ဆဋ္ဌသင်္ဂါယနာတို့ကို အနက်အားဖြင့် ဖြစ်စေ၊ သဒ္ဒါအားဖြင့်ဖြစ်စေ အပိုအလိုမရှိ နှစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်တို့ကို မှတ်တမ်းအဖြစ် အရှည်ခန့် တည်တံ့စေရန် မွန်မြတ်သောရည်ရွယ်ချက်ဖြင့်



မဟာဓမ္မပါလအသင်းနှင့် သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ယနေ့ Website တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် ထိရောက်သောအကျိုးတရားများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိကြောင်း။

အလှူဒါနအားလုံးတို့တွင် တရားတည်းဟူသော အလှူက အလွန်မွန်မြတ်လှသော ဓမ္မဒါနကုသိုလ်ထူးကြီး ဖြစ်ပါကြောင်း၊ ပရိယတ္တိလေ့လာမှုမှသည် ပဋိပတ္တိကျင့်စဉ်သို့၊ ပဋိပတ္တိကျင့်စဉ်မှသည် ပဋိဝေဓအေသိသို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ချမ်းသာကို မွန်မြတ်သော ပတ္ထနာ အာသီသဖြင့် လျင်မြန်စွာ ရောက်ရှိပါစေကြောင်း တင်ပြလျှောက်ထားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) စာကြည့်တိုက်များရှိ တန်ဖိုးမဖြတ်နိုင်သော မြန်မာ-အင်္ဂလိပ်စာအုပ်များကိုလည်း e- book အဖြစ် ပြုစုသွားမည်ဖြစ်ကာ နိုင်ငံအတွင်း ထင်ရှားကျော်ကြားသော တရားဟောဓမ္မကထိက ဆရာတော်ကြီးများ၏ ရုပ်သံဖိုင်တရားတော်များကိုလည်း ယခု Website မှ ထုတ်လွှင့်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် www.KBRL.gov.mm ဖြင့် ထုတ်လွှင့်မည်ဖြစ်၍ online မှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များအားလုံး ကမ္ဘာအရပ်ရပ်တွင် ရောက်ရှိနေရာမှ လွယ်ကူလျင်မြန်စွာ ဖတ်ရှုလေ့လာ Download ရယူနိုင်တော့မည်ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ-အင်္ဂလိပ်စာအုပ်များ၊ ပါဠိ-အင်္ဂလိပ်ဘာသာပြန်ကျမ်းများကိုလည်း ယခု Website မှတစ်ဆင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မဟာဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက e- library ဖြစ်မြောက်ရေးအတွက် လှူဒါန်းမှုအစုစုနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို လျှောက်ထားရာတွင် နောင်တွင် ဗုဒ္ဓတက္ကသိုလ်များနှင့် မန္တလေး၊ မကွေး၊ စစ်ကိုင်း စသည့် စာသင်သား သံဃာတော်အများအပြားရှိရာ နေရာများကို ဦးစားပေးပြီး e- library ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍ သင့်လျော်သောနေရာများတွင် e-library ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ ရွှေသုဝဏ်ဆရာတော်ကြီးလှူဒါန်းသော ဆဋ္ဌသင်္ဂါယနာမူအတိုင်း ကွန်ပျူတာရိုက်နှိပ်လျက်ရှိသည့် ပိဋကတ်သုံးပုံ စာအုပ် ၄၀ အနက် ပထမဆုံးပြီးစီးသည့် စာအုပ်များကို ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မဟာဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဦးပြုံးမောင်မောင်တို့က ဆရာတော်သံဃာတော်များအတွက် လှူဒါန်းသော ဗုဒ္ဓစာပေဖိုင်များ ထည့်သွင်းထားသည့် e – tablet အလုံး ၂၀၀ ကို ဆရာတော်များထံ လက်ရောက် ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့မှ ပါမောက္ခချုပ်၊ သင်ကြားစီမံဆရာတော်များ၊ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဟာဓမ္မပါလအသင်းမှ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗုဒ္ဓစာပေများနှင့် တရားတော်အသံဖိုင်များကို www.KBRL.gov.mm Website တွင် ယနေ့မှစတင်၍ ဖတ်ရှုလေ့လာနာယူနိုင်ပြီဖြစ်ကြောင်းနှင့် ကမ္ဘာအေးသုတေသနစာကြည့်တိုက်တွင်လည်း e- library ၌ ကွန်ပျူတာ အလုံး ၂၀ တပ်ဆင်ထားရှိပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ်(၂၃)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကြေညာချက်

***ယမန်နေ့မှ အဆက်***

အုပ်စု(၉)ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)(ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (၁) ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (၂)ပါး၊ တစ်ကျမ်းအောင် (၃) ပါးတို့ ဖြစ်ကြပါသည်။

ဝိနည်းအဋ္ဌကထာသုံးကျမ်းအောင် (၁)ပါးမှာ အောက်ပါအတိုင်းဖြစ်သည်။

ခုံအမှတ်၊ မင်္ဂလာ-၁၊ ဦးခေမိဿရ၊ အသက်(၂၈ နှစ်) အဖ-ဦးစက်ထွေး၊ တိပိဋက မဟာဂန္ဓာရုံကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၃)ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

ဒီဃနိကာယ်အဋ္ဌကထာ သုံးကျမ်းအောင် (၃) ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ခုံအမှတ်၊ စက-၁၊ ဦးပညောဘာသာလင်္ကာရ၊ အသက်(၃၂ နှစ်)၊ အဖ- ဦးသန်းထွန်း၊ တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ခ) ခုံအမှတ်၊ စက-၂၊ ဦးဩဘာသဓဇ၊ အသက် (၂၉ နှစ်)၊ အဖ- ဦးတင်လှ၊ ရွှေဟင်္သာတိုက်သစ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ဂ) ခုံအမှတ်၊ ပခ-၁၊ ဦးဣန္ဒာစာရာလင်္ကာရာဘိဝံသ၊ အသက် (၄၄ နှစ်)၊ အဖ-ဦးရွှေ၊ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

(၂၃)ကြိမ်မြောက်နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု(၉)ခုနှင့် မဟာဝိဒူတန်းအုပ်စု(၂)တို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၃၁၁၂ ပါးတို့ဖြစ်သည်။

ယင်းအောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၌လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးစပါးစိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှု

**ဒေါ့ဖုန်းယန် ဇူလိုင် ၂၁**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ ဒိန်ဂါယန်ကျေးရွာအုပ်စု ဒိန်ဂါယန်ကျေးရွာ ကွင်းအမှတ် ၁၇၉ တွင် တောင်သူ ဦးဂမ်လီစိုက်ပျိုးနေသည့် ဆင်းဧကရီ-၃ မျိုးသန့်စပါးစိုက်ပျိုးနေမှုကို ဇူလိုင် ဒုတိယပတ်က မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါမိုးစပါးစိုက်ပျိုးနေသည့် တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဝင်းဇော်က လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးမိုးက ဆင်ဧကရီ-၃ မျိုးသန့်စပါး စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း သမအသင်းသားများအတွက် ချေးငွေများပေးအပ်

**လဲချား ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း သမဝါယမ အသင်းသားများအတွက် ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လွိုင်လင်မြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်းရှစ်သင်းမှ အသင်းသား ၂၉၂ ဦးသို့ ချေးငွေကျပ် ၆၉၄ သိန်း ပေးအပ်ခဲ့သည်။

အသင်းသားများသည် ၎င်းတို့ယူထားသည့် ချေးငွေအပေါ် တစ်လလျှင် အတိုးနှုန်း ၁ ဒသမ ၁၅ ကျပ်ဖြင့် ခြောက်လကြာ ချေးယူနိုင်မည်ဖြစ်ကြောင်း ချေးငွေများရရှိခြင်းကြောင့် အသင်းသားများ၏ လယ်ယာလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မေ(ပြန်/ဆက်)**

## ဝေါလေမြိုင်မြို့၌ မိုးရာသီသစ်ပင်စိုက်

**မြဝတီ ဇူလိုင် ၂၁**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်စေရန် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၆ ရက်က ဝေါလေမြိုင်မြို့ မြို့အဝင်လမ်းဘေးဝဲယာများတွင်ကျင်းပရာ မြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူများ၊ ကျေးရွာများရှိ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်းစသည့် ပျိုးပင်ပေါင်း ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# နမ္မတီးမြို့၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ တပ်မတော်နှင့်ဒေသခံများပူးပေါင်းဆောင်ရွက်

**နမ္မတီး ဇူလိုင် ၂၁**

ကချင်ပြည်နယ် နမ္မတီးမြို့၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ မိုးရွာသွန်းခြင်းများ စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုကြောင့် နန့်ကောင်းချောင်းနှင့်နန့်ရင်းချောင်း နမ္မတီးချောင်းများဖြစ်သည့် ချောင်း သုံးချောင်း ပေါင်းဆုံကာရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မြို့တွင်း လေးရပ်ကွက်မှာ ရေလွှမ်းနစ်မြုပ်ကာ ရေဘေးဒုက္ခရောက်နေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီမှ စတင်ကာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခွန်သန့်ဇော်ထူးနှင့် အမှတ်(၃၉၀) ခြေမြန်တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် နမ္မတီးမြို့အုပ်ချုပ်ရေးမှူး ဦးရန်နောင်စိုးနှင့်မြို့မိမြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရွှေလင်းသောက်ရေသန့်မှ ရေအလှူရှင်များက ပူးပေါင်းဆောင်ရွက်ကာ စက်လှေအစင်း၂၀ ကျော်အသုံးပြုပြီး အိမ်တိုင်ရာရောက်ထမင်းထုပ်များဝေငှခြင်း၊ ရေသန့်ဘူးများ ဝေပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အခုဆိုရင် ကျွန်တော်နမ္မတီးမြို့မှာ ရေလွှမ်းနစ်မြုပ်နေတဲ့ သစ္စာရပ်ကွက်၊ မြို့ဦးရပ်ကွက်၊ အရှေ့ရပ်ကွက်၊ ရွှေဝါရပ်ကွက်တွေကအိုးအိမ်တွေမှာရှိနေတဲ့ရေဘေးဒုက္ခသည်တွေကို ကယ်ဆယ်ရေးတွေ အမြန်ဆောင်ရွက်နေကြပါတယ်"ဟု နမ္မတီးမြို့ခံသတင်းထောက်ကပြောကြားခဲ့သည်။

နမ္မတီးတွင် ရေလွှမ်းခြင်းခံရသော ရပ်ကွက်များရှိ လူနေအိမ်များကိုနယ်မြေခံတပ်မတော်စစ်သည်များ၊ ဒေသခံလူမှုကူညီစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် ဌာနပေါင်းစုံစုပေါင်းကာ ရေဘေးကယ်ဆယ်ရေးများဆောင်ရွက်ကြောင်း သိရသည်။ သို့သော်လည်းချောင်းရေကြီးခြင်းများမှာမလျော့သေးသဖြင့်ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နေကြောင်းသိရသည်။

(လ/၀၀၂)

# အင်းတော်အင်းရေ မြင့်တက်မှုကြောင့် အင်းဘေးရှိ မိုးစပါးစိုက်လယ်ယာမြေများနစ်မြုပ်နေ



**အင်းတော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် စဉ်ဆက်မပြတ်ရွာသွန်းလျက်ရှိသော မိုးကြောင့် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ အင်းတော်အင်းထဲသို့ စီးဝင်နေသော ချောင်းများရေကြီးရေလျှံပြီး အင်းရေများမြင့်တက်ကာ အင်းဘေးရှိ စပါးစိုက်လယ်ကွင်းမြေများ နစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

"အင်းဘေးက မိုးစပါးစိုက်ပျိုးနေကြတဲ့ တောင်သူလယ်သမားများမှာ အင်းရွာ၊ လက်ပန်ကုန်း၊ သက္ကယ်ကျင်း၊ အင်းတော်၊ နတ်မဟုတ်ကလေး၊ ပေပင်ကျေးရွာများကတောင်သူဖြစ်ပါတယ်၊ အခုအင်းရေနစ်နေတာက ငါးရက်လောက်ရှိပါပြီ"ဟု အင်းရွာက ဦးစံဝင်းကပြောကြားခဲ့သည်။

အင်းရေမြင့်တက်ပြီး ရေလွှမ်းနေသောလယ်ဧကများသည် ယခုရက်ပိုင်း တိုင်းတာ၍ မသိရသေးသော်လည်း အတော်များကြောင်း သိရသည်။

"အင်းဘေးက လယ်တွေက မြစ်ဘေး၊ ချောင်းဘေးက လယ်တွေလို စိုးရိမ်စရာတော့မရှိပါဘူး။ ဒါပေမယ့် ရေကတော့ တော်တော်နဲ့ပြန်မကျလွယ်ဘူး။ စောင့်ရတာတော့ကြာတယ်"ဟု နတ်မဟုတ်ကလေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

အင်းရေ မြင့်တက်မှုကြောင့် နစ်မြုပ်နေသောလယ်သမားများ၏ လယ်ယာများမှာ ချောင်းဘေး၊ မြစ်ဘေးကလယ်များလောက် စိုးရိမ်စရာမရှိသော်လည်း အင်းရေအကျကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ **သန်းမောင်လေး**

# ကျွန်းလှမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

# အဝေးပြေးကားများ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်

**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ လှူဒါန်းခြင်းကို ဇူလိုင် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းကြကြောင်း သိရသည်။

ယင်းကဲ့သို့ လှူဒါန်းကြရာတွင် မန္တလေးတိုင်းဒေသကြီး အစ္စလာမ်ဘာသာရေး အသင်းအဖွဲ့ကြီးက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ရွှေဘိုမြို့ မြတောင်ရပ် စိန်ကမ္ဘာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် သစ်စက်လုပ်ငန်း ဦးစိန်မြင့်- ဒေါ်နွယ်နွယ်ဦး မိသားစုတို့က မားမားခေါက်ဆွဲနှင့်ရေသန့်ဘူးများကို လည်းကောင်း၊ ရွှေဘိုမြို့ လူမှုဝန်ထမ်းဦးစီးဌာန/မူလတန်းကြိုကျောင်းမှ ယမ်ယမ်ခေါက်ဆွဲထုပ်နှင့် သေဆုံးသူအတွက် အလှူငွေတို့ကို လှူဒါန်းကြကြောင်း သိရသည်။ **(ယာပုံ)**

လွန်ခဲ့သည့် ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ-ကန့်ဘလူ အကြားရှိ ကားလမ်းများ ရေကျော်ခဲ့ရာ ကျွန်းလှမြို့သို့ အဝေးပြေးကားများ ဝင်ရောက်နိုင်ခြင်းမရှိခဲ့သော်လည်း ဇူလိုင် ၂၀ရက်မှစ၍ ကျွန်းလှ-ကန့်ဘလူ-ရွှေဘို-မန္တလေး-ရန်ကုန် အဝေးပြေးကားများ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမှာ ကားလမ်းတွေရေကျော်နေလို့ ဇူလိုင် ၁၆ ရက်ကစပြီး ကားလိုင်းငါးလိုင်းစလုံး တစ်စီးမှမဝင်နိုင်ဘဲ ကန့်ဘလူမြို့မှာပဲ ရပ်ထားရပါတယ်။ ဇူလိုင် ၁၉ ရက် ညနေမှာတော့ ရေကျသွားတဲ့အတွက် မြို့တွင်းဝင်ရောက်လာနိုင်ပါတယ်၊ အခုအချိန်မှာတော့ ပုံမှန်ချိန်အတိုင်း ပြန်လည်ပြေးဆွဲနေပါပြီ"ဟု အောင်ရတနာဂိတ်မှူးက ပြောသည်။



**မျိုးဝင်းညို-ကျွန်းလှ**

# ကော့ကရိတ်မြို့ ရှစ်တိုင်ကွေ့၌ ယာဉ်တိုက်မှုဖြစ်



**ကော့ကရိတ် ဇူလိုင် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ရှစ်တိုင်ကျေးရွာတွင် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ကော့ကရိတ်မှ ကျုံဒိုးမြို့ဘက်သို့ ယာဉ်မောင်းကိုလှအေး(၃၃နှစ်) အမှတ်(၃၃၃) အောက်ပုဇွန်တောင် ပုဇွန်တောင်မြို့နယ် နေထိုင်သူ မောင်းနှင်လာသော KYN FF/-----Probox အငှားယာဉ်သည် ကျုံဒိုးမြို့မှ ကော့ကရိတ်ဘက်သို့ ယာဉ်မောင်း ကိုဇော်မင်းဦး(၄၅နှစ်) (၅)လမ်း မောင်းနှင်လာသော ပုဏ္ဏားစုရပ် ပဲခူးမြို့တွင် နေထိုင်သူ မောင်းနှင်လာသော YGN1H/----- ခြောက်ဘီးယာဉ်နှင့် ကော့ကရိတ်မြို့နယ် ရှစ်တိုင်ကွေ့တွင် တိုက်မိပြီး Probox အငှားယာဉ်မှာဝဲဘက်ခြမ်းပျက်စီးခဲ့ကာ ခြောက်ဘီးယာဉ်မှာ ယာဉ်ရှေ့ဘယ်ဘက်ခေါင်းခြမ်းပျက်စီးသွားကြောင်း လူထိခိုက်မှုမရှိကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးသောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက် ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍-

၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှ ထုတ်ပြန်သော လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာလိုက်နာပါ။

၂။ သက်ဆိုင်ရာမှ ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အအုံ၊ အမိုးအကာများအောက်မှထွက်ခွာပါ။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။

၄။ မြွေအန္တရာယ် ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။

၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနိုင်သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။

၇။ အစာအဆိပ်သင့်မှု မဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြား အမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)

၈။ ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန်အသီးများ မစားပါနှင့်။

၉။ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။

၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသော အဝတ်များ ဝတ်ဆင်ထားပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။

၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးကောင်းမြို့နယ်ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**မိုးကောင်း ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဇူလိုင် ၂၀ ရက်က အမှတ်(၃) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ ဆန်အိတ် ၂၀ လှူဒါန်းကာ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေး၍ လိုအပ်သောဆေးဝါးများထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများကဆန်အိတ် ၅၀၊ ခေါက်ဆွဲဖာ ၅၀၊ ရေသန့်ဘူးကြီး ၅၀နှင့် ထမင်းဘူးများကို လှူဒါန်းခဲ့ကြောင်းသိရသည်။

ထို့ပြင် နန့်ရင်းအရှေ့ရပ်၊ အလယ်ရပ်ရှိ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် အိမ်ထောင်စုပေါင်း ၃၅၈ စု၊ လူဦးရေ ၂၁၁၆ ဦးတို့အတွက် စေတနာရှင်ပြည်သူများက ဆန်အိတ် ၄၀၊ ရေသန့် ၆၂၂ ကတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၅၀ နှင့် နယ်မြေခံတပ် အတွက် ဆန်အိတ် ၁၀ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ရေသန့်ဘူး ၄၅ ကတ်တို့ကို ထောက်ပံ့ပေးခဲ့ပြီး အိုးတန်ရပ်ကွက်နေ ရေနစ်သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်း၊ ရေဘေးသင့်ပြည်သူများအတွက် ကျားဝတ်လုံချည် ၃၅၈ ထည်၊ မဝတ်လုံချည် ၃၅၈ ထည်၊ မျက်နှာသုပ်ပဝါ ၃၅၈ထည်၊ ကာပေါ်လစ် ၃၅၈ တောင့်တို့ကို လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကေအိုင်အေအဖွဲ့က ဆက်ကြေးတောင်းပြီး အသံမိုင်းဖြင့် ဖောက်ခွဲခြိမ်းခြောက်မှုပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုနားရပ်ကွက် မြို့ပတ်လမ်းအကွက် အမှတ်(၁၀၀)တွင် ဇူလိုင် ၂၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ပေါက်ကွဲသံတစ်ချက်ကြားသဖြင့် နယ်မြေခံတပ်မှ သွားရောက်စစ်ဆေးရာ ဒေါ်အေးယေ့ (၄၆ နှစ်) ပိုင်ဆိုင်သော ဆန်ဂိုဒေါင်ရှိ အုတ်တံတိုင်းအောက်ခြေတွင် အလျား ရှစ် လက်မနှင့် အနံ သုံး လက်မခန့်ရှိ အပေါက်တစ်ခု ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ရာ ၎င်းဆန်ဂိုဒေါင်အနီး၌ ကေအိုင်အေ တပ်မဟာ(၄) တံဆိပ်ပါ စာရွက်ဖြင့် ဖုန်းနံပါတ်များရေးသားထားပြီး ဇူလိုင် ၁၇ ရက်နောက်ဆုံးထားဆက်သွယ်၍ ဆက်ကြေးပေးရန် ရေးသားထားမှုကို တွေ့ရှိရကြောင်း ပိုင်ရှင်ဖြစ်သူက ဆက်သွယ်ခြင်းမရှိသဖြင့် ကေအိုင်အေအဖွဲ့မှ အသံမိုင်းထောင် ဖောက်ခွဲခြိမ်းခြောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြဝတီ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးခဲ့ပြီးနောက် ရထားလမ်းများပြန်လည်အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးမှုဖြစ်စဉ်၌ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ အထက်မြန်မာပြည်နှင့် တိုင်းတာဝန်ခံ တိုင်း(၂) စစ်ကိုင်းတိုင်းဒေသကြီးတို့က ကောလင်းမြို့တွင် အခြေပြု၍လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ)နှင့် ဒုတိယအထွေထွေမန်နေဂျာ (စက်မှု) တို့က ကန့်ဘလူမြို့တွင် အခြေပြု၍လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ (ခရီးသည်)က ရွှေဘိုမြို့တွင် အခြေပြု၍လည်းကောင်း၊ အထွေထွေမန်နေဂျာ(မြို့ပြ) မန္တလေးမြို့တွင် အခြေပြု၍လည်းကောင်း၊ ရေကြီးမှုဖြစ်စဉ်အပေါ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကံကြီးဘူတာ နှင့် ဇော်ချောင်းဘူတာကြား မိုင်တိုင် ၅၂၀/၆-၁၅ ၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် သံလမ်းပေါ် ရေတစ်ပေခန့် ကျော်နေခြင်းနှင့်ပတ်သက်၍ ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီအထိ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရေကျော်နေမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

- ကံကြီး-ဇော်ချောင်းကြားသံလမ်းပေါ် ရေလုံးဝမရှိတော့ပါ။ လမ်းပိုင်းပြုပြင်ခြင်းအား အင်ဂျင်နီယာအထူးရထား (DF-2014) ဖြင့် လမ်းပိုင်းအတွင်း ဝင်ရောက်၍မိုင်တိုင်-၅၂၁/၁၅-၁၇ ၌ (၆"×၉') ကျောက်ကြီးများ (၄)တွဲချခြင်း လုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည်။ ဆက်လက်၍ ကျောက်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။
- မြန်မာ့မီးရထား တိုင်း(၂) စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေတွင် ရေကြီးမှုဖြစ်စဉ်ကြောင့် မန္တလေး-မြစ်ကြီးနား ရထားများ ပြေးဆွဲခြင်းမပြုနိုင်သေးချိန်တွင် ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ဇူလိုင် ၂၀ ရက် မှစတင်၍ မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း နေ့စဉ် အစုန်အဆန်အထူးရထားပြေးဆွဲလျက်ရှိသည်။ အဆန်လော်ကယ်အထူးရထားသည် မိုးညှင်းမှ နံနက် ၆ နာရီ ထွက်ခွာပြီး မြစ်ကြီးနားသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိမည်။ အစုန်လော်ကယ်အထူးရထားသည် မြစ်ကြီးနားမှ ညနေ ၃ နာရီ ထွက်ခွာပြီး မိုးညှင်းသို့ ည ၈ နာရီ ၂၃ မိနစ်တွင် ရောက်ရှိမည်။ ရိုးရိုးတန်း ခြောက်တွဲ၊ အထက်တန်းနှစ်တွဲ၊ ဘရိတ်တစ်တွဲပါသည့် တွဲဆိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် အမှတ်(၅၆) အစုန်ရထားသည် မဲဇာဘူတာသို့ ရောက်ရှိနေပြီး ခရီးသည် ဦးရေ ၃၅၀ ပါရှိသည်။ မဲဇာ-ဆယ်ရွာ လမ်းပိုင်းစစ်ဆေးပြီးဖြစ်ပါက မဲဇာ၌ ရပ်တန့်ထားသော အဆိုပါ မှတ်(၅၆) အစုန်ရထားအား အမှတ်(၅၅) အဆန်ရထားအဖြစ် မြစ်ကြီးနားသို့ ပြန်လှည့်ပြေးဆွဲရန် စီစဉ်ထားသည်။

အမှတ် (၅၈) အစုန်၊ အမှတ်(၄၂) အစုန်ရထားများ ကောလင်းဘူတာသို့ ရောက်ရှိထားပြီးဖြစ်သည်။ ခရီးသည် ၁၅၁ ဦးပါရှိပြီး ခရီးသည်များအား ကောလင်းမှ ကန့်ဘလူသို့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ယာဉ်အမှတ် (၂ခ/၃၄၈၂)ယာဉ်ကြီးဖြင့် ခရီးသည် ၇၅ ဦး၊ ယာဉ်အမှတ်(ဝ/ ၆၃၅၄) ယာဉ်ကြီးဖြင့် ခရီးသည် ၇၆ ဦး၊ စုစုပေါင်း ၁၅၁ အား မြန်မာ့မီးရထားမှ လက်ထောက်ကြီးကြပ်ရေးမှူး(လက်မှတ်စစ်) သုံးဦးအဖွဲ့ဖြင့် လိုက်ပါကြီးကြပ်ပို့ဆောင်ပေးလျက်ရှိသည်။ ကန့်ဘလူဘူတာသို့ရောက်ရှိပါက မန္တလေးသို့ အစုန်အထူးလော်ကယ်ရထားဖြင့် ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

အမှတ်(၃၈) အစုန်၊ အမှတ်(၃၄) အစုန်ရထားများသည် ကိုးထောင်ဘို့ဘူတာသို့ ရောက်ရှိထားသည်။ ခရီးသည် ၃၄၉ ဦးပါရှိသည်။ ကောလင်း-ကိုးထောင်ဘို့လမ်းပိုင်းရေကျ၍ ထိုလမ်းပိုင်းကို စစ်ဆေးပြီးစီးပါက အဆိုပါရထားများအား ကိုးထောင်ဘို့မှ ကောလင်းသို့ ပြန်လှည့်ကာ ကောလင်းမှ ကားဖြင့် ကန့်ဘလူသို့ပို့ဆောင်ပြီး ကန့်ဘလူမှ မန္တလေးသို့ အစုန် အထူးလော်ကယ်ရထားဖြင့် လက်ဆက်ပို့ဆောင်ပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်သည်။

လမ်းပြုပြင်ရန် ကျောက်ရထားတွဲများ သံပေါင်များ၊ ဘေလီများ၊ တင်ဆောင်သောရထားတွဲများ စုဆောင်းသယ်ပို့ ဆောင်ရွက်လျက်ရှိမှုအခြေအနေမှာ (၁"× ၁ ½")၊ (၆"×၉") စသည့် ကျောက်အမျိုးအစားများကို ကျောက်တင်ရထားတွဲ လေးတွဲဖြင့်လည်းကောင်း၊ သံပေါင်နှင့် ဘေလီများတင်ဆောင်လျက် အင်ဂျင်နီယာအထူး DE-1314 ရထားတွဲဖြင့် လည်းကောင်း၊ အမှတ်(၃၃၄) ကျောက်ရထား၊ စက်ခေါင်း DD -969 သည် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လယ်ဝေးမှ ထွက်ခွာပြီး ပျဉ်းမနားမှ ဘက်ဟိုးတင်ထားသော ရထားတွဲပါချိတ်ဆွဲ၍ ပို့ဆောင်ပေးခဲ့ရာ ထုံးဖိုရေကျော်လမ်းပိုင်းသို့ ယနေ့ နံနက် ၃ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ နောက်ဆုံးရရှိသတင်းမှာ မဲဇာနှင့် ဘုံချောင်းကြားလမ်းပိုင်းအား ညနေ ၃ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ရထားဖြတ်သန်းနိုင်ပြီဖြစ်သည်။

ဘုံချောင်းနှင့် နမ်းခမ်းဘူတာကြားမိုင်တိုင်အမှတ် (၅၆၂/ ၂-၃) ၌ အလျား ပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ပေ ၂၀ရှိ ကျောက်ရောမြေများ ပြိုကျနေသဖြင့် နံနက် ၈ နာရီမှ စတင်ရှင်းလင်းရာ မွန်းတည့် ၁၂ နာရီတွင် ပြီးစီးသဖြင့် ၎င်းလမ်းပိုင်းအား မွန်းလွဲ ၁၂ နာရီ ၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



ဓာတ်ပုံ- မြန်မာ့မီးရထား

# မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော စက်များနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**နေပြည်တော် ဇူလိုင် ၂၁**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသတွင် ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ အကြွင်းကျန်များ ခိုအောင်းမှု မရှိစေရေးအတွက် တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေ ရှင်းလင်းလျက်ရှိသည်။ ထိုသို့ရှင်းလင်းစဉ် ဇူလိုင် ၁၉ ရက် ညနေ ၅ နာရီခန့်က ကောင်းမူကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ ၎င်းတို့အဖွဲ့ ယခင်အခြေပြုခဲ့သော စခန်းနေရာအား ရှင်းလင်းစဉ် မြေကြီးအတွင်း မြှုပ်နှံထားသော အဝါရောင်ပလတ်စတစ် ကော်ပုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပါကင်လျှင် ဆေးပြား ၂၀၀ ပါဝင်သော အထုပ်ငယ် ၁၁ ထုပ်ပါရှိသည့် ဆေးပြား ၅၆ ပါကင် ဆေးပြား စုစုပေါင်း ၁၁၂၀၀၀ ကာလတန်ဖိုး ခန့်မှန်းငွေကျပ်သိန်းပေါင်း ၃၆၆၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂၀ ရက်က နယ်မြေရှင်းလင်းစဉ် အကျယ်သုံးပေ၊ အနက် လေးပေရှိ မြေကျင်း နှစ်ကျင်းအတွင်းမှ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ၂ ဒသမ ၂ ကီလိုဝပ်မော်တာတစ်လုံး၊ ၂ ဒသမ ၂ ကီလိုဝပ် ဆေးထုပ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများနှင့် ထုတ်လုပ်သည့်ပစ္စည်းများအား စိစစ်ခဲ့ရာ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က သိုဝှက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းအဖွဲ့အနေဖြင့် အကောက်စခန်းများ ဖွင့်လှစ်ပြီး ပြည်သူလူထုထံမှ ငွေကြေးများ တောင်းခံသည့်အပြင် တစ်မျိုးသားလုံး၏ အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးများလည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# အီရန်ကဲ့သို့ အမေရိကန်နှင့်နျူကလီးယားအရေးဆွေးနွေးရန် စိတ်မဝင်စားဟု မြောက်ကိုရီးယားပြော



**ပြုံယမ်း ဇူလိုင် ၂၁**

မြောက်ကိုရီးယားသည် နျူကလီးယားစွမ်းဆောင်ရည်ကို စွန့်လွှတ်ရန်အတွက် အီရန်ကဲ့သို့ အမေရိကန်နှင့်ဆွေးနွေးပွဲများ ပြုလုပ်လိုခြင်းမရှိကြောင်းအင်္ဂါနေ့က မြောက်ကိုရီးယား နိုင်ငံခြားရေးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားကို သီးခြားရန်ဘက်နိုင်ငံအဖြစ် သဘောထားသော အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒကြောင့် မြောက်ကိုရီးယားဘက်မှ၎င်း၏ နျူကလီးယားအစီအစဉ်ကို မရှိမဖြစ်အဟန့်အတားတစ်ခုအဖြစ် လက်ကိုင်ထားခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်၏ ရန်ဘက်နိုင်ငံအဖြစ် စစ်ရေးပူးတွဲလေ့ကျင့်မှုများ၊ နျူကလီးယား ခြိမ်းခြောက်မှုများနှင့် မကြာခဏဆွပေးခြင်းခံရသော မြောက်ကိုရီးယားက ၎င်းတို့၏ အခြေအနေသည် အီရန်၏နျူကလီးယား သဘောတူညီချက် အခြေအနေနှင့် မတူညီကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်၏ ပြောစကားကို ကိုးကားဖော်ပြထားသည်။

၎င်းတို့အနေဖြင့် နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်မည့်ဆွေးနွေးပွဲများ ပြုလုပ်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားဘက်မှ ဖော်ပြသည်။

အမေရိကန်နှင့် အင်အားကြီးငါးနိုင်ငံတို့ ပါဝင်ပတ်သက်ခဲ့သည့် ပြီးခဲ့သောသီတင်းပတ်က အီရန်နျူကလီးယားဆွေးနွေးပွဲတွင် အီရန်ဘက်မှ နျူကလီးယားထုတ်လုပ်မှုကိုကန့်သတ်ထားလျှင် အပြန်အလှန်အားဖြင့် အရေးယူပိတ်ဆို့မှုများကို လျှော့ချပေးမည်ဖြစ်သည်။

အီရန်သဘောတူညီချက်သည် အမေရိကန်သမ္မတ အိုဘားမားအတွက် ကြီးမားသောနိုင်ငံရေးအောင်ပွဲတစ်ခုဖြစ်သည်။ **(ရိုက်တာ)**

# တူရကီအရှေ့တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် လူ ၃၀ သေဆုံး



**ဒီယာဘာကာ(တူရကီ) ဇူလိုင် ၂၁**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဆန်လီယာဖာပြည်နယ် ဆီရာ့ခ်ခရိုင်၊ ဆီရာ့ခ်မြို့ရှိ ယဉ်ကျေးမှုစင်တာတစ်ခုတွင် ဇူလိုင် ၂၀ ရက်က ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၃၀ သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဆီးရီးယားနယ်စပ်နှင့် ကီလိုမီတာ ၁၀ ခန့်အကွာတွင်တည်ရှိသော ဆီရာ့ခ်မြို့ရှိ ယဉ်ကျေးမှုစင်တာ အပြင်ဘက် သစ်ပင်အောက်တွင် ပေါက်ကွဲမှုကြောင့် သေဆုံးသူများ၏ အလောင်းများ လဲနေကြသည်ကို အွန်လိုင်းဗီဒီယိုပြကွက်တွင် ပြသထားသည်။

ပေါက်ကွဲမှုကြောင့် သေဆုံးသူ အလောင်း၃၀ ကျော်ကို တွေ့မြင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူဦးရေလည်း အယောက် ၅၀ ကျော်ရှိကြောင်း၊ ဒဏ်ရာရရှိသူကို တာဝန်ရှိသူများက လူနာတင်ယာဉ်ဖြင့် တင်ဆောင်လျက်ရှိကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုမှာ အလွန်ပြင်းထန်ကြောင်းဖြင့် မျက်မြင်တွေ့ရှိသူ မီမက်က တယ်လီဖုန်းဖြင့် ရိုက်တာသတင်းဌာနသို့ ဆက်သွယ်ပြောကြားသည်။

တူရကီနှင့် ကာ့ဒ်လူငယ်များက ကိုဘာနီမြို့ ပြန်လည်တည်ထောင်ရေး စီမံကိန်းဖြင့် ဆီးရီးယားနိုင်ငံ ကိုဘာနီမြို့သို့ ခရီးထွက်ရန်စီစဉ်ထားပြီး ၎င်းတို့၏ ခရီးစဉ်မတိုင်မီ အဆိုပါ ယဉ်ကျေးမှုစင်တာ၌ စုဝေးနေကြစဉ် ယင်းကဲ့သို့ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လူငယ်များသည် ၎င်းတို့၏စီမံကိန်းနှင့်ပတ်သက်ပြီး ကိုဘာနီတွင် သုံးလေးရက်ခန့် နေထိုင်ကြရန် စီစဉ်ထားကြောင်းဖြင့် ၎င်းက ရိုက်တာသတင်းဌာနသို့ ဆက်လက်ပြောကြားသည်။

အခင်းဖြစ်ရာနေရာရှိ မြေကြီးပေါ်တွင် အလောင်းများလဲနေလျက်ရှိရာ ၎င်းတို့အနက် တစ်ချို့မှာ အသက်မသေ သေးဘဲခံစားနေကြကာ လူများက ၎င်းတို့ကို ကယ်ဆယ်ရန် ကြိုးစားလျက်ရှိနေကြသည့် ပုံနှင့် အခင်းဖြစ်ရာနေရာ၌ မီးခိုးများနှင့် ဖုန်များ ထနေသည့်ပုံကို အဆိုပါ လူငယ်အဖွဲ့မှ အွန်လိုင်းပေါ်လွှင့်တင်ထားသည့် ဗီဒီယိုပြကွက်က ပြသထားသည်ဟု ဆိုသည်။

ဆေးရုံမှလာသော သတင်းအရ ယင်းဗုံးပေါက်ကွဲမှုတွင် လူ ၃၀ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူများအတွက် အရေးပေါ်သွေးလှူဒါန်းရန် လိုအပ်ကြောင်း သိရသည်။

ဆီရာ့ခ်မြို့သည် ဆီးရီးယားနယ်စပ်မြို့ဖြစ်သည့် ကိုဘာနီမြို့နှင့် နယ်စပ်တစ်လျှောက်တွင် တည်ရှိပြီး ကာ့ဒ်လူမျိုးနွယ်စု အများစုနေထိုင်ရာမြို့ဖြစ်သည်။

ယင်းမြို့သည် ဆီးရီးယားနိုင်ငံမှ ထွက်ပြေးလာသော ကာ့ဒ်လူမျိုးစု စစ်ပြေးဒုက္ခသည်များ တူရကီနိုင်ငံထဲသို့ ဝင်ရောက်ရာတွင် အဓိက အချက်အချာကျသည့် နေရာလည်းဖြစ်သည်ဟု သတင်းများအရ သိရသည်။ **(ရိုက်တာ)**

# မားစ်ရောဂါကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ခရီးသွားဝင်ရောက်မှုကျဆင်း

**ဆိုးလ် ဇူလိုင် ၂၁**

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါဖြစ်ပွားနေခြင်းကြောင့် နိုင်ငံသို့ ခရီးသွားများ လာရောက်လည်ပတ်မှုမှာ ယခုနှစ်ဆန်းပိုင်းက ထက်ဇွန်လတွင် ၄၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သောခရီးသွားစာရင်းဇယားများ၌ ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်မှုသည် ၂၀၁၄ ခုနှစ် ဇွန်လက ၁၂၇၃၆၂၇ဦး လာရောက်ရာမှ နှစ်ကုန်ပိုင်းတွင် ၇၅၀၉၂၅ ဦးသို့ ကျဆင်းသွားခဲ့ကြောင်း တောင်ကိုရီးယား ခရီးသွားလုပ်ငန်းအဖွဲ့က ပြောသည်။ ၎င်းမှာ ၂၅ လအတွင်း လစဉ်ထုတ်ပြန်ချက်အရ ပထမဆုံး ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။

တရုတ်ခရီးသွားများ တောင်ကိုရီးယားသို့ လာရောက်မှုသည် နှစ်ဆန်းပိုင်းမှ ဇွန်လတွင် ၄၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ ဂျပန်ခရီးသွားများလာရောက်မှုမှာ ၄၁ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်နှင့်ထိုင်းတို့မှ ၁၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၄၃ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားခဲ့ကြောင်း အဆိုပါစာရင်းဇယားများ၌ ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါဖြစ်ပွားမှုသည် ဇွန်လတွင် အထွတ်အထိပ် သို့ရောက်ခဲ့ကြောင်း၊ စုစုပေါင်းမားစ်ရောဂါဖြစ်ပွားသူ ၁၈၆ ဦးရှိခဲ့ရာ လွန်ခဲ့သော ၁၆ ရက်က ရောဂါဖြစ်ပွားမှုရပ်တန့်သွားခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**


### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ် ၁၄၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး**
**၁၃/ရစန(နိုင်)၀၀၈၁၀၉**

**GOLDEN STAR** *Travels & Tours*

- ☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး July - 30
- ☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
- ☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
- ☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်

Ph: 209200, 544383, 430480, 703448, 705968

### ဖောင်းကြွန်ပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၇၄၇၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇ဒီ/၁အေက၊ မြေကွက်တည်နေရာ အမှတ် ၉၊ ဆရာစံလမ်းတည်ရှိရာ မြေပိုင်မြေအမျိုးအစား၊ အမည်ပေါက် ဒေါ်မီမီမြင့်ဖူး မြေကွက်အား ဒေါ်မီမီမြင့်ဖူး ၁၂/မရက(နိုင်)၁၂၆၃၂၅က ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာပါသည်။ မူလမြေကွက်အမှတ် ၄၇ဒီ/၁အေမြေအား ဦးလှမြင့်ဖူးနှင့်ဒေါ်မီမီမြင့်ဖူး အမည်ပေါက်ခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြော်ငြာ စာချုပ်အမှတ် ၂၉၄၃/၂၀၁၄ (၉-၆-၂၀၁၄) စာချုပ်မူရင်းကို နှစ်ဦးစလုံးလက်ဝယ်မထားဘဲ လမ်းမတော်မြို့နယ်ရှိ မြဝတီဘဏ်ရုံးချုပ်တွင် Bank Lockerဖြင့် ထားရှိသည့်အတွက် ယင်းစာချုပ်မူရင်းကို တင်ပြနိုင်ခြင်းမရှိဘဲ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၇-၆-၂၀၁၄ရက် စာချုပ်ရုံး လက်ခံအမှန်နှင့် ယခု လျှောက်ထားသည့် မြေကွက်အမှတ် ၄၇ဒီ/၁အေကဟု မြေကွက်အမှတ်၊ ဧရိယာနှင့် မြေကွက်တည်နေရာ လိပ်စာပြင်ဆင်သည့် စာချုပ်အမှတ် ၃၀၅၅/၂၀၁၅ ကို ဒေါ်မီမီမြင့်ဖူးမှ တစ်ဖက်သတ်အမှားပြင် စာချုပ်ချုပ်ဆိုခဲ့သည့် စာချုပ်၊ ဒေါ်မီမီမြင့်ဖူးက ဒေါ်အေးအေးမော်အေး ၁၂/စခန(နိုင်)၀၄၆၂၈၆ သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၆၄၃၁/၂၀၁၁ နှင့် ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ဒေါ်အေးအေးမော်အေး၏ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဘဏ်ချေးရန် မြေပုံမြေရာဇဝင် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းနှင့် ပတ်သက်၍ အသိပေး ကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်အသစ်စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် တင်ဒါအောင်မြင်သော JGC-Yongnam-CAL Consortium နှင့် Frame Work Agreement ချုပ်ဆိုနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ လက်ရှိတွင် JICA မှ Feasibility Study ဆောင်ရွက်လျက်ရှိပြီး လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ စတင်ခြင်းမရှိသေးပါ။

၂။ ယခုအခါ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအတွက် တည်ဆောက်ရေးပစ္စည်းဖြစ်သည့် ကျောက်များအား ပေးသွင်းနေကြောင်း သတင်းများကြားသိရပါသည်။ အဆိုပါ ကျောက်များပေးသွင်းခြင်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လည်းကောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်းကောင်း တင်ဒါခေါ်ယူခြင်းနှင့် အခြားမည်သည့်အဖွဲ့အစည်းကိုမျှ တာဝန်ပေးအပ်ထားခြင်းမရှိကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

၃။ သို့ပါ၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်အသစ်တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ကောလာဟလသတင်းအမှားများကြောင့် ပြည်သူလူထုနှင့် လုပ်ငန်းရှင်များ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် လက်ရှိအခြေအနေမှန်အပေါ် သိရှိစေရန်နှင့် စီမံကိန်းစတင်ဆောင်ရွက်ချိန်တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး (အပိုင်း-၃)

**ဒေါက်တာမျိုးကြွယ်**
**(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**

ကျွန်တော်၏ ဒုတိယဆောင်းပါးတွင် စိုက်ပျိုးရေးအင်ဂျင်နီယာ ကျွမ်းကျင်ပညာရှင်များ (မဟာသိပ္ပံ၊ ပါရဂူဘွဲ့ရများ) နိုင်ငံတော်အတွက် လိုအပ်လျက်ရှိနေပါသည်ဟု ရေးသားခဲ့ပါသည်။ ထိုဘာသာရပ်တွင်သာ လိုအပ်သည်မဟုတ်သေးပါ။ တောင်သူလယ်သမားများ နိစ္စဓူဝ သိရှိရန် လိုအပ်သည့် စိုက်ပျိုးရေးမိုးလေဝသ ပညာရှင်များ (Agrometeorologist) လည်း နိုင်ငံတော်အတွက် လိုအပ်လျက်ရှိပါသည်။

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနတွင် မိုးလေဝသ ပညာရှင်များရှိသော်လည်း စိုက်ပျိုးရေးနှင့် မိုးလေဝသ ဆက်စပ်ပေးသည့် ဘာသာရပ်များ၊ အသိပညာများ ထွန်းကားစေလိုပါသည်။ ထိုမှ ဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောပညာရပ်များဖြင့် တွဲဖက်ဆက်နွယ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံဘာသာရပ် (Environmental Science) ကိုလည်း ဘွဲ့ကြို ဘွဲ့လွန် သင်တန်းများကို ကျွမ်းကျင်သော နိုင်ငံခြားတက္ကသိုလ်များဖြင့် ကျွန်တော်တို့နိုင်ငံရှိ မည်သည့်တက္ကသိုလ်၌မဆို ပူးတွဲဖွင့်လှစ်ပါက အလွန်ကောင်းမွန်ပါမည်။

ထိုမှတစ်ဖန် သီးနှံ၊ သစ်တောရောနှော စိုက်ပျိုးရေးဆိုင်ရာဘာသာရပ် (Agroforestry) သည်လည်း ကျွန်တော်တို့ နိုင်ငံ၏ သစ်တောစိုက်ခင်းများအကြား တောင်ယာစပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံ၊ ဥယျာဉ်ခြံသီးနှံစသည်ဖြင့် ရောနှောစိုက်ပျိုးပါက သစ်တောသစ်ပင်များအတွက် လေထဲမှ နိုက်ထရိုဂျင် ဖမ်းယူထိန်းချုပ်ပေးသည့် ပဲမျိုးရင်းဝင်အပင်များ စိုက်ပါက သီးနှံပင်များ သစ်တောများပါ အားလုံးအကျိုးရှိနိုင်ပါသည်။ မြေဆီလွှာခြောက်ခန်း၍လည်းကောင်း၊ မိုးရေချိန်နည်းပါး၍ လည်းကောင်း၊ သီးနှံပင်များ သီးနှံစိုက်ပျိုး၍ မရနိုင်သည့် သစ်တောများတွင် တိရစ္ဆာန်များ စားသုံးနိုင်သည့် စားကျက်ပင်များ (Forage Crops) စိုက်၍လည်းကောင်း၊ မွေးမြူရေး သဘာဝအခင်း (Pasture Land) များဖန်တီး၍လည်းကောင်း စုပေါင်းလုပ်ဆောင်နိုင်ပါသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း ဘာသာရပ်ကို သင်ကြားရေးနှင့်အတူ သုတေသနပြုလုပ်ရန်လည်း လိုအပ်ပါသေးသည်။ သစ်တောတွေ ပြုန်းတီးနေသောနေရာ သစ်ပင်တွေ ပြန်လည်စိုက်ပျိုးပြီးလျှင် ကြား၌ မြေဆီလွှာအာဟာရဓာတ် တိုးတက်နိုင်သည့် ပဲမျိုးရင်းဝင် အပင်များ (Leguminous Plants) ကိုလည်းကောင်း၊ သစ်တောများအကြား တိရစ္ဆာန်များ လွှတ်ကျောင်း မွေးမြူခြင်းဖြင့်လည်းကောင်း၊ ၎င်းတို့စွန့်ပစ်ပစ္စည်းများကို အာဟာရဓာတ်အနေဖြင့် စိုက်ပျိုးမြေကြီးပေါ် ပြန်လည်ပေးနိုင်ပါသည်။

သစ်တောများသည် ၁၀ နှစ်မှ နှစ် ၂၀-၃၀ ကြာ တတ်သဖြင့် ထိုကြားထဲတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရာလည်းရောက်၊ မြေကြီးကိုလည်း အလဟဿ မဖြစ်စေရန် မြေဖုံးသီးနှံပင်များ ( Cover Crops) ပဲမျိုးရင်းဝင်အပင်များ ကြားညှပ်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းနိုင်မှု ရရှိပါသည်။ Agroforestry လုပ်ဆောင်ပေးခြင်းဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း (Shifting Cultivation)လည်း လျော့ပါးစေနိုင်ပါသည်။ တောင်ကုန်းများပေါ်၌ စိုက်ပျိုးရာတွင် မြေဆီလွှာတိုက်စားမှုပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မြေဆီလွှာထိန်းသိမ်းပေးသော စိုက်ပျိုးရေးနည်းစနစ် (Conservation Agriculture) ဥပမာ-ကွန်တိုစနစ်ကို အသုံးပြု၍ စိုက်ပျိုးခြင်း စသည်ဖြင့် ပြုလုပ်နိုင်ပါသည်။

တစ်ဖန် ၂၀၁၄ခုနှစ် အိုအီးစီဒီအဖွဲ့၏ မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ချက်တွင် မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် ပေါ်ပေါက်လာမည့် အလုပ်အကိုင် အများအပြားသည် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုများ ကောင်းစွာတတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ နည်းပညာနှင့် သက်မွေးဝမ်းကျောင်း ပညာရေးလေ့ကျင့်ခြင်း သင်တန်းကျောင်းများတွင် (TVET- Technical and Vocational Education Training) သင်ယူသူဦးရေသည် ကျောင်းသား စုစုပေါင်း အရေအတွက်၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အလွန်နည်းပါးနေပြီး တရုတ်နိုင်ငံတွင် ကျောင်းသား စုစုပေါင်း၏ ၄၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၃၅ ရာခိုင်နှုန်းခန့် (TVET) များတွင် တက်ရောက်နေသည်ကို တွေ့ရှိရပါသည်။

(ရည်ညွှန်းချက် - UNESCO (၂၀၁၄) UNESCO-Institute for Statistics Data Centre, http://stats.uis.unesco.org)

## ၂၀၁၄ ခုနှစ် အိုအီးစီဒီအဖွဲ့၏ မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ချက်တွင် မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် ပေါ်ပေါက်လာမည့် အလုပ်အကိုင် အများအပြားသည် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုများ ကောင်းစွာတတ်ကျွမ်းရန် လိုအပ်

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ (Vocational Education) အနေနှင့် စိုက်ပျိုးရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တည်ရှိ နေသဖြင့် အခြေခံပညာအထက်တန်း အောင်မြင်သူများထဲမှ စိတ်ပါဝင်စားသူများ၊ တိုင်းရင်းသားများ အပါအဝင် လျှောက်ထား တက်ရောက်နိုင်ပါသည်။ သို့သော် ၂၀၁၄-၁၅ ပညာသင်နှစ်မှစတင်၍ စိုက်ပျိုးရေးသိပ္ပံများသို့ တက်ရောက်ရန် စိတ်ဝင်စားသူ လျှောက်ထားသူ များပြားလျက်ရှိနေသည်ကို တွေ့ရပါသည်။ အဆင့်မြင့် စိုက်ပျိုးရေးပညာအနေနှင့်မူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတည်းသာ ဘွဲ့ကြို၊ မဟာစိုက်ပျိုးရေးသိပ္ပံ၊ ပါရဂူဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပထမနှစ်တက်ရောက်ပညာ သင်ကြားလိုသူ ၃၀၀၀ ခန့် လျှောက်သော်လည်း ၆၀၀ ခန့်သာ ရွေးချယ်နိုင်ခဲ့ပါသည်။

ပညာရပ်များအတွက် စဉ်းစားစရာ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံတွင် တောင်သူဦးကြီးများအား လိမ်ညာလှည့်ဖြားသူ အတုအပ ပြုလုပ်သူများပြားနေခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် မြေသြဇာအတု၊ ပိုးသတ်ဆေးအတု၊ စံချိန်စံညွှန်းမပြည့်စုံသော မြေသြဇာ၊ ပိုးသတ်ဆေးများစသည်ဖြင့် အမျိုးစုံလှပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်ဝန်ထမ်းများသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများအရ အတုအပပြုလုပ်သောသူ၊ ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးအရေးယူခြင်းစသည်များကို စိုက်ပျိုးရေးသုံး ဆေးဆိုင်ရှိသော မြို့နယ်တိုင်းတွင် တောက်လျှောက်စစ်ဆေးလျက်ရှိသည်ကို မြန်မာ့ရုပ်မြင်သံကြားသတင်း၊ သတင်းဂျာနယ်များတွင် တွေ့ရှိနိုင်ပါသည်။ ဘာသာရပ်ဆိုင်ရာ ပညာအနေဖြင့် ပိုးသတ်ဆေးဆိုင်ရာ ဓာတုဗေဒပညာ (Pesticide Chemistry) လိုအပ်ပါမည်။


ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
THE UNION OF MYANMAR
THE STATE PEACE AND DEVELOPMENT COUNCIL
မြေသြဇာဥပဒေ
FERTILIZER LAW
၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁ရက်)
1st October 2002

မေတ္တာရှင်(ရွှေပြည်သာ)၏ စာရိတ္တပြိုင်ပွဲ စာအုပ်မှ သတ္တမတန်း ကျောင်းသူလေးတစ်ဦး၏ မေးခွန်းနှင့် ဆရာတော်၏အဖြေမှာ အလွန်စိတ်ဝင်စားဖို့ ကောင်းမွန်ပါသည်။ ကျောင်းသူလေးက "ဆရာတော်ဘုရား မြန်မာပြည်ဟာ ဗုဒ္ဓဘာသာဖြစ်ပါလျက် ဘာကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါနေရပါသလဲ။ အမေရိကန်၊ အင်္ဂလန်၊ ဥရောပ စတဲ့နိုင်ငံတွေက ဘာဖြစ်လို့ ကမ္ဘာမှာ ချမ်းသာနေရပါသလဲဘုရား" ဟု မေးရာ ဆရာတော်က မြန်မာပြည်တွင် အဒိန္နာဒါန (ခိုးယူခြင်း) နှင့် မုသာဝါဒ (မုသားပြောခြင်း) ပြုလုပ်သူ များပြားသောကြောင့် ဆင်းရဲခြင်းဖြစ်၍ ဥရောပနိုင်ငံအများစုသည် မုသားမပြော၊ မခိုးယူခြင်းကြောင့် ချမ်းသာကြခြင်းဖြစ်သည်ဟု ဟောပါသည်။ ကျွန်တော်တို့နိုင်ငံမှာ စကားမပြောနိုင်သော သစ်ပင်တွေအတွက် မြေသြဇာအတု၊ ပိုးသတ်ဆေးအတုများအပြင် စကားပြောနိုင်သော လူများအတွက် စားသောက်ကုန်အတု ဥပမာ-ကြက်ဥအတု၊ ဆန်အတု၊ ဂျုံအတု၊ ခေါက်ဆွဲခြောက်အတု၊ စားသုံးဆီအတု၊ တစ်ဖန် အေးခဲသက်တမ်းလွန် ကြက်သား၊ ငါးစသည်တို့နှင့် ပတ်ဝန်းကျင်တွင် ဝန်းရံလျက်ရှိရာ အစားအသောက်နှင့် အာဟာရ ဓာတုဗေဒ ဘာသာရပ် (Food Science and Nutrition) အတွက် သင်ကြား၊ လေ့လာ၊ သုတေသနပြုနိုင်သော တက္ကသိုလ်များလည်း နိုင်ငံအတွက် လိုအပ်လာပါလိမ့်မည်။

၂၀၁၅ ခုနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် ဂျပန်နိုင်ငံ တက္ကသိုလ်များမှ Project for Human Resource Development in Food-Related Areas through Partnership with Universities in ASEAN စီမံကိန်းအစီအစဉ်အရ အာဟာရဓာတ်ကျွမ်းကျင်သူ ပါမောက္ခများပညာရှင်များ လာရောက် သင်တန်းပို့ချပါလိမ့်မည်။ ထိုအခါ အာဟာရဓာတ်ပညာ (Food Nutrition) အကြောင်း လေ့လာနိုင်ပါမည်။ **(ဆက်လက်ဖော်ပြပါမည်)**

## ပညာရေးမြှင့်တင်မှု ဘာသာရပ်ဆိုင်ရာပြပွဲ ပြိုင်ပွဲကျင်းပရေး အလုပ်ရုံဆွေးနွေး

**မော်လူး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးပညာရေးအုပ်စု အုန်းဒုတ် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဇူလိုင် ၁၈ ရက်က ပညာရေးမြှင့်တင်မှုအတွက် ဘာသာရပ်ဆိုင်ရာ ပြပွဲကျင်းပရေးအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘက်စုံလွှမ်းခြုံသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရာတွင် မိမိတို့ ပညာရေးမိသားစုကျောင်းအတွင်း ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်သင်ပြမှုစွမ်းရည် ထက်မြက်ရေးအတွက် သင်ထောက်ကူကိရိယာများအသုံးပြုခြင်း၊ သင်ပြနည်းစနစ်အပေါ် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားလာပြီး ဘက်စုံဖွံ့ဖြိုးလာနိုင်ရန် ကဗျာ၊ ဂီတ၊ ရသ၊ ပုံပြော၊ တီးမှုတ်ကခုန်၊ ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုစာဖတ်စွမ်းရည်စာရေးစွမ်းရည်နှင့် အတွေးအခေါ်များထက်မြက်လာစေရန် ဆရာ ဆရာမ များက ဘာသာရပ်အလိုက်ပြပွဲပြိုင်ပွဲများ လုပ်ဆောင်သွားနိုင်ရေးကို ရည်ရွယ်လျက် သင်တန်းပြန်ဆရာ ဆရာမခြောက်ဦး ဦးဆောင်ကာအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်သွားခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကျောင်းပေါင်း ၁၆ ကျောင်းမှ ဆရာ ဆရာမ ၁၂၀ တက်ရောက်ကြကာ သင်ပြနည်းဆိုင်ရာ အသေးစိတ်တို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**



## ကြာအင်းဆိပ်ကြီး၌ အရန်သားဖွား သင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၁**

ကျေးလက်နေ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာစွာ မီးဖွားပေးနိုင်ရန်နှင့် မျိုးဆက်ပွားကျန်းမာရေး အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အရန်သားဖွားသင်တန်း ၂/၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး စာတွေ့၊ လက်တွေ့သုံးလသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောလင်းမြို့နယ်၌ မိုးရွာ၍ ရေကြီးမှုကြောင့် ကယ်ဆယ်ရေးပြုလုပ်သူ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ကောလင်း ဇူလိုင် ၂၁**

ကသာခရိုင် ကောလင်းမြို့နယ်တွင် ဇူလိုင် ၉ ရက်ကစ၍ ၁၁ ရက်အတွင်း စုစုပေါင်း မိုးရေချိန် ၂၉ ဒသမ ၅၅ လက်မ ရွာသွန်းခဲ့ရာ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မိုးနှံကျေးရွာ၊ ချောင်းကျေးရွာ၊ သက်ရက်ခုံကျေးရွာ၊ ညောင်ပင်ကျေးရွာ၊ အင်ကြောဇင်ကျေးရွာ၊ ညောင်ဝန်းကျေးရွာ၊ ဆီဆုံကျေးရွာ၊ ဝါးရုံကုန်းကျေးရွာ၊ သပြေအိုင်ကျေးရွာ၊ ရေကန်သာကျေးရွာ၊ ဆင်းမကျေးရွာနှင့် သဖန်းကုန်းကျေးရွာတို့တွင် ရေနစ်မြုပ်၍ လယ်မြေဧက ၂၆၅၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးပြုလုပ်သူ မီးသတ်တပ်ဖွဲ့ဝင် ဒုတပ်ကြပ် မောင်ဝေချစ်ဦး (၂၄ နှစ်) သည် ကောလင်းမြို့နယ် ညောင်ကိုင်နှင့် တောင်ပေါ်ရွာကြား ကားလမ်း၌ ကားရေထဲ မျောပါမှုကို ဆယ်ယူစဉ် သေဆုံးခဲ့သည်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် ကောလင်းမြို့ပေါ်ရှိ ရေဝန်ကျောင်းတိုက်နှင့် အနောက်ကျောင်းတိုက်တွင် ကယ်ဆယ်ရေးစခန်းထားရှိရာ ရေဘေးဒုက္ခသည် ၉၀၀၀ ခန့်နှင့် ကျေးရွာသူကျေးရွာသားများအတွက် ကျန်းမာရေးဆေးခန်း ဆောင်ရွက်ထားလျက်ရှိပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်း လှူဒါန်းနိုင်ရန် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်း ကားလမ်းများသွားလာနိုင်မှု ရပ်တန့်ခဲ့ရသည့်အတွက် ကုန်စျေးနှုန်းများဒေသများစွာကိုရိုက်ခတ်ခဲ့ရာ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ စျေးအနည်းဆုံးဖြစ်လာသည်။

ထို့ပြင် ကသာခရိုင် ကောလင်းမြို့နယ်၌ အရှေ့ဘက် ထီးချိုင့်၊ အနောက်ဘက်ပင်လည်ဘူး၊ တောင်ဘက်ကျွန်းလှ၊ မြောက်ဘက်ဝန်းသိုရှိရာ ပင်လယ်ရေမျက်နှာပြင်အထက် ၈၀၁ ပေ၊ အနောက်ဘက် မိုင် ၂၀ ကျော်ခန့် မင်းဝံတောင်တန်းမှ စီးဆင်းလာသော ရေအားကြောင့် ရေနုတ်မြောင်းများနှင့် တံတားတည်ဆောက် ထားရှိမှုများသည် အနိမ့်အမြင့်ပေါ် မူတည်၍ မိုးရွာမှုအားကောင်းလာရာ ရေစီးရေလာ မကောင်းခြင်းကြောင့် တည်ဆောက်ထားရှိသော ဆည်တာ တမံ ထိန်းသိမ်းနိုင်မှုမရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ညောင်ဦးမြို့နယ်၌ မိုးရွာ၍ မြေပဲနှင့် ပဲတီစိမ်းများစိုက်ပျိုး

**ညောင်ဦး ဇူလိုင် ၂၁**

ညောင်ဦးမြို့နယ်၌ ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီက မိုးရွာသွန်းခဲ့သည်။ အဆိုပါ ရွာသောမိုးနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်တောင်သူများ ခြောက်လပဲခေါ် မြေပဲကြီး စိုက်ပျိုးခြင်း၊ သုံးလပဲခေါ် မြေပဲလေးစိုက်ပျိုးခြင်းများ ပြုလုပ်ကြသည်။

"ဒီတစ်ခါတော့ မိုးက တော်တော်လေးရွာပါတယ်။ ချောင်းတွေ မြောင်းတွေလည်းကျတယ်။ သောက်ရေကန်တွေတော့ ရေမဝင်ပါဘူး။ တောင်သူတွေ မိုးရွာလို့ ဝမ်းသာ ကြတယ်။ အခု ကျွန်တော်တို့ ကြဲတာ ဝါဆိုပဲလို့ ခေါ်ပါတယ်။ မိုးဦးတုန်း ကလည်း ကြဲခဲ့ပါတယ်။ တစ်ရက် လောက်ပဲ ကြဲလိုက်ရတာ။ တစ်ရက် နွားနှစ်ရှဉ်း ကြဲတာဆိုတော့ ၁၅ တင်းလောက်ပဲ ကြဲလိုက်ရတယ်။ နောက်နေ့ရောက်တော့ မြေကြီးက ခြောက်သွားတယ်။ မကြဲလိုက်ရတော့ဘူး။ အခုမိုးကျလာမှပဲ ထပ်ကြဲရတယ်။ ဒီနှစ်လည်း တောင်သူတွေ ပဲရလိမ့်မယ်လို့ ထင်ထားတယ်။ အခု မိုးက နှစ်ရက်၊ သုံးရက်တည်း ကြဲလို့ရပါတယ်။ အခုလည်း ထပ်ပြီး လေးငါးတင်း ထပ်ကြဲပါတယ်။ အားလုံးဆိုရင် မြေပဲတင်း ၂၀ လောက်ကြဲရပါတယ်" ဟု ညောင်ကြီးရွာသား မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ မိုးရွာပြီး မိုးဦးပဲများ စိုက်ပျိုးကာ မိုးလယ်ပဲအဖြစ် မြေပဲများ စိုက်ပျိုးခဲ့ကြကြောင်း ငှါသရောက်မြို့နယ် မောင့်ခွက်တောကျေးရွာနှင့် အိုရင်းကျေးရွာနေ ပြည်သူများထံမှ သိရသည်။

**ကျော်ငွေး(ညောင်ဦး)**

# ကျောက်ကြီးမြို့နယ်၌ လယ်သမား ၄၁၀၅ ဦးအား စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၃၀၈၇၀ ထုတ်ချေးပေးပြီးဖြစ်

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိုးရာသီလယ်ယာလုပ်ငန်းခွင် အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၁၇ ရက်အထိ တောင်သူလယ်သမား ၄၁၀၅ ဦးသို့ ငွေကျပ်သိန်း ၃၀၈၇၀ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

"ကျေးရွာအုပ်စု ၃၃ အုပ်စု ထုတ်ချေးပေးရာမှာ ၂၇ အုပ်စုကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့ခြောက်အုပ်စုကိုလည်း ဩဂုတ်လ မကုန်မီ အပြီးထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ကျောက်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးရိစိုးက စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းပြသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို လယ်တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ယမန်နှစ်က ငွေကျပ်သိန်းပေါင်း ၄၈၅၅၇ သိန်း ထုတ်ချေးပေးခဲ့ကာ ယခုနှစ်တွင် လယ်ယာစိုက်ပျိုးမြေဧက ပိုမိုလာနိုင်ပြီး ယမန်နှစ်ကထက် စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုလာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**(၀၄၅)**

# မိုးစပါးပုလဲသွယ်မျိုးစေ့ချပွဲ တောင်ကုတ်၌ကျင်းပ



**တောင်ကုတ် ဇူလိုင် ၂၁**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မိုးစပါးပုလဲသွယ် ၁၀ ဧက မျိုးစေ့ချပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကုတ်မြို့ ပေါက်ပြင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးခင်မောင်စိုး၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်နှင့် စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့်ဝန်ထမ်းများ၊ ပေါက်ပြင်ကျေးရွာအုပ်စုမှ တောင်သူများတက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများက မျိုးစေ့ချပွဲကို လက်တွေ့သရုပ်ပြကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သိပ္ပံနည်းကျ GAP စနစ်ပျိုးထောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ

# လွှတ်တော်ရေးရာကိစ္စရပ်များ၌ ပြည်သူလူထုပါဝင်နိုင်မှုကို မြှင့်တင်ခြင်းသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၂၀**

ပြည်သူလူထုနှင့် ဥပဒေပြုမဏ္ဍိုင် (လွှတ်တော်)ကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် လွှတ်တော်ရေးရာကိစ္စရပ်များတွင် ပြည်သူလူထုပါဝင်နိုင်မှု မြှင့်တင်ခြင်းသင်တန်းကို ကရင်ပြည်နယ် ဘားအံရုံးခန်းမ၌ ဇူလိုင် ၁၆ ရက်နှင့် ၁၈ ရက်တို့က ကျင်းပခဲ့သည်။

သင်တန်းတွင် ဒီမိုကရေစီမိတ်ဆက်၊ ဒီမိုကရေစီအစိုးရစနစ်၊ မြန်မာနိုင်ငံရေးစနစ်နှင့် လွှတ်တော်များအကြောင်း၊ ပြည်သူ့ဗဟိုပြုချဉ်းကပ်ခြင်း သို့မဟုတ် အသိပေးဆွေးနွေးခြင်း၊ လွှတ်တော်အမတ်များ၏ဝန်ဆောင်မှုနှင့် ပြည်သူလူထု၏ အခက်အခဲများကို လွှတ်တော်သို့ တင်ပြပုံနည်းလမ်းများ စသည့်ဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းဆရာ ကိုစစ်မော် (Institute for Political and Civic Engagement Program) က သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းဆရာ ကိုစစ်မော်သည် လက်ရှိရန်ကုန်မြို့ အမေရိကန်စင်တာ၌ အခြေစိုက်ကာ Institute for Political and Civic Engagement Program တွင် သင်တန်းဆရာအဖြစ် Advocacy in Democracy Democratic Foundation Peace Advocacy ဘာသာရပ်များကို သင်ကြားပေးနေပြီး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် မစ္စတာ ဒဲရက်မစ်ချဲရှယ်၏ လူငယ်ရေးရာ မူဝါဒဆိုင်ရာ လူငယ်သံတမန် အကြံပေးအဖြစ် လုပ်ကိုင်လျက်ရှိရာ အဆိုပါသင်တန်းများကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတို့တွင် ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းသား ကိုစိုးစံမင်းက ယခုသင်တန်းသို့ တက်ရောက်သူများ အနေနှင့် ဒီမိုကရေစီအစိုးရတစ်ရပ်၏ အခြေခံသဘောတရားများ၊ လုပ်ငန်းဆောင်ရွက်ပုံများကို နားလည်သဘောပေါက်၍ သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ဝန်ဆောင်မှုများကို ပြည်သူများ သိရှိနားလည်ပြီး လွှတ်တော်အမတ်များထံတွင် မိမိတို့၏အခက်အခဲများကို တင်ပြနိုင်မည်ဖြစ်ကြောင်း၊ အဓိကအချက်မှာ ပြည်သူများကိုယ်တိုင် လွှတ်တော်ရှိ ဥပဒေပြုရေးဖြစ်စဉ်များတွင် တက်တက်ကြွကြွ ပါဝင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

# လမ်းရေကျော်နေသည့် နေရာကို ဆိုင်ကယ်ဖြင့်ဖြတ်ကူးစဉ် ရေမျောပါသွားသဖြင့် လူတစ်ယောက်ပျောက်ဆုံးနေ

**ကောလင်း ဇူလိုင် ၂၁**

ကောလင်းမြို့နယ် ဥတုံးပင်ကျေးရွာမှ မြောက်ဘက်နှစ်မိုင်ခန့်အကွာ ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ လမ်းရေကျော်နေသည့်နေရာတွင် ဆိုင်ကယ်ဖြင့်ဖြတ်ကူးစဉ် ရေမျောပါသွားသဖြင့် လူတစ်ယောက်ပျောက်ဆုံးနေကြောင်း သိရသည်။

တန့်ဆည်မြို့နယ် ပန်းတိမ်ကုန်းကျေးရွာနေ လက်သမားလုပ်ကိုင်သူ မောင်ငြိမ်း (၂၀နှစ်)မောင်းနှင်လာပြီး တစ်ရွာတည်းနေ ဦးကျော်လင်း (၄၇ နှစ်)က နောက်တွင်လိုက်ပါစီးနင်းလာသည့်ဆိုင်ကယ်သည် ဇူလိုင် ၁၉ ရက် မနက် ၇ နာရီခန့်က ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ် မိုင်တိုင်အမှတ်(၇၉/၄) နှင့်(၇၉/၅)အကြား တံတားအမှတ်(၆၀/၈)နှင့်(၆၀/၉)အနီးရှိ မိုးရေကြီးသဖြင့် လမ်းရေကျော်နေသည့်နေရာကို ဖြတ်သန်းမောင်းနှင်စဉ် ဆိုင်ကယ်မှာ ရေစီးတွင် မျောပါသွားခဲ့ခြင်းဖြစ်သည်။

ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းသူ ဦးကျော်လင်းကို အသက်အန္တရာယ်မထိခိုက်ဘဲ ပြန်လည်တွေ့ရှိခဲ့ရသော်လည်း ဆိုင်ကယ်မောင်းနှင်သူ မောင်ငြိမ်းကို ရှာဖွေတွေ့ရှိခြင်းမရှိသေးဘဲ ဆိုင်ကယ်နှင့်အတူ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ပျောက်ဆုံးနေသူအား ခန်သာရဲကင်းစခန်းမှူး ရဲအုပ်သန်းဇော်နှင့်အဖွဲ့က ဥတုံးပင်ကျေးရွာနှင့် တောင်ပုံကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံရွာသားများအကူအညီဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။ **ဦးရဲ(ကသာ)**



# ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်လျက်ရှိ

**ပေါက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိကျေးရွာများ၌ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ခင်ရှည်ကျေးရွာအုပ်စု ဝန်လဲ(အောက်စု)ကျေးရွာ၌ ဇူလိုင် ၁၉ ရက်မှစ၍ ဆိုလာစနစ်ဖြင့် ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးရပြီဖြစ်ကြောင်း သိရသည်။

ဝန်လဲ(အောက်စု)ကျေးရွာတွင် ဆိုလာမီးလင်းရေးအတွက် တစ်အိမ်လျှင် ၈၀ ဝပ်ဆိုလာပြားတစ်ချပ်၊ ၁၂ ဗို့ဘက်ထရီတစ်လုံး၊ Controller တစ်ခု၊ ၃၀၀ ဝပ်အင်ဗာတာတစ်လုံးစီအပါအဝင် ဆက်စပ်ပစ္စည်း ၁၀ မျိုးကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အိမ်ခြေ ၃၇ အိမ်အတွက် ရန်ပုံငွေ ကျပ် ၇၀၃၀၀၀၀ ကို အသုံးပြုဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဇော်ဦးထံမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပေါက်မြို့နယ်အတွင်း ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် တစ်အိမ်လျှင် ကျပ်တစ်သိန်းကိုးသောင်းနှုန်းကျသင့်သော ဆိုလာများကို ဦးစီးဌာနရန်ပုံငွေဖြင့် တပ်ဆင်ပေးလျက်ရှိကြောင်း၊ ဝန်လဲ(အောက်စု)ကျေးရွာအပါအဝင် ကမ်းပျို့ကျေးရွာမှ အိမ်ခြေ ၃၄၅ အိမ်အတွက် ရန်ပုံငွေကျပ် ၆၅၅၅၀၀၀၀ ဖြင့်လည်းကောင်း၊ သန်းတောအိုင့်ကျေးရွာမှ အိမ်ခြေ ၇၈ အိမ်အတွက် ရန်ပုံငွေကျပ် ၁၄၈၂၀၀၀၀ ဖြင့်လည်းကောင်း၊ ကျောက်တန်းကျေးရွာမှ အိမ်ခြေ ၆၉ အိမ်အတွက် ရန်ပုံငွေကျပ် ၁၃၁၁၀၀၀၀ ဖြင့်လည်းကောင်း ဆိုလာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာလေးရွာမှ အိမ်ခြေ ၅၂၉ အိမ်အတွက်အတွက် စုစုပေါင်း ရန်ပုံငွေကျပ် ၁၀၀၅၁၀၀၀၀ ကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်သင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ ကြီးမှူး၍ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် ဘွဲ့လွန်ဒီပလိုမာသင်တန်း (PGDGIS) အမှတ်စဉ်(၁/၂၀၁၅)နှင့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် အသိအမှတ်ပြုလက်မှတ်ရသင်တန်း(Ceitificate in GIS)အမှတ်စဉ် (၁/၂၀၁၅)တို့ကို မန္တလေးတက္ကသိုလ် သုတေသနဌာနရှိ ပထဝီဝင် သုတေသနခန်းမ၌ ဇူလိုင် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် ဘွဲ့လွန်ဒီပလိုမာသင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း တစ်ရက်လျှင် လေးနာရီကြာဖွင့်လှစ်ပြီး သင်တန်းကာလမှာ ၂၀၁၆ ခုနှစ် ဧပြီလအထိ ကိုးလကြာမြင့်မည်ဖြစ်သည်။ အသိအမှတ်ပြုလက်မှတ်ရသင်တန်းကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း တစ်ရက်လျှင် နှစ်နာရီကြာ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းကာလမှာ စက်တင်ဘာလအထိ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အမှာစကားပြောကြားခဲ့ပြီး ပထဝီဝင်ပါမောက္ခ(ဌာနမှူး) ဒေါက်တာနေဝင်းက ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်သင်တန်း အကြောင်းအရာများနှင့် နည်းပညာများ၏ အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပထဝီဝင် ပါရဂူဘွဲ့ကျမ်း ကြီးကြပ်ရေးအဖွဲ့မှ ဆရာမကြီးဒေါ်စန်းအောင်၊ ပထဝီဝင်ဌာနကထိက သင်တန်းတာဝန်ခံ ဒေါက်တာအောင်ကိုကိုနှင့် နည်းပြဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်(MU)**

## သတင်းတိုများ

### အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့ပြီး ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# သဘာဝတော်လှအင်းအတွင်း ငါးကောင်ရေတစ်သိန်းကျော် မျိုးစိုက်ထည့်

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များတွင် ရေနေသတ္တဝါများ ပေါကြွယ်ဝပြီး မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးကောင်းမျိုးသန့်ငါးများ ဒေသအတွင်း ပျံ့နှံ့ပေါများ၍ ငါး၊ ပုစွန်မွေးမြူခြင်းဖြင့် ဒေသခံပြည်သူများဝင်ငွေရရှိစေရန်၊ အဆိုပါမြစ်ချောင်းအင်းအိုင်များမှတစ်ဆင့် အခြားမြစ်ချောင်းအင်းအိုင်များသို့ ပျံ့နှံ့ရောက်ရှိပြီး ဒေသခံပြည်သူများအတွက် စားရိက္ခာပြည့်စုံစေရန် ရည်ရွယ်၍ ဘားအံမြို့နယ် မိကရင်ကျေးရွာရှိ သဘာဝတော်လှအင်းအတွင်းသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ငါးဦးစီးဌာနမှ ဇူလိုင် ၁၈ ရက်က ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက ငါးသယံဇာတထိန်းသိမ်းနည်းနှင့် မျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ် သတ္တဗေဒဌာနမှ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေဒေသခံ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ငါးမြစ်ခြင်း၊ ငါးခုံးမကြီး၊ ဆလားဗီးယားစသည့် ငါးမျိုးများနှင့် ဒေသငါးမျိုးများဖြစ်သည့် ငါးခူ၊ ငါးသစ်တုံးနှင့် လိပ်များ စုစုပေါင်း ငါးကောင်ရေတစ်သိန်းကျော်ကို မျိုးစိုက်ထည့်ခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်း၌ ငါးသယံဇာတ ပေါကြွယ်ဝရေးအတွက် မြစ်ချောင်းအင်းအိုင်များ၊ ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကာ ယခင်နှစ်က ငါးကောင်ရေတစ်သန်းနီးပါးကို မျိုးစိုက်ထည့်ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း ငါးကောင်ရေသုံးသိန်းကျော် မျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက်သို့ သုတရသစာအုပ်မျိုးစုံနှင့် ဂျာနယ်များလှူဒါန်း

**ဂန့်ဂေါ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ရှုံးရှိကျေးရွာ စာကြည့်တိုက်ကော်မတီသည် ဟောင်းနွမ်းနေသည့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံအစား စာကြည့်တိုက်အဆောက်အအုံသစ်ကို ကိုယ့်အားကိုယ်ကိုး ပြန်လည်ဆောက်လုပ်လျက်ရှိရာ အဆိုပါစာကြည့်တိုက်သစ် တည်ဆောက်ပြီးပါက ထားရှိရန်အတွက် သုတရသ စာအုပ်မျိုးစုံ အုပ်ရေတစ်ရာကျော်နှင့် ဂျာနယ်များကို ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်နေ ဦးသောင်းလွင်မိသားစုမှ ဇူလိုင် ၁၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။



"ကျွန်တော့်အနေနဲ့ စာကြည့်တိုက်ကို စတင်ပြင်ဆင်ဆောက်လုပ်စဉ်ကစလို့ အလှူငွေ ကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ပြီးတော့ ကျေးရွာနေပြည်သူတွေ ဖတ်ရှုနိုင်ဖို့ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းလျက်ရှိပါတယ်။ စာကြည့်တိုက်မှာ တာဝန်ထမ်းဆောင်နေတဲ့ စာကြည့်တိုက်မှူးကိုလည်း တစ်လအတွက် ငွေကျပ်တစ်သောင်း ထောက်ပံ့သွားပါမယ်"ဟု စာအုပ်အလှူရှင် ဦးသောင်းလွင်က ပြောသည်။

ရှုံးရှိရွာ ကျေးလက်တောရွာ ပြုပြင်ရေးစာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ အသိပညာတိုးတက်ပြန့်ပွားရေးအတွက် ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စာကြည့်တိုက် နှစ်(၅၀) ပြည့် ရွှေရတုသဘင်နှင့် စာဆိုတော်ပွဲကို ၂၀၀၄ ခုနှစ်က စည်ကားစွာကျင်းပခဲ့ကြောင်း စာကြည့်တိုက်ကို ဦးဆောင်တည်ထောင်ခဲ့သူ လွတ်လပ်ရေးမော်ကွန်းဝင်(တတိယ)ဆင့် ဆရာကြီး ဦးရှန်းမော်က ပြောသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းမှ စတင်၍ အုတ်ညှပ်၊ အုတ်ခင်း၊ သွပ်မိုးအဖြစ် ပြန်လည်တည်ဆောက်လျက်ရှိကာ ဇူလိုင်လကုန်တွင် ပြီးစီးနိုင်မည်ဖြစ်ပြီး အဆောက်အအုံပြီးစီးပါက စာကြည့်တိုက်ပြန်လည်ဖွင့်လှစ်ကာ စာအုပ်များငှားရမ်းပေးခြင်း၊ အသင်းဝင်အသစ်များလက်ခံခြင်းစသည့် စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# ကျောက်ကြီးပြည်သူ့ဆေးရုံ၌ ၅၀ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ၅၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ခြင်းကို ဇူလိုင် ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၈ရက်က ပြီးစီးခဲ့ပြီး လျှပ်စစ်ဓာတ်အား စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"အစကအများသုံး ရပ်ကွက်ထရန်စဖော်မာကတစ်ဆင့် လျှပ်စစ်ဓာတ်အားကို ယူသုံးနေရတော့ အဆင်မပြေဘူး။ ဓာတ်အားပြတ်တောက်မှုတွေ ဓာတ်အားကျဆင်းမှုတွေ မကြာခဏဖြစ်ခဲ့တယ်။ပြီးတော့ ၃၃ ကေဗွီ ဓာတ်အားလိုင်းလည်း မကြာခင်ပြီးတော့မှာဖြစ်လို့ ပိုပြီးအဆင်ပြေသွားမှာဖြစ်ပါတယ်"ဟု ကျောက်ကြီးမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးမျိုးမင်းဦးက ရှင်းပြသည်။

ကျောက်ကြီးမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ကျေးရွာအရောက် ဆောင်ရွက်လျက်ရှိရာ ၃၃ ကေဗွီလျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်တပ်ဆင်မှုမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဟုသိရသည်။ **(ဝ၄၅)**

# ယာဉ်နောက်လိုက်မောင်းနှင်သော ကုန်တင်ယာဉ် အရှိန်လွန်ပြီး ဆိုင်ကယ်ပြင်ဆိုင်နှင့် နေအိမ်ကိုဝင်တိုက်မိရာမှ အိပ်ပျော်နေသူတစ်ဦးသေဆုံး

**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဇူလိုင် ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်မောင်းနှင်သူအိပ်ငိုက်ကာ လမ်းဘေးရှိ ဆိုင်ကယ်ပြင်ဆိုင်နှင့် လူနေအိမ်တို့အား ဝင်တိုက်မိပြီး ဆိုင်ကယ်ပြင်ဆိုင်ထဲ၌ အိပ်ပျော်နေသူနှစ်ဦးအနက် တစ်ဦးနေရာတွင်သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းကုန်းကျေးရွာတောင်ပိုင်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၈၃/၃ နှင့် ၄ အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျွန်းကုန်းနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဂျော်နီသိန်းနှင့် အဖွဲ့ကသွားရောက်စစ်ဆေးခဲ့ရာ ကားလမ်းအတိုင်း မြောက်မှတောင်သို့ မင်းမင်းသိန်း (၂၃နှစ်) (ယာဉ်နောက်လိုက်) မြင်စိုးရပ် ကျောက်ဆည်မြို့နေသူမောင်းနှင်ပြီး နောက်ခန်းတွင် အောင်သူရ(၃၀နှစ်)၊ (ယာဉ်မောင်း) တံစိုးရပ် ကျောက်ဆည် မြို့နေသူလိုက်ပါလာသော ဘီလပ်မြေအိတ် ၆၀၀ တင်ဆောင်လာသည့် ဒီဇယ် ၂၂ ဘီး ကုန်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် ကားလမ်း၏ အရှေ့ဘက်ရှိ သစ်ပင်အား ဝင်တိုက်ကာ ဆိုင်ကယ်ပြင်ဆိုင်နှင့် တောင်ဘက်ကပ်လျက်ရှိ ဦးသိန်းဝင်း၏တစ်ထပ်တိုက် နေအိမ်ရှေ့ဝရန်တာနှင့်အုတ်နံရံကို ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပြင်ဆိုင်အတွင်း အိပ်ပျော်နေသူ ဖိုးသကြန်(ခ)ဆန်းလှိုင်ထူး(၂၂နှစ်)၊ ကိုဂျူး(ခ)ဂျူးကိုကို(၁၈နှစ်)တို့ နှစ်ဦးနှင့် ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီးတို့ကိုတိုက်မိခဲ့ပြီး ကိုဂျူး(ခ) ဂျူးကိုကိုမှာနေရာတွင် သေဆုံးကာ ဖိုးသကြန်တွင် ဒဏ်ရာများရရှိသွားခဲ့သည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဦးကျော်လှိုင်က "သေသွားတာက ကျွန်တော့်တူတော်တယ်။ ဖိုးသကြန်က ကျွန်တော့်သား၊ ကားကမောင်းလာတာ အရှိန်တော်တော်ပြင်းတယ်။ ဆိုင်ရှေ့မှာရှိတဲ့ ဗာဒံပင်ကိုအရင်ဝင်တိုက်တာပြီးမှ ဆိုင်ကိုအကုန်လုံးတိုက်ချသွားတယ် "ဟု ပြောပြသည်။

အမှုနှင့်ပတ်သက်၍ ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ပြင်ဦးလွင်၌ အာဇာနည်နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၂၁**

(၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဖြူစင်မေတ္တာ သွေးလှူရှင်အသင်းမှ (နဝမအကြိမ်) စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက်က ပြင်ဦးလွင်မြို့ မိုးညို ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများ၊ ရပ်ကွက်ကျေးရွာများမှ သွေးလှူရှင်များ အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး သွေးပုလင်းပေါင်း ၄၀၀ ကျော် လှူဒါန်းနိုင်ခဲ့သည်။ ကြွရောက်လာကြသော ဧည့်ပရိသတ်များကို စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းက နေ့လည်စာထမင်းဖြင့် ကုသိုလ်ယူတည်ခင်း ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**



# ရမည်းသင်းမြို့နယ် ပေါက်တောကျေးရွာတွင် ရှေးဟောင်းစေတီ ထီးတော်တင်လှူ

**ရမည်းသင်း ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကုလားမျှောအုပ်စု ပေါက်တောကျေးရွာ နေလကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် မြတ်ညီနောင် စေတီတော်မြတ် ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကစာတင်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရမည်းသင်းမြို့နယ် တပ်ကုန်းမြို့နယ်များမှ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဆရာတော်များ၊ ရွာတန်းတိုက်နယ် ၂၄ ရွာမှ ဆရာတော်များကြွရောက်ကြသည်။ ပေါက်တောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်များက ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် မင်္ဂလာအချိန်တွင် ပင်မစေတီတော်ကြီး၏ ထီးတော်နှင့် အရံစေတီတော်တို့မှ ထီးတော်များကို တင်လှူကြသည်။

ယင်းလောကမာန်အောင် စေတီတော်ကြီးမှာ ဉာဏ်တော် ၂၉ တောင်ရှိကာ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည်။ စေတီတော်မှာ နှစ်ကာလကြာမြင့်၍ ပျက်စီးယိုယွင်းလျက်ရှိရာ ပေါက်တောရွာ နေလကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရမှ ဦးဆောင်၍ ထီးအလှူရှင်များဖြစ်ကြသော ပေါက်တောရွာနေ ဦးဝင်းမောင်-ဒေါ်ခင်မြ မိသားစုနှင့် ပေါက်တောရွာအပါအဝင် ဒေသအသီးသီးမှ အလှူရှင်များ၏ စုပေါင်းထည့်ဝင် လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အက်ကလေး(ရမည်းသင်း)**

# အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ကော့မှူး ဇူလိုင် ၂၁**

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်နှင့် ကော့မှူးမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းစီစဉ်သည့် (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ ကော့မှူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦးနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ ကျပန်းစကားပြောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခြောက်ဦးပါဝင်ယှဉ်ပြိုင်ပြီး အထက(ထမ္မနိုင်)မှ မောင်ထက်မြတ်ဖြိုးဦးက ပထမ၊ အထက(ကော့မှူး)မှ မောင်သက်နိုင်ထွေးက ဒုတိယနှင့် အထက(ဝါးသောက်)မှ မထက်ဆုမြတ်နိုးဦးက တတိယရရှိပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ကျော်သူရ(ကော့မှူး)**

# ရာသီအကြိုပြင်ဆင်မှုတွေနဲ့ ဘိုင်ယန်မြူးနစ်

မိုးမြင့်လင်းလက်



ဒီနှစ် နွေရာသီအပြောင်းအရွှေ့ကာလမှာတော့ ဂျာမနီမြေက ဘွန်ဒက်လီဂါထိပ်သီး ဘိုင်ယန်မြူးနစ်တို့လည်း ဘောလုံးသမားအသစ်ခေါ်ယူမှုတွေနဲ့အတူ ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ နည်းပြ ဂွါဒီယိုလာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက အကောင်အထည်မဖော်နိုင်ခဲ့တဲ့ ဖလားသုံးလုံးအိပ်မက်ကို လာမယ့်ရာသီမှာ သေချာပေါက် ဖော်ဆောင်နိုင်ရေး အခုကတည်းက ကြိုးစားနေပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်နွေရာသီမှာ အသင်းရဲ့ကစားသမား ရှဝိန်းစတိုင်ဂါကိုပြောင်းရွှေ့ကြေး ယူရို ၂၀ ဒသမ ၂၅ သန်းနဲ့ မန်ယူကို ရောင်းချခဲ့ပေမယ့် အဲဒီငွေကြေးနဲ့ ကစားသမားသုံးဦးကို ပြန်လည်ဝယ်ယူခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ စတုဂတ်အသင်းမှ ကမ်မစ်ချ်ကို ပြောင်းရွှေ့ကြေး ယူရို ၈ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့သလို အဲဒီအသင်းက ယူလစ်ချ်ကိုလည်း ယူရို ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။ ဒ့ါအပြင် ရှက်တာဒိုနက်အသင်းက ကော်စတာကိုတော့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ နဲ့ ခေါ်ယူခဲ့တာမို့ ဒီနှစ်အတွက် ကစားသမားသစ်ဖြည့်ဆည်းမှုကို အလောတကြီး မလုပ်တော့ဘူးလို့ နည်းပြ ဂွါဒီယိုလာက ပြောနေပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ပြီးခဲ့တဲ့နှစ်က ဘောလုံးသမားခေါ်ယူမှုမှာ စျေးအမြင့်ဆုံးအဖြစ် ဘီနာတီရာကို ယူရို ၂၈ သန်းနဲ့ ခေါ်ယူသလို ဒီနှစ်မှာ စျေးအမြင့်ဆုံးအနေနဲ့ ကော်စတာတစ်ဦးတည်းကိုပဲ ခေါ်ယူခဲ့ခြင်းဖြစ်တာမို့ လက်ရှိစုဖွဲ့ထားတဲ့ ကစားသမားအင်အားကိုပုံစံမပျက် ပြန်လည်မွမ်းမံခြင်းအဖြစ်လည်း ပုံဖော်နေခြင်းဖြစ်ပါတယ်။

နည်းပြ ဂွါဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်ဟာ ပြီးခဲ့တဲ့နှစ်က ဖလားသုံးလုံးလမ်းကြောင်းပေါ်မှာ အချိန်ကြာမြင့်စွာပြေးနိုင်ခဲ့ပေမယ့် ရာသီကုန်ချိန်မှာတော့ ဘွန်ဒက်လီဂါဖလားတစ်လုံးနဲ့ပဲ ကျေနပ်ခဲ့ရတဲ့အဖြစ်ကို နည်းပြ ဂွါဒီယိုလာက ခံပြင်းနေတာမို့ လာမယ့်ဘောလုံးရာသီမှာ ခြေစွမ်းပြပြီး ပြိုင်ဘက်တိုင်း ထိတ်လန့်နေရမယ့်အသင်းအဖြစ် ပုံသွင်းနေခြင်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ပြီးခဲ့တဲ့နှစ်က တိုနီခရုစ်ကို ယူရို သန်း ၃၀နဲ့ ရောင်းချခဲ့မှုကြောင့် အသင်းရဲ့ ကစားအားထိခိုက်ခဲ့သလို ကစားသမားအစားထိုးခေါ်ယူမှုအနေနဲ့ ဘီနာတီရာကို ယူရို ၂၈ သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် ထိထိရောက်ရောက်အကျိုးပြုမှုတော့ မရှိခဲ့ပါဘူး။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပြိုင်ပွဲစုံစုစုပေါင်း ၅၂ ပွဲကစားခဲ့ပြီး ၃၆ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးနိမ့်ခဲ့တဲ့မှတ်တမ်းရရှိခဲ့သလို သွင်းဂိုးပေါင်း ၁၂၃ ဂိုးနဲ့ ပေးဂိုး ၃၆ ဂိုးရှိခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာဟာ လာမယ့် ဘောလုံးရာသီမှာ ဘွန်ဒက်လီဂါဖလားနဲ့ ချန်ပီယံလိဂ်ဖလားကို ပစ်မှတ်ထားနေတာမို့ အသင်းရဲ့ အဓိကကစားသမားတွေ မထွက်ခွာအောင် စည်းရုံးထားနိုင်ခဲ့ပေမယ့် မန်ယူက ရှဝိန်းစတိုင်ဂါကို ခေါ်ယူသွားပြီဖြစ်သလို ပြီးခဲ့တဲ့ ဘောလုံးရာသီက အဖွင့်ဂိုးအများဆုံး သွင်းယူခဲ့တဲ့ တိုက်စစ်မှူး လီဝမ်ဒေါစကီးကိုလည်း မန်ယူက ထပ်မံစိတ်ဝင်စားနေတာမို့ ဂွါဒီယိုလာလည်း စိတ်အနှောင့်အယှက်ဖြစ်နေတာတော့ အမှန်ပါပဲ။

တကယ်တော့ ဘိုင်ယန်မြူးနစ်မှာ အဓိက ဘောလုံးသမားတွေအဖြစ် ရော်ဘင်၊ မူလာနဲ့ လီဝမ်ဒေါစကီးတို့က အဓိကမောင်းနှင်အားတွေဖြစ်ပေမယ့် အရွယ်လွန် ရော်ဘင်နဲ့ အပြောင်းအရွှေ့စိတ်များနေတဲ့ လီဝမ်ဒေါစကီးတို့ကလည်း အသင်းအတွက် ရာနှုန်းပြည့်ပေးဆပ်နိုင်မှုရှိမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အသင်းလိုက် ဟန်ချက်ညီပြီး ရလဒ်ကောင်းတွေ ဖော်ဆောင်နိုင်နေတဲ့ ဘိုင်ယန်မြူးနစ်ဟာ လာမယ့် ဘောလုံးရာသီမှာ ဘယ်လိုရလဒ်တွေနဲ့ မျှော်မှန်းထားတဲ့ ဆုဖလားတွေရယူနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## အထောင်တိုက်စစ်နေရာ ဆက်ရှိနိုင်တဲ့ ရှွန်းနေ

ပြီးခဲ့တဲ့ရာသီက ကွင်းလယ်ကစားသမားအဖြစ် ကစားခဲ့ရတဲ့ တိုက်စစ်မှူး ရှွန်းနေဟာ လာမယ့်ရာသီမှာတော့ အထောင်တိုက်စစ်မှူးနေရာမှာ ဆက်လက်ရှိနေနိုင်တယ်လို့ ဘောလုံးလေ့လာသူတွေကဆိုပါတယ်။ အဓိက တိုက်စစ်မှူးတွေဖြစ်တဲ့ ဖယ်ကာအိုနဲ့ ဗန်ပါစီတို့ ထွက်ခွာသွားပြီဖြစ်တဲ့အတွက် ရှွန်းနေဟာ အဓိကတိုက်စစ်ကို ဦးဆောင်ကစားလိမ့်မယ်လို့ ဆိုပါတယ်။ မန်ယူအသင်းခေါင်းဆောင် ရှွန်းနေဟာ ပြီးခဲ့တဲ့ရာသီက ကွင်းလယ်ကစားသမားအဖြစ် ကစားခဲ့ရတဲ့အတွက် ဂိုးပေါင်း ၁၄ ဂိုးအထိသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ရှွန်းနေဟာ ရာသီအကြို ပြိုင်ပွဲများမှာတော့ အဓိကအထောင် တိုက်စစ်မှူးနေရာမှာ ဝင်ရောက်ကစားနေတာတွေ့ရပါတယ်။ ရှွန်းနေဟာ အသက် ၃၃နှစ်အထိ မန်ယူရဲ့အဓိက တိုက်စစ်မှူးအဖြစ် ဆက်ရှိနိုင်ပြီး အသင်းရဲ့ ထိပ်တန်းဂိုးသွင်းပေးနိုင်တဲ့ ကစားသမားအဖြစ် ဆက်လက်ရှိနိုင်တယ်လို့ ဆိုပါတယ်။



သို့ပေမယ့်လည်း နည်းပြ ဗန်ဟားလ်ရဲ့ နည်းဗျူဟာအရ ရှွန်းနေဟာ ကွင်းလယ်ကစားသမားလည်းဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ကွင်းလယ်ကစားသမားသစ်တွေကို ခေါ်ယူလိုက်ပြီဖြစ်တဲ့အတွက် လာမယ့်ပရီမီယာလိဂ်မှာတော့ အဓိကတိုက်စစ်ကို ဦးဆောင်ကစားမယ့်သူလို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## လီဗာပူးတိုက်စစ်မှူးဖြစ်လာမယ့် ဘင်တီကီ

အက်စ်တွန်ဗီလာတိုက်စစ်မှူး ခရစ်စတီယန်ဘင်တီကီဟာ ပေါင် ၃၂ ဒသမ ၅ သန်းနဲ့ လီဗာပူးသို့ ပြောင်းရွှေ့ဖို့ သေချာနေပြီ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘင်တီကီဟာ လန်ဒန်မြို့မှာ လီဗာပူးအသင်းရဲ့ ဆရာဝန်နဲ့ ဆေးစစ်မှုခံယူနေပြီဖြစ်ပါတယ်။ လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာကလည်း ဘင်တီကီ ရောက်လာမှုကို ကြိုဆိုလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ် ဘယ်လ်ဂျီယံ တိုက်စစ်မှူး ဘင်တီကီဟာ လီဗာပူးတာဝန်ရှိသူတွေနဲ့ ဆွေးနွေးအပြီး ဆေးစစ်မှုတွေ ဆက်လက်ပြုလုပ်နေတာဖြစ်ပါတယ်။ စာချုပ်မယ့် သက်တမ်းကို မကြာမီ ထုတ်ပြန်ဖွယ်ရှိပါတယ်။ လီဗာပူးက ပေါင် ၃၂ ဒသမ ၅ သန်းနဲ့ စာချုပ်လိမ့်မယ်လို့ ဆိုပါတယ်။ ဘင်တီကီကို လီဗာပူးက ပြီးခဲ့တဲ့နှစ်ကတည်းက ခေါ်ယူဖို့ကြိုးစားနေခဲ့တာလို့ ဆိုပါတယ်။

လီဗာပူးက ရော်ဘင်တိုဖာဖီနိုနဲ့ ဒန်နီအင်းတို့ကို ခေါ်ယူခဲ့ပြီးဖြစ်တဲ့အတွက် ဘင်တီကီကို ခေါ်ယူခဲ့မယ်ဆိုပါက ဒီနှစ်ထဲ လီဗာပူးရဲ့ ဘောလုံးသမားသစ်ခေါ်ယူမှုဟာ ပေါင်သန်း ၆၀ အထိ ကုန်ကျမှုရှိလာလိမ့်မယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ဘင်တီကီဟာ လီဗာပူးရဲ့ ရာသီအကြိုခရီးစဉ်ဖြစ်တဲ့ မလေးရှားခရီးစဉ်မှာ ပါမယ် မပါမယ်တော့ မသိသေးပါဘူး။ ပရီမီယာလိဂ်အစမှာတော့ ဘင်တီကီဟာ လီဗာပူးရဲ့ အဓိကတိုက်စစ်မှူး ဖြစ်လာနိုင်ပါတယ်။

## အဒီဘာယောကို အက်စ်တွန်ဗီလာ ခေါ်ယူမည်

လီဗာပူးကို ပြောင်းရွှေ့သွားတဲ့ ဘင်တီကီရဲ့နေရာမှာ စပါးတိုက်စစ်မှူး အဒီဘာယောကို အက်စ်တွန်ဗီလာက ခေါ်ယူဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ ဗီလာနည်းပြ တင်ရှားဝုဒ်ဟာ အဒီဘာယောကို ပေါင် လေးသန်းပေးပြီး ခေါ်ယူဖွယ်ရှိနေပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိတဲ့ အဒီဘာယောကို မြောက်လန်ဒန်ကလပ်က တစ်ပတ်ပေါင် ၁၀၀၀၀၀ နဲ့ စာချုပ်ဖွယ်ရှိပါတယ်။ တိုက်စစ်မှူး အဒီဘာယောဟာ အသက်အရွယ်ရလာပေမယ့် ဂိုးသွင်းစွမ်းရည် အားကောင်းနေဆဲပါ။ ဘောလုံးစွမ်းရည်နဲ့ နည်းစနစ်ကျွမ်းကျင်မှုအပြည့်အဝရှိနေတဲ့ အဒီဘာယောဟာ လာမယ့်ရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့ ပွဲထွက်လာမယ့် အနေအထားရှိပါတယ်။ အက်စ်တွန်ဗီလာ နည်းပြ တင်ရှားဝုဒ်ကလည်း အဒီဘာယောနဲ့ ပြန်ပေါင်းထုပ်ဖို့ ဆန္ဒပြင်းပြနေတာပါ။ ဒီအတွက် အဒီဘာယောဟာ လာမယ့်ရာသီမှာ အက်စ်တွန်ဗီလာအသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်လာနိုင်ပါတယ်။

# ရှုမောဖွယ်ရာ နေချင်စရာ ဖလမ်းမြို့

ဂျူနိုင်း



ချင်းပြည်နယ် ဖလမ်းမြို့သည် ဇန်ကာအိုတောင်ပြာတန်းကြီးပေါ်၌ ပေါက်ရောက်သည့်ထင်းရှူးပင်များကြားမှ ထင်းရှူးရနံ့များ လှိုင်လှိုင်သင်းခြင်း၊ ဆောင်းရာသီတွင် တစ်မြို့လုံးနေရာအနှံ့ ချယ်ရီပန်းများ ဝေဝေဆာဆာဖူးပွင့်လျက်ရှိခြင်း၊ စိန်ပန်းနီနှင့် စိန်ပန်းပြာများဖြင့်ရာသီအလိုက် မြို့အလှတန်ဆာဆင်ထားခြင်းတို့ကြောင့် နေချင်စရာကောင်းလှသည့် မြို့ဖြစ်သည်။

ဖလမ်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၂၈၀ ရှိသော ဇန်ကာအိုတောင်ပြာတန်းကြီးပေါ်တွင်တည်ရှိပြီး ဖလမ်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၂ဒီဂရီ ၅၀ မိနစ်မှ ၂၃ဒီဂရီ ၂၀မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ်မှ ၉၄ ဒီဂရီ ၈၀ မိနစ်အကြားတွင် တည်ရှိလျက် အရှေ့မှ အနောက်သို့ ၄၀ မိုင်၊ တောင်မှ မြောက်သို့ ၂၂ မိုင်ခန့်နှင့် ဧရိယာစတုရန်းမိုင် ၉၁၄ ဒသမ ၈၇ မိုင် ခန့်ရှိကာ ၅၈၅၅၁၄ ဧက ကျယ်ဝန်းကြောင်း သိရသည်။

ဇန်ကာအိုတောင်ပြာတန်းကြီးသည် ၁၈၈၉ ခုနှစ် တွင် ဗြိတိသျှတို့က စတင်စခန်းချအသုံးပြုသည့် တောင်တန်းကြီးဖြစ်ပြီး ၁၈၉၂ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဗြိတိသျှတို့က ယခုဗလိုင်ရပ်ကွက်မြေနေရာတွင် စစ်စခန်းနှင့် အုပ်ချုပ်ရေးဌာန စတင်တည်ထောင်လျက် ဖလမ်းမြို့ဟုခေါ်ဝေါ်အသုံးပြုကာ ဗြိတိသျှစစ်ဗိုလ် Major Browne ကအုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် ယခင်ချင်းဝိသေသတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ယခုနှစ်တွင် ဖလမ်းမြို့တည်ထောင်သည်မှာ နှစ်ပေါင်း ၁၂၃ နှစ်တိတိပြည့်ပြီဖြစ်သည်။ ဖလမ်းမြို့၌ ယခုအချိန်တွင် အဆောက်အအုံနှင့် အိမ်ခြေ ၁၇၂၄ ခန့်ရှိနေပြီး လူဦးရေ ၇၇၀၀ ကျော်နေထိုင်ကြသည်။ ချင်းလူမျိုးနွယ်စု ၁၁ စုတို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့် မြို့ဖြစ်သည့်အပြင် ချင်းပြည်နယ်၏ ခရိုင်ရုံးစိုက်ရာမြို့လည်းဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာရုံးများနှင့် လူမျိုးပေါင်းစုံဝန်ထမ်းများနေထိုင်သည့် မြို့ကြီးဖြစ်လာပြီ ဖြစ်သည်။

ဖလမ်းမြို့သည် ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့သို့သွားရာ လမ်းမပေါ်တွင်တည်ရှိကာ မြို့ပေါ်တွင် ရပ်ကွက်ကြီး လေးခု၊ အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ဘာသာပေါင်းစုံ ဘာသာရေးဆိုင်ရာ အဆောက်အအုံများဖြင့် အလွန်စည်ကားလျက်ရှိသည်။

ဖလမ်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၆၀ ရွာရှိကာ မြို့အနီးအနားရှိ ကျေးရွာများမှ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖလမ်းမြို့နေပြည်သူများက သန့်ရှင်းလတ်ဆတ်စွာ ဝယ်ယူစားသုံးနိုင်ကြသည်။ သောက်သုံးရေအတွက် တောတောင်များကြားမှထွက်ရှိသော သဘာဝစိမ့်စမ်းရေများကိုသာ အသုံးပြုကြသည်။ လျှပ်စစ်ဓာတ်အားအနေဖြင့် ငဆစ်ဗားရေအားလျှပ်စစ်မှ ၂၄ နာရီလျှပ်စစ်မီးရရှိသဖြင့် ပြည်သူများနေထိုင်မှုအဆင်ပြေကြပြီး လေကောင်းလေသန့်၊ ရေကောင်းရေသန့်များ ခံစားရရှိကာ အလွန်သာယာလှသည့် မြို့ဖြစ်သည်။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရက မြို့သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုများကိုပါ ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ဖလမ်းမြို့ကြီး သာမက ကျေးလက်ဒေသများပါမကျန် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဘက်စုံကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

# ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း စာအောင်ဆုနှင်းသဘင်ကျင်းပ

**ဇန်းမော် ဇူလိုင် ၂၁**

ဗုဒ္ဓဘာသာလူငယ်မောင်မယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်လာစေရန်အတွက် ဇန်းမော်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပညိန္ဒာလင်္ကာရ ဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေး လိမ္မာသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဆဋ္ဌမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း စာအောင် ဆုနှင်းသဘင်ကို မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မာမကကျောင်းဆောင်၌ ဇူလိုင် ၁၉ ရက်က ကျင်းပသည်။



စာအောင် ဆုနှင်းသဘင်တွင် ဆရာတော် ဘဒ္ဒန္တပညိန္ဒာလင်္ကာရ ထံမှ ငါးပါးသီလ ခံယူတည်ဆောက်ကြပြီး ဆရာတော်ကြီးက ဆုံးမသြဝါဒ စကား ပြောကြားကာ ခရိုင်သာသနာ ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ဆရာတော်ကြီးက အလှူရှင်များနှင့် သာသနာ့အကျိုးဆောင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်သည်။ ထို့နောက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာလင်္ကာရ၊ ခရိုင်သာသနာရေးဦးစီးမှူး၊ ဂေါပကအဖွဲ့၊ အလှူရှင်များ၊ သင်တန်းဆရာမများ၊ ရပ်မိရပ်ဖများက အခြေပြုအဆင့်၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နှင့် စတုတ္ထအဆင့် စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ဂုဏ်ထူးဆုရရှိသူများ စာအောင်သူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**ဝါဝါ(ဇန်းမော်)**

# ရသေ့တောင်မြို့နယ်ရှိ ရှေးဟောင်းစေတီတော်တွင် ထီးတော်နှင့် စိန်ဖူးတော်တင်လှူ

**စစ်တွေ ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာရှိ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သော ရန်အောင်ဇေယျမင်္ဂလာသုခစေတီတော် ဌာပနာထည့်သွင်းပွဲနှင့် ထီးတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

စေတီတော် အလယ်ဌာပနာ၊ အထက်ဌာပနာ ထည့်သွင်းခြင်းမင်္ဂလာနှင့် ကျောက်ထီးတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲတွင် အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိမဟာနာယကဆရာတော်နှင့် သံဃာတော်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလိုတော်ပြည့်ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် အလှူရှင်များက ရတနာစိန်ဖူးတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စေတီတော်တွင် အလယ်ဌာပနာ၊ အထက်ဌာပနာ၊ ဆင်းတုတော်များအား ထည့်သွင်းပူဇော်ကြပြီး ထီးတော်နှင့် စိန်ဖူးတော်များ တင်လှူပူဇော်ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်း အကြီးစားအဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့သွားရောက်၍ ပွိုင့်အပန်းဖြေစခန်းကို လုပ်ငန်းအပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကျောင်းသားကျောင်းသူများအား အခြေခံရှေးဦးပြုစုနည်း သင်ကြားပေး

**မိုးကုတ် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ အလယ်တန်းကျောင်းသားကျောင်းသူများအား ဖွင့်လှစ်သင်ကြားမည့် ကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းအပတ်စဉ် (၅/၂၀၁၇) နှင့် (၆/၂၀၁၇)ကို ဇူလိုင် ၁၈ ရက်က မိုးကုတ်မြို့ လယ်ဦးအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းများကို ပိတ်စွယ်အထက်တန်းကျောင်းနှင့် လယ်ဦးအထက်တန်းကျောင်းများတွင် ဖွင့်လှစ်ကာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၀၀ အား ကြက်ခြေနီရှေးဦးပြုစုခြင်းပညာရပ်များကို စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် ငါးရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်သည်။ ရှေးဦးပြုစုခြင်းပညာရပ်များကို နားလည်တတ်ကျွမ်းပြီး အရေးပေါ်ကူညီနိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ဆေးအကူအညီအဖြစ် နည်းစနစ်ကျနစွာ ကူညီဆောင်ရွက်ပေးနိုင်ရန်၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်းကာ လူမှုကူညီရေးလုပ်ငန်းများအား ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကြစေရန် စသည့်ရည်ရွယ်ချက်များ သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး ကျောင်းကြက်ခြေနီသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ယူနီဖောင်းနှင့် တပ်ဖွဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း ထောက်ပံ့လှူဒါန်းပြီး မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ မြို့နယ်ဆေးရုံအုပ် ဒေါက်တာကျော်မျိုးလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး ပထမတန်း ဦးဘုန်းကျော်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**နေဝါ(မိုးကုတ်)**



# မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ဖားကန့် ဇူလိုင် ၂၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကရင်ချောင်ကျေးရွာ၌ ဘိန်းဆီခဲနှင့် အဆင့်နိမ့်ဘိန်းများ လက်ဝယ်ထားရှိသူတစ်ဦးအား ဇူလိုင် ၁၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ မှူခင်းအကူတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်မျိုးမင်းဝင်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၇ ရက်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာရှိ ဦးမောင်ဖေ(ခ) ခင်မောင်ရင်၏နေအိမ်သို့ သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း၌ ဘိန်းဆီခဲ ၁၀ ဂရမ်ခန့်ပါ သံဘူးတစ်ဘူး(ဒေသတန်ဖိုးငွေကျပ် ၄၈၀၀၀)၊ ခတ်ပုံ(ခေါ်)အဆင့်နိမ့်ဘိန်း ၄၀ ဂရမ်ခန့်ပါ သံဘူးတစ်ဘူး(ဒေသတန်ဖိုးငွေကျပ် ၆၀၀၀၀)၊ ဘိန်းဆီခဲ ၂၀ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး(ဒေသတန်ဖိုးငွေကျပ် ၉၆၀၀၀)နှင့် ဘိန်းစိမ်းဟုယူဆရသည့် အညိုရောင်အစေး ၃၅၀ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး(ဒေသတန်ဖိုးငွေကျပ် ၆၃၀၀၀၀) တို့ကိုသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဦးမောင်ဖေ(ခ)ခင်မောင်ရင်(၄၇ နှစ်)အား ဖားကန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝ၆၂)**

# ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲမှ ပထမဦးဆုံး မြန်မာလူစွမ်းကောင်းနှစ်ဦး ပေါ်ထွက်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် (Mixed Martial Art) ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့သုဝဏ္ဏအားကစားရုံ-၁ ၌ ဇူလိုင် ၁၈ ရက်ညနေ ၆ နာရီက ကျင်းပရာ မြန်မာနိုင်ငံမှ ပထမဦးဆုံး ကိုယ်ခံပညာ ပေါင်းစုံအတိုက် လူစွမ်းကောင်းနှစ်ဦး စတင်ပေါ်ထွက်လာပြီဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကြီးကို ကမ္ဘာတစ်ဝန်း ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေသည့် စင်ကာပူအခြေစိုက် ONE Championship အဖွဲ့ကြီးနှင့် မြန်မာနိုင်ငံမှ Voice Chairman အဖြစ် ဦးဇေဿီဟတို့က မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာသို့ ပျံ့နှံ့တွင်ကျယ်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ဘင်တန်ဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံဘရာဇီးနိုင်ငံသား ဘီဘာနိုဖာနန်ဒစ်နှင့် စိန်ခေါ်သူ ဖင်လန်နိုင်ငံသား CWFC ချန်ပီယံ တိုနီတော်ရူး၊ အမျိုးသမီးတွဲဆိုင်းဖြစ်သည့် ဟောင်ကောင်မှ Jenny Huang နှင့်ရုရှားမှ Elena Pashnina၊ မြန်မာနိုင်ငံမှ ပထမဦးဆုံး လူစွမ်းကောင်းရွေးချယ်သည့် မြန်မာ့ရိုးရာလက်ဝှေ့သမားများ ဝင်ရောက်ယှဉ်ပြိုင်ရာ ဖယ်သာဝိတ်တန်းမှ မင်းထက်ဇော်နှင့် မျိုးမင်းဇော်၊ လှစ်လှစ်လေးနှင့် သပြေညိုတို့ ကနဦးဆီမီးဖိုင်နယ်ပွဲများအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရာ ဖိုင်နယ်တွင် မျိုးမင်းဇော်နှင့် သပြေညိုတို့တွေ့ဆုံပြီး နောက်ဆုံး ချန်ပီယံလူစွမ်းကောင်းဆုကို သပြေညိုကရရှိသွားသည်။

"ကျွန်တော် အခုလို ပထဦးဆုံးအနေနဲ့ ချန်ပီယံဖြစ်ရတာ ပျော်ပါတယ်။ အားပေးတဲ့ ပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပွဲဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ အဖွဲ့အစည်းကိုလည်းကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီး ကမ္ဘာ့အဆင့်မီအောင် ကြိုးစားသွားမှာပါ"ဟု ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ ဖယ်သာဝိတ်တန်းတွင် ပထမဦးဆုံး မြန်မာလူစွမ်းကောင်းချန်ပီယံဖြစ်လာသည့် သပြေညိုက ပြောကြားသည်။

အလားတူ လိုက်ဝိတ်တန်း တွင်လည်း ဒေါနအောင်နှင့် စောဘဦး၊ သွေးသစ်အောင်နှင့်စောသဲဦးတို့ ဆီမီးဖိုင်နယ်အဖြစ် စတင်ယှဉ်ပြိုင် ထိုးသတ်ရာဖိုင်နယ်တွင် သွေးသစ်အောင်နှင့် စောဘဦးတို့ တွေ့ဆုံပြီး သွေးသစ်အောင်က နောက်ဆုံး ချန်ပီယံလူစွမ်းကောင်းဆုကို ပိုင်ဆိုင်ခဲ့သည်။

"ကျွန်တော် ဒီချန်ပီယံဆုကို လိုချင်လို့ကို အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာလက်ဝှေ့သမားတွေအတွက် ဒီလိုပြိုင်ပွဲက ပထမဦးဆုံးဆိုပေမယ့် သိပ်ပြီး အခက်အခဲမရှိပါဘူး။ ဒီဆုရတဲ့အတွက် ကျွန်တော်အလွန်ပျော်ပါတယ်။ ကိုဇေကလည်း ရိုးရာလက်ဝှေ့အနေနဲ့ ကမ္ဘာ့အဆင့်ကို ပျံ့နှံ့ထိုးဖောက်နိုင်အောင် နိုင်ငံခြားနည်းပြ ခေါ်ယူပြီး အကုန်အကျခံသင်ကြားပေးမှာမို့ ကျွန်တော့်အနေနဲ့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု လိုက်ဝိတ်တန်းတွင် ပထမဦးဆုံး ချန်ပီယံဖြစ်လာသည့် သွေးသစ်အောင်က သူ၏ ရင်တွင်းစကားသံကို ဖွင့်ဆိုခဲ့သည်။



လိုက်ဝိတ်တန်းမှ ချန်ပီယံ သွေးသစ်အောင်။



ဖယ်သာဝိတ်တန်းမှ ချန်ပီယံ သပြေညို။

ထို့အပြင် မြန်မာ့ရိုးရာလက်ဝှေ့သမားများ အတွေ့အကြုံရစေရန် ဖယ်သာဝိတ်တန်းတစ်ပွဲနှင့် လိုက်ဝိတ်တန်းတစ်ပွဲတို့ကိုလည်း ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်။ ဖယ်သာဝိတ်တန်းတွင် ဖိုးသော်နှင့် ကြယ်စင်ထူး၊ လိုက်ဝိတ်တန်းတွင် စောအယ်လေးနှင့် စောလှဒိုးတို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

"ကျွန်တော့်အနေနဲ့ ဒီပွဲကို ဦးဆောင် ပါဝင်ကျင်းပဖြစ်တာကတော့ ONE Championship အဖွဲ့ကြီးရဲ့ ဒါရိုက်တာ Victor Cui နဲ့ ကျွန်တော်က လုပ်ငန်းချင်းအရ ခင်နေတာကြာပါပြီ။ သူက မြန်မာနိုင်ငံမှာ သူဦးဆောင်လုပ်နေတဲ့ ဒီပွဲလေးလုပ်ချင်တယ်။ မြန်မာ့ရိုးရာလက်ဝှေ့အနေနဲ့လည်း ကမ္ဘာကိုထိုးဖောက်ဖို့ အခွင့်အရေးရရှိတာမို့ ကျွန်တော့်ကို ကူညီလုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခဲ့တာကြောင့် ကျွန်တော်လည်း စဉ်းစားပြီး အခုလိုလုပ်ဖြစ်သွားတာပါ။ အရှုံးအမြတ်က အဓိကမဟုတ်ဘဲ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့အလယ်ချပြဖို့က အဓိကရည်ရွယ်ချက်ပါ။ ခုဆိုရင် (MMA) မြန်မာ့သူရဲကောင်း ရိုးရာလက်ဝှေ့ကျော်နှစ်ဦးပေါ်ထွက်လာပါပြီ။ သူတို့ နှစ်ဦးကိုဆက်လက်ပြီး ကမ္ဘာ့အလယ် ထိုးဖောက်နိုင်အောင် နိုင်ငံခြားနည်းပြကိုခေါ်ယူပြီး ဆက်လက်လေ့ကျင့် ပျိုးထောင်ပေးသွားမှာပါ" ဟု မြန်မာနိုင်ငံမှ Voice Chairman အဖြစ် ဦးဆောင်ပါဝင်ခဲ့သည့် ကိုဇေဿီဟက ဆိုသည်။

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ဘင်တန်ဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံ ဘရာဇီးနိုင်ငံသား ဘီဘာနိုဖာနန်ဒစ်နှင့် စိန်ခေါ်သူ ဖင်လန် နိုင်ငံသား CWFC ချန်ပီယံ တိုနီတော်ရူးတို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဘီဘာနိုဖာနန်ဒစ်ကပင် ချန်ပီယံဆုကို ဆက်လက် ထိန်းသွားနိုင်ခဲ့ပြီး အမျိုးသမီး တွဲဆိုင်းဖြစ်သည့် ဟောင်ကောင်မှ Jenny Huang နှင့်ရုရှားမှ Elena Pashnina တို့ပွဲတွင် အတွေ့အကြုံနုနယ်သေးသော်လည်း အာရှသတ္တိကို ကမ္ဘာကို ပြချင်တယ်ဆိုသူ ဟောင်ကောင်မှ Jenny Huang က အမှတ်ဖြင့် အနိုင်ယူသွားခဲ့သည်။ ပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ ဝါသနာရှင်ပြည်သူများ ရုံပြည့်ရုံလျှံလာရောက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

# သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် နည်းပညာပေးဟောပြောပွဲကျင်းပ

**မြိတ် ဇူလိုင် ၂၁**

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်းဖြင့် တစ်ဧကအထွက်နှုန်းကောင်း၍ ကျေးလက်နေတောင်သူများ ဝင်ငွေတိုးတက်လာစေရေး၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ဓာတုဗေဒပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေး ထုတ်လုပ်မှုဖြစ်လာစေရေး၊ ယင်းပစ္စည်းများကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိစေရေး ရည်ရွယ်ကာ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် အခြားစိုက်ပျိုးရေးပညာပေးနည်းစနစ်များ နည်းပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု ရှမ်းတောင်ကျေးရွာဓမ္မာရုံ၌ ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့် စိုက်တိုးမြှင့်ဝန်ထမ်းများ၊ ပသောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေး၊ ပသောင်းကျေးရွာနှင့် ကျေးရွာခွဲများမှ ရာအိမ်မှူးများ၊ ဒေသခံတောင်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကွင်းနောက်ရပ်ကွက်လူငယ်များ ပိတ်ဆို့ရေမြောင်းများရှင်းလင်း

**ကျောက်တံခါး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် သော်ကလမ်းဆုံနေရာရှိ ရေပြွန်ပေါက်တစ်ခုမှာ အမှိုက်များ ပိတ်ဆို့နေခြင်းကြောင့် ရပ်ကွက်အတွင်းရေများပြန်လည်စီးဆင်းမှုနှေးကွေးနေသည့်အတွက် ရပ်ကွက်အတွင်းရှိ လူငယ်များစုစည်းကာ ပိတ်ဆို့နေသောရေပြွန်ပေါက်များ၊ ရေမြောင်းများကို ဇူလိုင် ၁၉ ရက်မွန်းလွဲ ၁ နာရီက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု"ဇူလိုင်မှာရွာတဲ့မိုးက အဆက်မပြတ်ရွာသွန်းခြင်းကြောင့် တချို့နေရာတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တာကို သိရပါတယ်။ ကျွန်တော်တို့ ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက်မှဆိုရင်လည်းမြေနိမ့်ပိုင်းဖြစ်တာရယ်၊ အိမ်ထောင်စုလူဦးရေ အများဆုံးရပ်ကွက်ဖြစ်ပြီး ရပ်ကွက်အတွင်းရေမြောင်းပိတ်ဆို့နေတာကြောင့် မိုးရွာတဲ့အခါရေကြီးမှုနဲ့ကြုံတွေ့ရပြီး ကျန်းမာရေးထိခိုက်လာနိုင်ခြင်းတို့ကြောင့် ကျွန်တော်တို့လူငယ်တွေအသိစိတ်ဓာတ်နဲ့စုပေါင်းပြီး ရပ်ကွက်အတွင်းရှိရေမြောင်းများ၊ ရေပြွန်များကိုရှင်းလင်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ကွင်းနောက်ရပ်ကွက်နေ ကိုအောင်မျိုးက ပြောကြားသည်။

**ခင်ကို(ကျောက်တံခါး)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နန့်ခမ်းမြို့၌ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နမ့်ခမ်း ဇူလိုင် ၂၁**

(၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်သံဃာတော်များအားပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့လယ်မဟာမုနိဘုရားကျောင်းတော်၌ ဇူလိုင် ၁၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီသုံးရပ်မှ တာဝန်ရှိများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်လှူဒါန်းခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမည်များကို ဖတ်ကြားပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် သံဃာတော်များက ပရိတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သံဃနာယက အဖွဲ့ဝင် နမ့်ခမ်းမြို့ သာသနာ့ပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီဟဝံသ (သာသနဓမ္မာစရိယ ဂန္ထဝါစက ပဏ္ဍိတ)က ရေစက်ချ တရားချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မိုးပွင့်(အထူး) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်

**မင်းလှ ဇူလိုင် ၂၁**

သာယာဝတီခရိုင် မင်းလှမြို့နယ် ထောက်ကြန့်ကွင်း(အမ်)အုပ်စု ထောက်ကြန့်ကျေးရွာ သဒ္ဓမ္မဏ္ဍိုင်ဘုန်းတော်ကြီးဓမ္မာရုံတွင် ပြည်သူများဆန္ဒမဲပေးနိုင်ရေးအတွက် ဇူလိုင် ၁၇ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲနှင့် မိုးပွင့်(အထူး)စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတွဲဘက်တိုင်းဒေသကြီး ဦးစီးမှူးဦးမောင်မောင်သန်းက One Stop Service ဖြင့် အဆိုပါ ကျေးရွာနေ ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်လာရောက်ပြုလုပ်ကြသူများအား ရှင်းလင်းပြောကြားသည်။

မြို့နယ်ဦးစီးမှူး ဦးရွှေဝင်းကဆန္ဒမဲပေးနိုင်ရေးအတွက် မိမိမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများရှိအသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံပြည်သူ ၈၅ ဦးကို ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

**ပေါက်စ(ပြန်/ဆက်)**



# မင်းလှမြို့၌သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မင်းလှ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၂၀ ရက်က သံပုရာကန်ကျေးရွာအနောက်ဘက်ကားလမ်းဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ/ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး ကျွန်း ၄၀၀၊ ယူကလစ်ပင် ၅၀၊ မဲဇလီ ၅၀၊ ယင်းမာပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပြုံးချို(အထက်မင်းလှ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သန်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# (၇၈)လမ်း၏ တစ်နေ့သောအခါ

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

ည ၆ နာရီခွဲလောက်ရောက်တော့ ဝေဝေသန်းတို့ညီအစ်မတစ်တွေသည် သူ့အမေ၊ သူ့အဒေါ်တို့နှင့်အတူ မြင်းလှည်းတစ်စီးဖြင့် မျက်ပါးရပ်ဇာတ်ရုံသို့ ရောက်လာတော့သည်။ ဝေဝေသန်းက ဇွန်ပန်းတွေဝေလို့. .။ ငါးဆင့်ကြွေရည်သုတ် သတ္တုချိုင့်ကြီးနှင့် ထိုးမုန့်တွေ၊ လက်ဖက်တွေ ထည့်လာတာနေမှာပေါ့။ သူ့ညီမ "ဆွေဆွေသန်း"က ကတ္တီပါအနားကွပ် သင်ဖြူးဖျာလိပ်ကြီးနှင့်ဖြစ်သည်။ ဝေဝေသန်းက မြင်းလှည်းပေါ်ကအဆင်း ထဘီပြင်ဝတ်သလိုလို ဘာလိုလိုနှင့် ကျွန်တော်ရပ်နေရာနှင့် မလှမ်းမကမ်းမှာ လာရပ်သည်။ မြင်းလှည်းပေါ်က သူ့အမေ၊သူ့အဒေါ်တွေကတော့ ဘာပစ္စည်းကျန်သေးသလဲ။ ဆွဲခြင်းပါရဲ့လား၊ ပန်းကုံးထုပ်မမေ့နဲ့နော်၊ မြင်းလှည်းခ ဘယ်လောက်လဲ၊ မနက် ၆ နာရီ လာကြိုလှည့်ဦး။ ဟဲ့-မေ့နေလိုက်တာဟယ်။ အိမ်က ကိုဘမောင်ကို ဝင်ပြောလိုက်စမ်း။ မနက်ကို ထမင်းအိုးတစ်လုံးပဲတည်ထားနှင့်၊ ဟင်းကို ပြန်လာမှစီစဉ်မယ်ပြောလိုက် စသည်ဖြင့် တစ်ရပ်တည်းနေ မြင်းလှည်းသမားကိုမှာလိုက်၊ အချင်းချင်းမေးလိုက်မြန်းလိုက်၊ ပစ္စည်းတွေချလိုက်၊ ချွေးခံအိတ်ထဲက မြင်းလှည်းခပိုက်ဆံ ထုတ်လိုက်၊ အနုတ်မပါလို့ အမ်းလိုက်နှင့်မို့ "ဝေဝေသန်း"ကို ဂရုမစိုက်အား။

ဝေဝေသန်းက ထိုအခွင့်အရေးကို အမိအရ အသုံးချကာ ကျွန်တော့်နားရဲဝံ့စွာကပ်လာပြီး 'ဖျာနံပါတ်က အေသုံးဆယ့်ခြောက်၊ သုံးဆယ့်ခုနစ်မှတ်ထားနော်၊ အေသုံးဆယ့်ခြောက်၊ သုံးဆယ့်ခုနစ်'ဟု တိုးတိုးပြောသည်။ ကျွန်တော်က 'ဝေဝေက ဒီနေ့သိပ်လှတာပဲ'ဟု ပြော၏။ ဝေဝေသန်းက ပြုံးပြီး ကျွန်တော့်ကို စိုက်ကြည့်သည်။ ပြီးတော့ 'တော်တော်ကဲ' တဲ့။ ဝေဝေသန်း၏ ကုတ်ပေါ်ဝဲကျနေသော အိုမီဂါပုံဆံပင်မှာ ဝေနေအောင်ပန်ထားသည့် ဇွန်ပန်းရနံ့လေးက နင့်ခနဲမွှေးတာ အသည်းထဲထိဖြစ်ပါသည်။ မြင်းလှည်းကကွေ့ပြီး ကြာပွတ်သံတရွှမ်းရွှမ်းနှင့် ထွက်သွားတော့ ဝေဝေသန်းက သူ့အမေဆီပြေးသွားသည်။ သူတို့က ရုံဝင်လက်မှတ်ဝယ်ကြဦးမည်။ ကျွန်တော်က ရုံထဲ အပြေးအလွှားဝင်ပြီး ကုလားထိုင် လက်မှတ်ရောင်းသည့် စားပွဲနားတိုးဝှေ့ကာ ဖျာနံပါတ် အေသုံးဆယ့်ခြောက်၊ သုံးဆယ့်ခုနစ်ကို ရှာကြည့်၏။ တွေ့ပြီ။ တိုင်(၁)နှင့်တိုင်(၂)ကြား လက်ဝဲဘက်အစွန်ဆုံးမှာ။ ထို့ကြောင့် အားရဝမ်းသာဖြင့် အေသုံးဆယ့်ခြောက်ဘေးက ကုလားထိုင်ကို လက်ညှိုးနှင့်ထောက်ပြီး 'ဒီနေရာရသေးလား'ဆိုတော့ ကံကောင်းထောက်မစွာ ထိုကုလားထိုင်လွတ်နေသည်။

ဤသို့ဖြင့် ထိုတစ်ညက ဝေဝေသန်းနှင့်ကျွန်တော် မျက်ပါးရပ်ဇာတ်ရုံမှာ တစ်ညလုံးဇာတ်အတူကြည့်ဖူး၏။ သစ္စာမေတ္တာ ရွှေမန်းသဘင် ဘာ 'က'သွားသလဲ မသိ။ မှတ်မိနေတာက ကျွန်တော့်ပခုံးနားဝဲဝဲလာသော ဝေဝေသန်း ခေါင်းပေါ်က ဇွန်ပန်းရနံ့လေးပဲ ဖြစ်ပါသည်။ မေ့မရတော့။

ယခု (၇၈) လမ်းမကြီးပေါ် စက်ဘီးစီးသွားရင်း မျက်ပါးရပ်ဇာတ်ရုံဟောင်း နေရာရောက်တိုင်း ဇွန်ပန်းရနံ့လေးမွှေးလာသည်။ ပျိုမျစ်မှု၊ လွတ်လပ်မှု၊ ပေါ့ပါးမှုနှင့် ရင်ခုန်မှုရသများကို လွမ်းဆွတ်လာ၏။

၇၈-လမ်း မျက်ပါးရပ် ဇာတ်ရုံကြီးနှင့်အတူ မန္တလေး



မြို့ပေါ်မှာ အခြားဇာတ်ရုံများလည်းမရှိတော့။ ပျောက်ကွယ်သွားကြတာကြာပေါ့။ မြန်မာ့ဇာတ်သဘင်သည် ဤသို့သာဆိုလျှင်ဖြင့် ရုပ်သေးသဘင်လမ်းလိုက်ကာ စုံးစုံးမြုပ်ပေဦးမည်။ မနေ့ကတော့ (၇၈) လမ်းပေါ်မှာ ကြော်ငြာကားတစ်စီး ဖြတ်မောင်းသွားတာ မြင်လိုက်ရဲ့။ မြို့သစ် လေးမျက်နှာဘုရားဇာတ်ရုံမှာ မန္တလေးသိန်းဇော်ဇာတ်ပွဲရုံသွင်းကပြနေသတဲ့။ ပွဲကြိုက်ခင် မြန်မာအများစု မြို့သစ်ရောက်နေကြပါပကော။

(၇၈)လမ်းပေါ်က မျက်ပါးရပ်ဇာတ်ရုံတစ်ခုကို မှတ်မိနေပါသေးသည်။ အစိုးရယဉ်ကျေးမှု ကဇာတ်ကြီးက 'စဉ့်ကူးမင်းခေါင်းလောင်းတော်'က ဇာတ်ကြီး လာရောက်ကပြစဉ်က ဖြစ်ပါသည်။

'တစ်မောင်း၊ တစ်မောင်း၊ တို့တစ်မောင်းသည်

တမောင်း တကောင်းသားလော' ဟူသော ကာချင်းအကများနှင့်အတူ ရေအောက်က ခေါင်းလောင်းကြီးဆယ်ယူခန်းကို ခမ်းနားသော ဆက်တင်များနှင့်အတူ ကြည့်ရှုရဖူး၏။

(၇၈) လမ်းမကြီးသည် မြန်မာ့သဘင်ကျဆုံးခန်းကို သံဝေဂရဆင်ခြင်မိရင်း မျက်စောင်းထိုးလိုက်ရင်း စားတော်ဆက်မှ ကာရာအိုကေသီချင်းသံကို နာခံနေရတော့၏။

'ကိုကို. . . . ရေ၊ နေ့တိုင်းလာနော်. . . .တဲ့။

ခေတ်သည် တားဆီးရကောင်းသော အရာမဟုတ် မှန်းတော့သိပါ၏။ ခေတ်သည် သူ့ဟာသူပြောင်းလဲတိုးတက်မှုကိုလက်ခံ။ သို့သော် အစဉ်အလာကတော့ ရိုးရာအတိုင်း မပျက်မစီးထိန်းသိမ်းထားဖို့ကလည်း လိုအပ်သည်။ အရေးကြီးတာက 'ပညာသားပါဖို့' ပဲ ဖြစ်ပါသည်။ အစဉ်အလာထိန်းသိမ်းသည်ဆိုပြီး ပုဂံအကကို ပညာသား မပါစွာကပြနေလို့မရ။ ပုဂံဗုံသံဆိုပြီး မဖျှိမနွယ်ဖွားတို့၏ တာပရာဗုံသံကို ပုံတူကူးပြနေလို့မရ။ ပညာသားပါသော အလုပ်များလုပ်ကြဖို့ဖြစ်သည်။

ထို့အတူ 'ခေတ်'ကို အကြောင်းပြုပြီး 'ခေတ်ပေါ်'ကိုပညာသားမပါဘဲ လုပ်နေလို့မရ။ ပညာသားပါသော ခေတ်ပေါ်ကိုသာ အများကလက်ခံပါလိမ့်မည်။ ပညာသားမပါမှုများ များသထက်များလာသောအခါ ဝါးလုံးခေါင်းထဲလသာတော့၏။ နွားခြေရာခွက်ကို ပင်လယ်ထင်တော့၏။ အမှန်တရား၊ ပကတိအခြေအနေကို စုံမှိတ်ငြင်းဆန်တော့၏။ ဤသို့ဖြင့် လူမျိုးအညွန့်တုံးတော့သည်။ ဘယ်အရာမှ ပညာသားမပါဘဲ လုပ်လို့မရ။

(၇၈)လမ်းမတွင် ရွှေဆိုင်းမျက်ပါးပညာရှင်များ၊ ကုန်သည်များနှင့်အတူ တစ်နွယ်ငင်တစ်စင်ပါ ရွှေကုန်သည်များ၊ ရွှေလှော်ပညာရှင်ကြီးများလည်း နေထိုင်ကြပါသည်။ နာမည်ကျော် 'အကယ်ဒမီ' ရွှေသန့်စင်လုပ်ငန်းသည်လည်း (၇၈) လမ်းမကြီးအပေါ်၌ရှိပါသည်။ ထို့အပြင် (၇၈) လမ်းမကြီးပေါ်တွင် 'နာရဏီ'ဟူသော ဓမ္မာရုံကြီးတစ်ရုံရှိပါသည်။ ထိုဓမ္မာရုံကြီးမှာ နာရဏီဆင်က အဖွဲ့သည် နာမည်ကြီး၏။

ကျောက်ဆည်နယ်၏ ရိုးရာပွဲတော် ရိုးရာအတတ်ပညာဖြစ်သော ဆင်ရုပ်ချိုးပညာ၊ ဆင်ကပညာများကား မန္တလေးမှာလည်း လာရောက်ထွန်းကားသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလများဆီက မန္တလေးမှာ ဆင်အကများပြန်လည် ခေတ်စားလာသည်။ ထိုအဖွဲ့များတွင် 'နာရဏီ'အဖွဲ့က ထိပ်ဆုံးတွင်ပါဝင်၏။ လူနှစ်ယောက်ဝင်ကရသော အရုပ်ဆင်သည် ယိုးဒယားကန်တော့ခန်းကို 'အမာစိန်ကနေသလား' ထင်မှတ်မှားရအောင် အဆစ်အချိုး၊ မေးထိုးမေးရိုက်၊ အငိုက်၊ အစောင်းများနှင့် ကပြနိုင်၏။ ဆင်ရုပ်က ကင်းမြီးကောက် ထောင်ပြသည်။ ပတတ်ရပ်ပြသည်။ ထိုစဉ်က ခေတ်စားသော နေကာမျက်မှန်လေးသီချင်း၊ စနေနေ့ည ကိုးနာရီသီချင်း၊ အာရာဒါးနားသီချင်းများဖြင့်လည်း ကပြသည်။ သည်မတိုင်ခင်ကတော့ ဆင်အကဆိုတာ နုနုနယ်နယ်မဟုတ်။ ဆင်ရုပ်ထဲဝင်ကသော လူနှစ်ယောက်သည် အရက်ကိုမူးနေအောင် သောက်ထားကြ၏။ တီးဝိုင်းကလည်း ရှမ်းအိုးစည်တစ်လုံး၊ သံစုံမောင်းသုံးလေးလုံး၊ လင်းကွင်းကြီးတစ်ချပ်၊ တစ်လုံးကို လူလေးငါးဦးတန်းစီကိုင်ကာ အသားချောင်းဖြင့် တဖြောင်းဖြောင်းရိုက်ပြီးလိုက်သော စည်းဝါး. . .။

အိုးစည်ကြီး တဗိန့်ဗိန့်တီးပြီး မူးနေသော ဆင်ရုပ်ကြီးက တွေ့သောသူကို လိုက်ထိုးသည်။ အလဲလဲအကွဲကွဲ. . .၊ မြောင်းထဲကျသူကျ၊ ထပ်လဲသူလဲ၊ နဖူးပေါက်သူပေါက်၊ မှောက်သူမှောက်၊ ထိုအခါ 'ဆင်'တဲ့ဟေ့ဆိုလျှင် ကလေးများ အပြင်မထွက်ရဲကြတော့ အိမ်ထဲက ချောင်းကြည့်ရသည်။ ထရံနောက်က ကွယ်ကြည့်ရသည်။

ဆင်အရုပ်ကလည်း အခုလို စွယ်သိုင်းကြိုး၊ ဝမ်းပတ်ကြိုး၊ ကကြိုး၊ အမြီးသိုင်းကြိုး၊ ထိပ်အုပ်၊ နားကင်းစသည်ဖြင့် အမွှမ်းအဆင်တန်ဆာတွေမပါ။ ဆင်ရိုင်းပုံဖြစ်၏။ ထို့နောက် 'နာရဏီ' တို့ ခေတ်ရောက်မှ ဆင်ယဉ်အသွင် ကကြိုးအစုံအလင်၊ တူရိယာပစ္စည်း အစုံအလင်ဖြင့် ယဉ်ယဉ်ညက်ညက် ကလေးကပြကြသည်။ ထိုအခါမှ 'ဆင်နှင့်လူ' ပြန်လည်နီးစပ်သွားတော့သည်။ ထိုကာလများဆီက ဘုရားပွဲ၊ ကျောင်းပွဲအလှူအတန်းပွဲများတွင် ဆင်ကထည့်နိုင်ခြင်းက ဂုဏ်တစ်မျိုးဖြစ်၏။

အခုတော့ဆင်အဖွဲ့များလည်း ရှေ့ဝင်းနောက်ဝင်း၊ မင်းခမ်းမင်းနား လှည့်လည်ပွဲများတွင်သာ လမ်းလျှောက်ကြရတော့သည်။

နရဏီဓမ္မာရုံဘေးမှာ ဝင်းကျယ်ကြီးရှိ၏။ ကျယ်သမှ လေးငါးခြောက်ပြလောက်ကျယ်သည်။ မန္တလေးကတော့ မျက်ပါးရပ်စစ်တပ်ဟု ခေါ်ကြဆဲဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

# ကျေးရွာလုံးကျွတ် ပလတ်စတစ်သန့်ရှင်းရေးဆောင်ရွက်



**ရေစကြို ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ချောင်းစံပြကျေးရွာတွင် ပလတ်စတစ် တစ်စမကျန် ကောက်ကြရန် ဝိုင်းဝန်းဆောင်ရွက် ဒို့ရွာအတွက် ဟူ၍ လည်းကောင်း၊ ဒို့ကျေးရွာဝန်းကျင် လှစေချင်၊ ပလတ်စတစ် အမှိုက်ကောက်ရေးလုပ်အားပေး ဟူ၍လည်းကောင်း ဆောင်ပုဒ်များနှင့်အညီ အိမ်တွင်း၊ အိမ်ပြင်လမ်းဘေးဝဲ/ယာ အားလုံး ကျေးရွာလုံးကျွတ် ပလတ်စတစ်သန့်ရှင်းရေးပွဲတော်ကို ဇူလိုင် ၁၉ ရက် နံနက်က ပြုလုပ်ရာ နိုင်ငံတော်သမ္မတ၏ သာသနာရေးအကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့သည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပလတ်စတစ်နှင့် အမှိုက်များကို ကောက်ယူမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

*စာမျက်နှာ ၂၂မှ*

ယခင်က တပ်ရဲအခြေစိုက်ဟု သိရ၏။ မန္တလေးမြို့ သိမ်းတိုက်ပွဲများတွင် သည်နေရာက အထင်ကရရှိခဲ့ဖူးသည်။ နောက် ခလရ(၇၆)။ ယခုတော့ စစ်သားစုဆောင်းရေးတပ်ဝင်းကြီးဖြစ်၏။ ထိုဝင်းကြီးနှင့် မျက်စောင်းထိုးမြောက်ဘက်မှာလည်း ယခင်က မြူနီစီပယ်ကားဝင်းကြီးရှိခဲ့ဖူးသည်။ ယခုတော့ အဆင့်မြင့်ဟိုတယ်စီမံကိန်းကြီးအတွက် ဘေးက လူနေရပ်ကွက်တွေပါ ဖျက်သိမ်းထားပါသည်။ ဝင်းကြီးတစ်ပတ် သွပ်ပြားတွေကာရံကာ စီမံကိန်းကြီးစတင်နေပေပြီ။ ကပ်လျက်ရပ်ကွက်ကတော့ တစ်လောဆီကအထိ ဖျက်သိမ်းနေဆဲဖြစ်၏။ သူတို့အတွက်လည်း တစ်စုံတစ်ရာမနစ်နာရအောင် စီစဉ်ပေးလိမ့်မည် ထင်ပါသည်။

(၇၈)လမ်းသည် (၄၂)လမ်း ရောက်ပြန်တော့ ခုံးကျော်တံတားတစ်ခုနှင့် ဆုံရပြန်၏။ ချမ်းမြမာလာခုံးကျော်တံတားဟု အမည်ပေးထားပါသည်။ တံတားအလျား ၁၁၅၆ ပေရှိပြီး အကျယ် ၃၅ ပေရှိပါသည်။ ကားအကျယ်က ၂၇ ပေရှိ၏။ မန္တလေးစည်ပင်သာယာနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းတည်ဆောက်ခဲ့ကြသည်။ ၁၉၈ သိန်းကုန်ကျသည်ဟု သိရသည်။

တကယ်တော့ (၇၈)လမ်းသည် မန္တလေးမြို့၏ ပထမဆုံးနိုင်လွန်ကတ္တရာလမ်းမကြီးဖြစ်၏။ ပထမတစ်ကြိမ်တွင် ချမ်းမြသာစည်လေဆိပ်မှသည် ၂၆ ဘီလမ်းအထိ နိုင်လွန်ကတ္တရာခင်းခဲ့၏။ ခင်းနည်းစနစ်ကြောင့် ပေလောမသိ။ နိုင်လွန်ကတ္တရာလမ်းမကြီးသည် မကြာမီပင် 'ခရစ်လိုင်းကြီး' လမ်းမဖြစ်သွားသည်။ ဟိုနေရာက မောက်တက်လာ။ ဟိုနေရာက ကွဲပြတ်လာ။ ဟိုနေရာက ချိုင့်ဝင်လာနှင့် မကြာခဏ ပြုပြင်ဖာထေးနေကြရသည်။

ထို့နောက် ကျုံးပတ်လမ်းစီမံကိန်းနှင့်အတူ ၇၈ လမ်းအား ပြန်လည်ပြုပြင်တိုးချဲ့ကာ ဒုတိယအကြိမ် နိုင်လွန်ကတ္တရာ ပြန်ခင်းခဲ့ရသည့် လမ်းမကြီးဖြစ်သည်။ (၄၂)လမ်းနှင့် (၇၈)လမ်းဆုံတွင် 'သမဝါယမဈေး' ရှိခဲ့ဖူးပါသည်။ ၁၉၈၀ ပတ်ဝန်းကျင်တွင် သမဝါယမများ ခေါင်းထောင်နေရာရနေစဉ်က တည်ဆောက်ခဲ့၏။ ထိုကာလအချိန်များက ထိုနေရာသည် တကယ့်အစွန်အဖျား ဖြစ်လေသည်။ သူ့တောင်ဘက် ဘာမှမရှိတော့။ ဆင်ဖြူကုန်းသုဿာန်သာလျှင် ရှိတော့သည်။ သို့သော် ထိုနေရာတွင် သမဝါယမဈေးကို အကြီးအကျယ်ဆောက်လုပ်ထားသောကြောင့် သမဝါယမနှင့်ပတ်သက်၍ ထိုစဉ်က တာဝန်ရှိသည့်ပုဂ္ဂိုလ်တစ်ဦးက 'အသုဘပို့မှ ရောက်ရမယ့်နေရာမှာ ဈေးဆောက်ထားတာ လူလာပါ့မလား'ဟု ပြောဖူးသည်။ ယခုထိုနေရာတွင် သမဝါယမဟိုတယ်ကြီး တည်ဆောက်လိုက်ပါ၏။

၇၈ လမ်းနှင့် (၄၂)လမ်းဆုံရာကို မန္တလေးက 'ခင်စောမူကွေ့'ဟုလည်း ခေါ်ကြပါသည်။ သမဝါယမဟိုတယ်ကြီး အရှေ့ဘက်ကပ်လျက်မှာ ခင်စောမူဆီစက်ဝင်းကြီးရှိ၏။ မန္တလေး၏အကြီးဆုံး ဆီစက်ကြီးဖြစ်ပါသည်။ သမဝါယမခေတ်ဦးပိုင်းကတည်းက ခင်စောမူဆီစက်သည် သမဝါယမလက်အောက် ရောက်ရှိခဲ့ပါသည်။ ဆီစက်ကြီးကြိတ် ဝါးလည်ပတ်မှုရပ်ထားရတာက ကြာပါပြီ။ ဝင်းကြီးကိုတော့ ယခင်အတိုင်းထားရှိနေပါသေး၏။

သမဝါယမဟိုတယ်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ရဲစခန်းရှိသည်။ '၁၁ မှတ်ဂိတ်' ဟု မန္တလေးက ခေါ်ကြသည်။ မန္တလေးက ရဲစခန်းများသည် နံပါတ်များနှင့်ဖြစ်၏။ မန္တလေးသားများကမူ မူလနာမည်နှင့်အတူ နံပါတ်အမှတ်အသားများကိုလည်း အဆင်ပြေသလို ခေါ်ဝေါ်ကြ၏။ ယိုးဒယားဂိတ်ဟု လည်းကောင်း၊ ရှစ်မှတ်ဂိတ်ဟု လည်းကောင်း၊ အောင်တော်မူဂိတ်ဟု လည်းကောင်း၊ သုံးမှတ်ဂိတ်ဟု လည်းကောင်း၊ ညွန့်ပေါင်းဈေးဂိတ်ဟု လည်းကောင်း၊ ကိုးမှတ်ဂိတ်ဟုလည်းကောင်း ခေါ်ကြသည်။

*(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)*

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ချောင်းဦးမြို့နယ် ဧရိပ်မွန်(၂)ကျန်းမာရေးစစ်ဆေး

**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဧရိပ်မွန်(၂) သမီးငယ်လေးများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစစ်ဆေးပေးခြင်းကို မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့်အဖွဲ့တို့က ဧရိပ်မွန်(၂)မှ သမီးငယ်လေးများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**



# ပန်းခြံအတွင်း ကစားစရာပစ္စည်းများ ပျက်စီးနေမှုပြုပြင်ပေးစေလို

**မလှိုင် ဇူလိုင် ၂၁**

မလှိုင်မြို့သည် ယခင်ထက် မြို့ပြအခြေအနေ ဖွံ့ဖြိုးပြောင်းလဲလာနေသော်လည်း မလှိုင်မြို့ လှိုင်သာယာပန်းခြံအတွင်းရှိ ကလေးကစားစရာပစ္စည်းအများစုမှာ ပျက်စီးနေသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း ကျောင်းသားမိဘတစ်ဦးထံမှ သိရသည်။

"လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲတွေကို ဒီပန်းခြံမှာ နှစ်စဉ်ကျင်းပကြတာပါ။ ပန်းခြံအတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကိုလည်း လာထားတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပန်းခြံကို လာရောက်လည်ပတ် အပန်းဖြေလေ့လာသူတွေများလာတော့မှာပါ။ အခုဆိုရင် ကလေးကစားစရာပစ္စည်းတွေ ပျက်စီးနေသလို လှိုင်သာယာပန်းခြံဆိုတဲ့ ဆိုင်းဘုတ်လည်း ပျက်စီးနေတာတွေ့ရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ပြုပြင်ပေးသင့်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါပန်းခြံသည် မလှိုင်-မိတ္ထီလာ-မြင်းခြံသွား လမ်းဘေး ဝဲ/ယာ၌ တည်ရှိနေခြင်းကြောင့် အများပြည်သူ အပန်းဖြေအနားယူချင်စဖွယ် ဖြစ်အောင် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားကြခြင်းဖြစ်သည်။

မလှိုင်မြို့နယ် ကျေးလက်နေတောင်သူများသည် မလှိုင်မြို့မစည်ပင်သာယာငါးရက်ဈေးသို့ လာရောက်ရောင်းဝယ်ကြသည့်အခါ မိမိတို့၏ စက်တပ်ယာဉ်များကို ရပ်နားရာ၊ အနားယူရာနေရာအဖြစ်လည်းကောင်း၊ မလှိုင်မြို့၌ နေထိုင်ကာကျောင်းတက်နေသည့် သားသမီးများကို မိဘများက လာရောက်တွေ့ဆုံရာနေရာအဖြစ် လည်းကောင်း လှိုင်သာယာပန်းခြံကို အသုံးပြုကြရကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အထက်တန်းကျောင်းခွဲတိုးမြှင့်ဖွင့်လှစ်

**မကွေး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ယခင်(စိန့်မေရီ) ကျောင်းအား အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ ခရိုင်ပညာရေးမှူး ဦးထွေးမို၊ ခရိုင်ရဲတပ်ဖွဲ့မှူးဦးမှူတို့က မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# တရားမဝင်ကျွန်းသစ်လေးလုံး ဖမ်းဆီးရမိ

**ကသာ ဇူလိုင် ၂၁**

ကသာခရိုင် ကသာမြို့နယ် အင်းရွာနယ်မြေ ရဲစခန်းမှ စခန်းမှူးရဲအုပ်ရဲအောင်နှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၉ ရက်ညက အပိုင်နယ်မြေအတွင်း ရွှေလီမြစ်ကြောင်း တစ်လျှောက် တရားမဝင်သစ်များ ဖမ်းဆီးရမိရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ပျဉ်ထောင်လေးကျေးရွာဟောင်း အနီး ရွှေလီ တံတားအောက်ဘက်အရောက် မသင်္ကာဖွယ်ရာ ဟွန်ဒါ စက်လှေတစ်စင်းကို တွေ့ရှိ၍စစ်ဆေးခဲ့ရာ အဆိုပါ ဟွန်ဒါအမျိုးအစား တရုတ်အင်ဂျင်တပ် စက်လှေတစ်စင်း၏ ဘေးနှစ်ဖက်တွင် တရားမဝင် ကျွန်းသစ်နှစ်လုံးစီ စုစုပေါင်း ကျွန်းသစ်လေးလုံး ၁ ဒသမ ၁၆၀ တန်ကို တန်းထိုးပြီး ချည်နှောင်ကာ သယ်ဆောင်မောင်းနှင်လာကြောင်း တွေ့ရှိရသဖြင့် စက်လှေမောင်းသူ အောင်မျိုးခိုင်ကို ဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပရာ အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသွားသော YKKO အသင်းအား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ဆုဖလားချီးမြှင့်စဉ်။

တင်စိုး(မြန်မာ့အလင်း)

## သတင်းတို

# အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရမည်းသင်းမြို့နယ်ရှိ အခြေခံပညာကျောင်းအချို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အခြေခံပညာမူလတန်းကျောင်းခွဲများအဖြစ် ကိုယ့်အားကိုယ်ကိုး အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသော ကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသော ကျောင်းများ၊ အခြေခံပညာမူလတန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသောကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ခွင့်ရသော ကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခွင့်ရသော ကျောင်းများဖြစ်သည်။ မြို့နယ်အတွင်း ဝေးလံခေါင်ဖျားသော အရပ်ဒေသများရှိ ကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသဖြင့် ဒေသခံပြည်သူများက မိမိတို့၏ သားသမီးများအား အလယ်တန်းမှသည် အထက်တန်းအဆင့်ထိ ပညာသင်ကြားခွင့်ရရှိကြမည်ဖြစ်၍ ကျေးဇူးတင်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(ဝ၁၁)**

# အသိပညာပေးဟောပြောပွဲများကျင်းပ

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တက္ကသိုလ်ကောလိပ်ကျောင်းအုပ်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ချက်ဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ယာဉ်မတော်တဆမှု ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်စေရေး၊ မှူခင်းကျဆင်းရေး၊ တုတ်၊ ဓားလက်နက်အသုံးမပြုရေး၊ ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရေး၊ အရက်သေစာသောက်စားမှုမရှိစေရေး၊ မှူခင်းကြိုတင်ကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြောပွဲများကို မော်လမြိုင်မြို့နယ်အတွင်း ကျင်းပလျက်ရှိသည်။

ဇူလိုင် ၁၃ ရက်မှ ၁၈ ရက်အထိ မော်လမြိုင်တက္ကသိုလ်ကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကိုလည်းကောင်း၊ မှူခင်းကျဆင်းရေးနှင့် မှူခင်းကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာ ဥပဒေအချက်အလက်များကိုလည်းကောင်း သက်ဆိုင်ရာမှ တာဝန်ရှိသူတို့က အသိပညာပေးဟောပြောခဲ့သည်။

အလားတူ နည်းပညာတက္ကသိုလ်(မော်လမြိုင်)ကျောင်း၊ မော်လမြိုင်ပညာရေး ကောလိပ်ကျောင်းတို့တွင် ကျင်းပခဲ့ပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မြို့ရန်ကုန် ခရီးသည်ပို့ဆောင်ရေးတွင် ခေတ်နှင့်အညီ ပိုများလာသည့်မီနီဘတ်စ်များ

သတင်းဆောင်းပါး
တင်ဝင်းလေး
(ကြည့်မြင်တိုင်)

စာရေးသူနေထိုင်ရာသည် ကြည့်မြင်တိုင်မြို့နယ် ဗားကရာချောက်မီးပွိုင့်အနီး ကုန်းမြင့်ထက်တွင် ဖြစ်သည်။ ထို့အတွက် အရပ်လေးမျက်နှာမှ ဗားကရာ ချောက်အတွင်း ဝင်လာသော ယာဉ်အားလုံးကို ကုန်းအပေါ်မှ အစဉ်မြင်နေရသည်။

ကားကိုယ်ထည်ပေါ်တွင်ကြော်ငြာတို့ဖြင့် လှပနေသော ကားကြီးကားငယ် အသွယ်သွယ်ကို လှုပ်ရှားသက်ဝင်နေသော ပန်းချီကားချပ်ကြီးသဖွယ် နေ့စဉ်မြင်တွေ့နေရသည်။ ထိုအထဲတွင် ခရီးသည်တင် မီနီဘတ်စ်များ ယခင်ကထက်ပိုမိုများပြားလာသည်ကို အထူးသတိထားမိခဲ့သည်။

စာရေးသူအထူးဝိသေသပြုဆိုချင်သည်မှာ ခရီးသည်တင်လိုင်းကားများကိစ္စဖြစ်သည်။ ဗားကရာချောက်အတွင်း ဖြတ်သန်းမောင်းနှင်နေသော ခရီးသည်တင် လိုင်းကားများတွင်ဟိုင်းလက်စ်ယာဉ်ငယ်များကို ၂၀၁၅ ခုနှစ် မေလမတိုင်မီအထိ မြင်ခဲ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခေတ်နှင့်မညီသော၊ ခရီးသွားပြည်သူများအတွက် အန္တရာယ်ဖြစ်စေသော ခရီးသည်တင်ဟိုင်းလက်စ်ယာဉ်များအားလုံးကို ၂၀၁၅ ခုနှစ် မေ ၁ ရက်မှ စတင်ကာ ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်း ဝင်ရောက်ပြေးဆွဲခြင်းကို ကန့်သတ်ခဲ့သည်။ ထိုစဉ်ကပြေးဆွဲလျက်ရှိသော ခရီးသည်တင်ဟိုင်းလက်စ်ယာဉ်အစီးရေ ၈၀၀ ကျော်ရှိနေသည်ဟုသိရသည်။

ထိုကဲ့သို့ ခရီးသည်တင် ဟိုင်းလက်စ်ယာဉ်များ ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်အတွင်းသို့ ပြေးဆွဲခြင်း ကန့်သတ်လိုက်သည့်အချိန်တွင် ဟိုင်းလက်စ်ယာဉ်များကို ယာဉ်အိုယာဉ်ဟောင်းများအဖြစ် အပ်နှံပါက ခရီးသည်တင်ယာဉ်များအဖြစ် ပြေးဆွဲရန် မီနီဘတ်စ်များကို နိုင်ငံတော်က တင်သွင်းခွင့်ပြုခဲ့သည်။ ထို့အတွက် ယာဉ်ပိုင်ရှင်များက ဟိုင်းလက်စ်ယာဉ်ဟောင်းများကို အပ်နှံပြီး မီနီဘတ်စ်အသစ်များဖြင့် ဝင်ရောက် ပြေးဆွဲလာကြသည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "မထသရဲ့မြို့တွင်းခရီးသည် ပို့ဆောင်ရေးကဏ္ဍမှာ ယခင်ကတည်းက မီနီဘတ်စ်စီးရေ ၄၀၀ ကျော်ရှိခဲ့ပါတယ်။ အခု ၂၀၁၅ ဇွန်လအထိမှာ အစီးရေ ၁၂၀၀ ကျော်အထိ အစားထိုးပြေးဆွဲလာနိုင်ပါပြီ"ဟု မထသယာဉ်လိုင်းများတွင် မီနီဘတ်စ်များ အစားထိုးပြေးဆွဲလာနိုင်သည့်အခြေအနေကို ရှင်းပြသည်။

မြို့တွင်းခရီးသည်ပို့ဆောင်ရေးတွင် မီနီဘတ်စ်များဝင်ရောက်လာပြီးနောက် ယာဉ်လိုင်းသစ်များ ပြေးဆွဲသည့်အပြင် ယခင်ကရှိပြီး ယာဉ်လိုင်းများမှ ဟီးနိုး၊ ဟွန်ဒိုင်းစသည့် လိုင်းကားကြီးများနေရာတွင်လည်း အစားထိုး ဝင်ရောက်ပြေးဆွဲလာနေကြသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းထိပ်တွင် ဂိတ်ထိုးသည့် (၃၃) ယာဉ်လိုင်းတွင် ယခင်က ဟီးနိုးကားကြီးများဖြင့် ပြေးဆွဲနေရာမှ ယခုအခါ (၃၃)အဝါနှင့် (၃၃)အစိမ်းဟု မီနီဘတ်စ်ယာဉ်လိုင်းနှစ်လိုင်း အစားထိုးပြေးဆွဲလျက်ရှိသည်။ ထို့အပြင် ဗားဂရာတွင် ဂိတ်ထိုးပြေးဆွဲသည့် (၆၂)ဟီးနိုးကားကြီးများနေရာတွင်လည်း မီနီဘတ်စ်အချို့ အစားထိုး ပြေးဆွဲနေပြီဖြစ်သည်။

"အခုလို နေရာအနှံ့ ယာဉ်ကြောတွေကျပ်လာတဲ့အချိန်မှာ ကားကြီးတွေအစားမီနီဘတ်စ်လေးတွေက မောင်းရတာပို အဆင်ပြေတယ်။ မြို့ထဲအဝင်အထွက် ပိုကောင်းတယ်"ဟု (၃၃)မီနီဘတ်စ်မောင်းသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

မီနီဘတ်စ်များ ပြေးဆွဲလာသဖြင့် ခရီးသည်များအတွက်လည်း သွားလာရေးတွင် ပို၍လွယ်ကူလာသည်။ သို့သော်လည်း ယာဉ်စီးခများ ကောက်ယူရာတွင်မူ ပုံမှန်မရှိသဖြင့် အဆင်မပြေကြောင်း ခရီးသည်အချို့ထံမှ သိရသည်။ "ခရီးတစ်ခုတည်း လိုင်းတစ်လိုင်းတည်းကို ယာဉ်စီးခတောင်းတာ မတူကြဘူး။ တစ်မှတ်တိုင်တည်းစီးတာကို ၂၀၀ ကျပ်တောင်းတဲ့ ယာဉ်နောက်လိုက်တွေရှိသလို ခရီးစဉ်အလိုက်ဖြတ်ပြီး ကျပ် ၁၀၀၊ ကျပ် ၂၀၀ တောင်းတဲ့ ယာဉ်နောက်လိုက်တွေလည်းရှိတယ်။ မထသအနေနဲ့ သတ်မှတ်တဲ့ယာဉ်စီးခတွေကို ကားတိုင်းမှာ မြင်သာတဲ့နေရာ ကပ်ထားပေးသင့်တယ်"ဟု မီနီဘတ်စ်စီးနေသည့် ခရီးသည်တစ်ဦးက အကြံပြုပြောကြားသည်။

အမှတ် (၁၀၇) မီနီဘတ်စ်ယာဉ်နောက်လိုက် တစ်ဦးက "ကျွန်တော်တို့က ဂက်စ်မရသေးဘူး။ ဆီနဲ့မောင်းရတာ။ နောက်ပြီး အဲယားကွန်းလည်း ဖွင့်ပေးတယ်။ ဒါကြောင့် ဘယ်စီးစီး ကျပ် ၂၀၀ ကောက်တာပါ။ တိုင်တဲ့လူရှိတော့လည်း အရေးယူခံရတာပေါ့"ဟု ယာဉ်စီးခကောက်ခံပုံကို ပြောပြသည်။

မထသ(ဗဟို) စည်းကမ်းထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးက "ယာဉ်စီးခပိုကောက်တာကို တိုင်ကြားလာတဲ့အမှုတွေ အများကြီးပဲရှိပါတယ်။ တိုင်ကြားတာကို စစ်ဆေးပြီး မှန်ကန်တဲ့အခါ အရေးယူအပြစ်ပေးမှုတွေ ပြုလုပ်ပါတယ်။ယာဉ်စီးခပိုတောင်းတာမှ မဟုတ်ပါဘူး။ ခရီးသည်တင်ယာဉ်တွေ အပြိုင်လုမောင်းပြီး ရန်ဖြစ်တာ၊ ခရီးသည်တွေအပေါ် ဆက်ဆံမှုရိုင်းပြတာတွေရှိရင်လည်း တိုင်ကြားကြပါ။ကျွန်တော်တို့ မထသ အနေနဲ့ အရေးယူဆောင်ရွက်သွားပါမယ်"ဟု မီဒီယာ ရှင်းလင်းပွဲတစ်ခု၌ပြောခဲ့ဖူးသည်။

ရန်ကုန်မြို့တွင် လူဦးရေထူထပ်များပြားလာသည်နှင့်အမျှ ခရီးသည်ပို့ဆောင်ရေးတွင်လည်း ယာဉ်လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိရာ ယခင်ပြေးဆွဲနေသော ဟိုင်းလက်စ်ကားငယ်များနှင့် ဟီးနိုးကားကြီးများ နေရာတွင် မီနီဘတ်စ်ကားသစ်များကို ခေတ်နှင့်အညီ ပြောင်းလဲပြေးဆွဲပေးခြင်းဖြင့် ခရီးသည်များသွားလာရေးပိုမိုအဆင်ပြေသည့်အပြင် မြို့တော်အဆင့်မြင့် လှပရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။ ။



ဓာတ်ပုံ-ကိုကြီးတင်

# ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များ ပေးအပ်ပြီး စုပေါင်းစိုက်ပျိုး

**ထားဝယ် ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း မိုးစပါးစိုက်ဧက တိုးတက်ရေးနှင့် သီးနှံအထွက်တိုးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်ဧက တင်း ၂၀၀ ကျော်အထိ ထွက်ရှိနိုင်သည့် GW-1 (ပုလဲသွယ်) စပ်မျိုးစပါးမျိုးစေ့များ ပေးအပ်ပွဲနှင့် မျိုးစေ့ချစိုက်ပျိုးပွဲကို အမှတ်(၄၀၈) ခြေမြန်တပ်ရင်း ပေါင်းစည်းလယ်ယာ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

စပါးမျိုးစေ့ပေးအပ်ပွဲနှင့် မျိုးစေ့ချပွဲတွင် GW-1 (ပုလဲသွယ်) မျိုးစေ့ ၁၅ ကီလိုနှင့် ကျော်ဇေယျစပါး မျိုးစေ့များကို မြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောမင်းနောင်က အမှတ်(၄၀၈)ခြေမြန် တပ်ရင်းမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး အမှတ်(၄၀၈) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး မျိုးသန့်၊ ဗိုလ်မှူး ယဉ်မင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ နတလဦးစီးမှူး ဦးအောင်မျိုးထိုက်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်မိုးမိုးခိုင်နှင့် ဝန်ထမ်းများက မျိုးစေ့ချစိုက်ပျိုးခဲ့ကြသည်။



ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း မိုးစပါးအထွက်တိုးရေးအတွက် အထွက်ကောင်းစပါးမျိုးများဖြစ်သော ပုလဲသွယ်စပ်မျိုးစပါးနှင့် ကျော်ဇေယျစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာသုံးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ချောင်းမနား၊ ညောင်ပင်လှနှင့် ရွာသစ်ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ပြီးစီးသဖြင့် လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်ကာ ဖွင့်ပွဲကို ဇူလိုင် ၁၉ ရက်တွင် ချောင်းမနားကျေးရွာအုပ်စု၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးကို စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၈၀၀ ခန့် အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး တပ်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ချောင်းမနားကျေးရွာ၊ ညောင်ပင်လှကျေးရွာ နှင့် ရွာသစ်ကျေးရွာများတွင် အိမ်ခြေ ၂၄၄ လုံးရှိရာ ယခုအခါ အိမ်တိုင်း ၂၄ နာရီ မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

မီးလင်းရေးလုပ်ငန်းများဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများပါဝင်သည့် ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်များအတွင်းရှိ မြို့နယ်နှင့်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဝန်ကြီးများ၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်များမှ ဌာနဆိုင်ရာများ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူဗဟိုပြုအဖြစ်ဆောင်ရွက်လျက်ရှိကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များရှာကြံဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် မြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး လိုအပ်မှုတင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်များအတွင်းရှိ မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။ မိုင်းဆတ်ခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးနိုးဝေနှင့် တာချီလိတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေတို့က မြို့နယ်များအတွင်း မြေအသုံးချမှုစီမံခန့်ခွဲရေး လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မတီအဖွဲ့(၇)မှ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ် အဖွဲ့ခေါင်းဆောင် ဦးစိုင်းထွန်းစိန်က လယ်ယာမြေစိစစ်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ အမှတ်(၃၃၁)ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မလိုအပ်တော့၍ ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေ ၁၁ ဧက၏ လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၇)များကို ဒေသခံတောင်သူလယ်သမားရှစ်ဦးထံ တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ဒေသခံပြည်သူများစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိကာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာကို စံပြအဖြစ် မြေဂရန်ဆောင်ရွက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဝင်းက ပြည်နယ် အတွင်းရှိလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူမှုမှ ရရှိလာသည့်အချက်အလက်စာရင်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်နှင့်မိုင်းယောင်း မြို့နယ်များအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀ စီ၊ ဗလာစာအုပ်ဒါဇင် ၆၀၀ စီနှင့် မြို့နယ်အလိုက် ဖွဲ့စည်းထားရှိကြသည့် ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီတို့ကို ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများနှင့် ယဉ်ကျေးမှုအဖွဲ့များထံ ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူအသုံးပြုလျက်ရှိ



**ရေစကြို ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် လယ်ယာသုံး၊လုပ်ငန်းသုံး၊ စက်ပစ္စည်းကိရိယာများကို (Hire Purchase) ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် သမဝါယမအသင်းသား တောင်သူများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ယခုအခါ ဝယ်ယူထားပြီး လယ်ယာသုံးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၏တန်ဖိုးမှာ ငွေကျပ် ၄၆၆၄ ဒသမ ၃၁ သိန်းရှိပြီ ဖြစ်ကြောင်း သိရသည်။

"ရေစကြိုမြို့နယ် အတွင်းမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ဖို့နဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အမြန်ဆုံးကူးပြောင်းနိုင်ဖို့အတွက် သမဝါယမဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုနဲ့ လယ်ယာသုံးဖြစ်တဲ့ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် လုပ်ငန်းသုံးဖြစ်တဲ့ ရေစုပ်စက်တွေ၊ ကုန်တင်ယာဉ်တွေ၊ သုံးဘီးဆိုင်ကယ်တွေကို မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံးက သမဝါယမအသင်းသားတောင်သူတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးနေပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်အထိ သမဝါယမအသင်းသားတွေက ဝယ်ယူထားရှိတဲ့ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာတွေရဲ့ စုစုပေါင်းတန်ဖိုးဟာ ငွေကျပ် ၄၆၆၄ ဒသမ ၃၁ သိန်း ထိ ရှိနေပြီဖြစ်ပါတယ်။

အခုဆိုရင် နွေစပါးရိတ်သိမ်းခြွေလှေ့ရာမှာ ရိတ်သိမ်းစက်တွေကိုစတင်အသုံးပြုနေကြပြီ ဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့ မြေယာထွန်ရက်ပြုပြင်ရာမှာလည်း လက်တွေ့လုပ်နေကြပြီဖြစ်ပါတယ်" ဟု မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှဝင်းကျော်က ပြောသည်။

သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးအောင်မြင့်စိုးက "သမဝါယမ အသင်းစုချုပ်ကနေ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကို ၃၆၄ ဒသမ ၆၂ သိန်းနဲ့ အရစ်ကျဝယ်ယူခဲ့ပါတယ်။ အခု နွေစပါးကို တစ်ဧကငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ အငှားလိုက်ရိတ်နေပါတယ်။ အရင်က လူလုပ်အားနဲ့ ရိတ်တုန်းက အချိန်ကုန်၊ လူပန်း၊ အလေအလွင့်ကများ၊ စရိတ်ကကြီးနဲ့ တောင်သူတွေ ဒုက္ခရောက်ခဲ့တယ်။ အခုတော့ ခြွေလှေ့စက်က အချိန်ကုန်လည်း သက်သာ၊ အလေအလွင့်လည်းနည်း၊ ကုန်ကျစရိတ်လည်း သက်သာ၊ အချိန်မီ အမိုးအကာအောက်ရောက်တဲ့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို အများကြီး အထောက်အကူပြုတာ လက်တွေ့ပါပဲ" ဟု ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

---

## အရန်သားဖွားဆရာမ သင်တန်းဆင်း

**ရှာင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ပြည်သူ့ဆေးရုံအဆောင်သစ် အစည်းအဝေးခန်းမ၌ အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးလှိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် သန့်ရှင်းပြီး အရည်အသွေးပြည့်ဝသော အရန်သားဖွားဆရာမများဖြစ်စေရန်တို့ကို မှာကြားပြီးနောက် အရန်သားဖွားဆရာမက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် (AMW Kite) ပုံးများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ပြီး စာတွေ့၊ လက်တွေ့ခြောက်လကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း-ရှာင်**

---




## နို့စားနွားမွေးမြူရေး အထောက်အကူပြုသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့်ကုသရေး တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်လ ဒုတိယပတ်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) အဖွဲ့အစည်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော နို့စားနွားမွေးမြူရေး အထောက်အကူပြုသင်တန်း ဖွင့်လှစ်သည်။

အခမ်းအနားတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေစိုး၊ တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်မွန်တို့က နို့စားနွားမွေးမြူရေးအထောက်အကူဖြစ်သော နို့စားနွားမရွေးချယ်ခြင်း၊ မွေးကင်းစနွားကလေး ပြုစုစောင့်ရှောက်ခြင်း၊ စနစ်တကျ နွားနို့ညှစ်ခြင်း၊ နို့စားနွားများ မေထုန်မှဲ့သားစပ်ခြင်း၊ နွားစာယူရီးယားကောက်ရိုး ပြုပြင်ကျွေးမွေးခြင်း၊ စနစ်တကျ အစာကျွေးမွေးခြင်းစသည့် သင်ခန်းစာများ ပို့ချပေးခဲ့ပြီးသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်က နို့စားနွားမွေးမြူသူနှင့် စိတ်ဝင်စားသူများ တက်ရောက်သင်ကြားခဲ့သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

---

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းများဖွင့်

### ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင် အသိပညာပေး(ဆင့်ပွား)သင်တန်းကို ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်က ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် အမှတ်(၂)အတွင်းရှိ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၆ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ဇူလိုင် ၁၇ ရက်မှ ၁၈ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရန်ကုန်

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ပြည်လမ်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒဂုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်အေး၊ ဥပဒေအရာရှိ ဒေါ်သီရိဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ရွေးကောက်ပွဲဆိုင်ရာများ အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပန်းမဥ္ဇူ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

# ချင်းတိုင်းရင်းသားခေါင်းဆောင် ပိုလ်ဆွန်ပက်နေအိမ်ပျက်စီးယိုယွင်းနေမှု ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေ

**ဖလမ်း ဇူလိုင် ၂၁**



ချင်းတိုင်းရင်းသားခေါင်းဆောင် ဗိုလ်ဆွန်ပက်ခေါ် ဗိုလ်ကြွမ်ဘိခ်နေထိုင်ခဲ့သော ဖလမ်းမြို့နယ် တာရွှန်းကျေးရွာရှိ ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုးနေအိမ်ကြီးမှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်၍ ယခုအခါယိုယွင်းပျက်စီးမှုများရှိလာရာ အချိန်မီ ထိန်းသိမ်းပြုပြင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"ဗိုလ်ဆွန်ပက်နေထိုင်ခဲ့တဲ့ တာရွှန်းရွာဆိုတာက ဖလမ်းမြို့ကနေ သုံးမိုင်ဝေးတယ်၊ ဗိုလ်ဆွန်ပက်နေခဲ့တဲ့အိမ်ကို သူ့အမျိုးအနွယ်တွေက ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုပေမယ့် ပြုပြင်ဖို့လိုနေတယ်၊ စရိတ်စကလိုတယ်၊ ဒီအတိုင်းထားရင် သမိုင်းဝင်ပစ္စည်းဆုံးရှုံးသွားနိုင်တယ်၊ အခုထိန်းသိမ်းပြုပြင်မယ်ဆိုရင်အချိန်မီပါသေးတယ်" ဟု ဖလမ်းဒေသခံ ဦးပါထန်းက ပြောသည်။

ဗိုလ်ဆွန်ပက်ခ်ခေါ် ဗိုလ်ကြွမ်ဘိခ်သည် ချင်းတောင်ဒေသမှ နယ်ချဲ့အင်္ဂလိပ်ကို သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့သူ၊ ချင်း-မြန်မာချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုကိုပြသခဲ့သူ၊ ရွှေဂျိုးဖြူမင်းသားနှင့် ပူးပေါင်းကာ နယ်ချဲ့ကိုတော်လှန်ခဲ့သူဖြစ် သည်။

ဖလမ်းမြို့နယ် တာရွှန်းရွာဇာတိဖြစ်ပြီး တာရွှန်းရွာသူ ဒေါ်ဇာတီလ်နှင့် အိမ်ထောင်ပြုခဲ့သည်။ ဗိုလ်ဆွန်ပက်နေအိမ်သည် အိမ်ဝင်းအလျားရှည်ပြီး အိမ်ရှေ့တွင် ကွင်းပြင်ကျယ်ကြီးရှိသည်။ ယင်းအိမ်ကြီးတွင် ဗိုလ်ဆွန်ပက်သည် အသက် (၇၆) နှစ်အရွယ်အထိ နေထိုင်ခဲ့သည်။

ဗိုလ်ဆွန်ပက်သည် ၁၉၁၀ ပြည့်နှစ် ဧပြီလတွင် ယင်းနေအိမ်မှာပင် ကွယ်လွန်ခဲ့သည်။ ဗိုလ်ဆွန်ပက်၏ ကျန်ရစ်ခဲ့သည့် ရုပ်ကလာပ်ကိုလည်း ယင်းအိမ်ဝင်းအတွင်းမှာပင် ဂူဗိမာန်အဖြစ်ထည့်သွင်းသင်္ဂြိုဟ်ထားသည်ကို ယခုတိုင်တွေ့ရှိနိုင်သည်။

**မျိုးသိန်း**

# အမ်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်ငွေလှူဒါန်း

**အမ်း ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဇူလိုင်လကဖြစ်ပေါ်ခဲ့သော တဲ၊ အိမ်၊ အဆောက်အအုံများ ရေနစ်မြုပ်ခြင်း၊ တဲ၊ အိမ်အချို့ပျက်စီးပြီး ရေစီးနှင့်အတူ မျောပါသွားခြင်း၊ တိရစ္ဆာန်များ နစ်မြုပ်ဆုံးရှုံးခြင်း၊ လူလေးဦး ရေနစ်သေဆုံးခြင်းကဲ့သို့ ဖြစ်ပေါ်ခဲ့ရသည့် ရေဘေးဒုက္ခသည်များအား ဇူလိုင် ၁၄ ရက်က အမ်းမြို့နယ် မေတ္တာအေးရိပ် နာရေးကူညီမှုအသင်းမှ ဆန်အိတ်များကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများ လက်ဝယ်သို့ တစ်အိမ်ထောင်လျှင် ဆန် ၁၂ ပြည်နှုန်း၊ သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ ကျစီဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။



**သန်းမောင်(အမ်း)**

# နားနန့်ထွန်ကျေးရွာအနီး ရွှေမြေသဲခိုးယူသူဖမ်းမိ

**ဗန်းမောက် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နားနန့်ထွန်ကျေးရွာအနီး သန်းထိုက်ရွှေစင်ကုမ္ပဏီမှ ရွှေမြေသဲများကို ခိုးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်းထိုက်ရွှေစင်ကုမ္ပဏီမန်နေဂျာ ကျော်ဇင်သက်နှင့်အဖွဲ့သည် ၎င်းကုမ္ပဏီဝင်းအတွင်းမှ ညစဉ်ညတိုင်း ရွှေမြေသဲများ ပျောက်ဆုံးနေသဖြင့် ၎င်းနှင့်အတူ လုပ်သား ၁၀ ဦးခန့်က ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီက စောင့်ဆိုင်းနေစဉ် ရွှေကျင်သည့်ကန်တွင် ရွှေမြေသဲစာခိုးယူနေသူနှစ်ဦးကို တွေ့ရှိသဖြင့် ဝိုင်းဝန်းဖမ်းဆီးရာ ကျော်ကြီး(ခ)မျိုးသန့်ကို ရွှေမြေသဲစာ ခြောက်ပြည်နှင့်အတူဖမ်းဆီးရမိပြီး အမည်မသိသူတစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ကျော်ကြီး(ခ)မျိုးသန့်အား ဥပဒေအရ အရေးယူပေးပါရန် ကျော်ဇင်သက် (သန်းထိုက်ရွှေစင်ကုမ္ပဏီ) မန်နေဂျာကတရားလိုပြုလုပ်ကာ တိုင်ကြားထားသောအမှုဖြစ်သည်။

ယင်းအမှုကို အမှုစစ် လိပ်စောရဲကင်းစခန်းမှူး ဒုရဲအုပ်အောင်သန်းက သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ ရွှေမြေသဲစာခိုးယူသူ ကျော်ကြီး(ခ)မျိုးသန့် (၃၀ နှစ်) နန်းခင်းရွာလမ်းဆုံ၊ ဗန်းမောက်မြို့နယ်နေသူအား ဖမ်းဆီးရမိရေးအတွက် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မြို့နယ်သမဝါယမဦးစီးဌာန၌ ချေးငွေပေးအပ်

**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပရာ ချေးငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ အသင်းပေါင်း ၇၁ သင်း၊ အသင်းသားပေါင်း ၄၈၂၅ ဦးကို ချေးငွေပေါင်း ၅၅၉၁ သိန်း၊ မွေးမြူရေးချေးငွေ အသင်းပေါင်း ၁၂ သင်း၊ အသင်းသားပေါင်း ၇၁၀ ကို ချေးငွေသိန်းပေါင်း ၇၁၀၊ အသင်းသားသစ်အသင်းပေါင်း ၁၉ သင်း၊ အသင်းသားပေါင်း ၃၈၆ ဦး ချေးငွေပေါင်း ၃၈၆ သိန်း စုစုပေါင်း ငွေကျပ်၆၆၈၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးနှိမ်နင်းရေး ရွှေပြည်သာမြို့နယ်၌ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်း ဦးဆောင်၍ အတွင်းရေးမှူး ဒေါ်ညိုမီ၊ ရွှေပြည်သာမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့် ရပ်ကွက်တာဝန်ရှိသူများသည် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်းရှိ ရေမြောင်းကြား၊ ရေအိုင်များတွင် ပေါက်ပွားနေသော ပိုးလောက်လမ်းစား ငါးများလွှတ်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် လိုအပ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လုပ်ကိုင်ကြကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဓနုဖြူ)**

# စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး မဲခေါင်စစ်ဆင်ရေး (၂) စီမံချက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာ မယ်ယန်းပူးပေါင်းစစ်ဆင်ရေးစခန်းတွင် မိုင်းကိုးကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ အိုက်လုံး မောင်းနှင်ပြီး ပီလောင်လိုက်ပါသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ပီလောင်၏ အင်္ကျီလက်မောင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမှုနှင့်ပတ်သက်၍ အိုက်လုံး (၁၈နှစ်)နှင့် ပီလောင် (၁၈နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# (၆၈)နှစ်မြောက် အာဇာနည်နေ့ဆွမ်းဆက်ကပ်

## ကြာအင်းဆိပ်ကြီးမြို့

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်ခြင်းကို ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဏိရတနာကမ်းနားကျောင်း၌ ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဏိရတနာကမ်းနားကျောင်းဆရာတော်ထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များကို နာယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## လဲချားမြို့

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက ဟော်ခမ်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လဲချားတပ်နယ်စစ်ဗျူဟာမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မေ(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်အလှူဒါနပြုခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြို့ပေါ်ရှိကျောင်းထိုင်ဆရာတော်များကို အရုဏ်ဆွမ်းများလှူဒါန်းခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးအား အမျှအတန်းပေးဝေခဲ့ကြသည်။

**လင်းလင်း(ပြန်/ဆက်)**

## ဂန့်ဂေါမြို့

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားများကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးလျက် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းကာအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## တန့်ယန်းမြို့

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား နှစ်မိနစ်ငြိမ်သက်၍ အလေးပြုကြသည်။

ထို့နောက် အာဇာနည်နေ့အထိမ်းအမှတ် ကျင်းပပြုလုပ်ခဲ့သော အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့်ကျောင်းသားကျောင်းသူများကို မြို့နယ်မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**


MH မဟာခိုး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

ထိုင်း-ကမ္ဘောဒီးယား (၃) ရက်ခရီး (31 JuLy ထွက်မည်)၊ သီရိလင်္ကာစွယ်တော်ပွဲ (Aug 15 , 24 ထွက်မည်)

သီရိလင်္ကာ-ကန္ဒီဗုဒ္ဓမြတ်စွယ်တော်-အနုရာဓပူရမှုလဗောဓိပင်-ထုပါရာမ-မဟိယင်္ဂဏ

တိဿမဟာရာမ(နဖူးသင်းကျစ်တော်)၊ နာဂဒီပကျွန်း(ပင်လယ်ကမ်းခြေ) ကလျာဏီသိမ်၊ ဂင်္ဂါရာမ

ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ့၊ မဟာစေတီ၊ ကာလုတ္တရ၊ ဒမ္ဗုလလိုဏ်ဂူ

ဘန်ဘောက်-မြဘုရား၊ အယုဒ္ဓယ၊ နကွန်ပသွန်၊ ပတ္တရား၊ ချင်းမိုင်၊ မယ်ဆိုင်၊ ရွှေတြိဂံ

ဗုဒ္ဓဂယာ ၇ ရက်၊ ၁၄ ရက်ခရီး (Oct 3 ထွက်မည်)

ရန်ကုန် -(၁၈)၊ ၉လမ်း/ ၈၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂

မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၁၆၊ ၀၂ ၃၄၆၇၄

ငွေကျပ်(၁)သိန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀



### ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂)နဝမတန်း(F)မှ မောင်ကျော်မျိုးသူ၊ အမက(၈)စတုတ္ထတန်းမှ မောင်အောင်မျိုးသူ၊ အမက(၈)ဒုတိယတန်းမှ မဖြူပြာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးခင်အောင် ၉/မခန(နိုင်)၂၁၁၂၈၃ ဖြစ်ပါကြောင်း။



### သွင်းကုန်ကြေညာလွှာ 3rd Copy ပျောက်ဆုံးခြင်း

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏သွင်းကုန်ကြေညာလွှာ 3rd Copy ID-110416 (6-7-2015) မူရင်းမှာ လမ်းခရီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့ပါရန်။

**ဆိပ်ကမ်းရှင်းလင်းရေးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အမှတ် ၄၇၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်**



### ရွှေစွမ်းအားကုမ္ပဏီ
### Golden Power Technology Co., Ltd. (Myanmar) နှင့်
### အများသိစေရန်ကြေညာခြင်း

ရွှေစွမ်းအားကုမ္ပဏီ(Golden Power Technology Co.,Ltd. Myanmar)သည် မြန်မာနိုင်ငံတွင် (Reg. No.04/14624/2012)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်သည်။ Silicon Power Computer & Communication Ltd. (Taiwan)၏ Silicon Power ကုန်အမှတ်တံဆိပ်ဖြင့် ထိုင်ဝမ်လုပ်အရည်အသွေးနှင့်အာမခံချက် ထာဝရအပြည့်ရရှိသော Silicon Power Product ပစ္စည်းများကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နိုင်ငံတစ်ဝန်းလုံးတွင် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိကြောင်းနှင့် အများပြည်သူမှ စိတ်ချယုံကြည်စွာ အားထားအသုံးပြုခြင်းခံရသော အစစ်အမှန်ပစ္စည်းများဖြစ်ကြောင်း ကျနသေချာစွာဖြင့် တွေ့မြင်သိရှိရပါသောကြောင့် ယခင်က မိမိတို့အနေဖြင့် ထိုကုန်အမှတ်တံဆိပ်၊ ပစ္စည်းအမှတ်တံဆိပ်မျိုးပါရှိ၍ ပစ္စည်းအစစ်အမှန်ဟုထင်မှတ်ပြီး Silicon Power (SP) Memory Card များကို မှားယွင်းဖြန့်ချိရောင်းချခဲ့မိခြင်းအပေါ် ကုန်သည်မိတ်ဆွေချင်းစာနာစိတ်ဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။ မိမိတို့အနေဖြင့် နောက်နောင်တွင် Silicon Power Product ပစ္စည်းအစစ်အမှန်များကိုသာ အများပြည်သူများအား ရောင်းချပေးတော့မည်ဖြစ်ပါကြောင်းနှင့် မှားယွင်းမှုအား ဝန်ခံတောင်းပန်အပ်ပါသည်။

**Compass အရောင်းဆိုင်**

# အထူးကျေးဇူးတင်ရှိခြင်း

## ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်နီနီ

## အသက်(၈၃)နှစ်

၂၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်နီနီ အသက်(၈၃)နှစ် နာမကျန်းဖြစ်နေချိန်နှင့် နာရေးကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ခဲ့ကြသော မြကျောက်ဆရာတော်ကြီးနှင့်စင်ကာပူနိုင်ငံမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သင်္ကန်းပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများ၊ သတင်းစာများထဲတွင် ဝမ်းနည်းကြောင်းထည့်သွင်းပေးပို့ကြသူများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများ၊ ၂၇-၆-၂၀၁၅ရက်တွင် လာရောက်ကူညီအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာလိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ခင်ပွန်းဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)နှင့်မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကျင်အေး(သထုံမြို့)

**သထုံမြို့ နောင်ကုလားရော်ဘာခြံပိုင်ရှင်**

**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဖိုးရာဇာလမ်း၊ အမှတ် ၈ နေ (ဦးထော်ဝါ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးဘွန်ပြူး)၏ဇနီး၊ ဦးမြင့်ဟန်-ဒေါ်အဲဂနက်(စ)ကြည်(နောင်ကုလားရော်ဘာခြံ)၊ ဒေါ်စိုးစိုးနွယ်၊ ဦးသန်းထွေး-ဒေါ်ခင်မို့မို့(Royal Taste Restaurant)၊ ဦးသိန်းလှ-ဒေါ်မေသက်လွင်(American Vision Co.,Ltd)၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း(Bagan Times Co.,Ltd.) တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ခင်အိ (ဒိုက်ဦး)

**မင်္ဂလာချည်လုံးဆိုင်၊ သိမ်ကြီးဈေး(ဘီ)ရုံ**

**အသက်(၉၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၅၆/၅၈(ပထမထပ်)နေ (ဦးစံယား-ဒေါ်စိန်)တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ (ဦးစိုးညွန့်-ဒေါ်မေမေမြ)၊ ဦးကြည်မြင့်-ဒေါ်ချိုချို၊ ဦးငွေအောင်-ဒေါ်ခင်ပြုံးလွင်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်စိန်၊ ဦးအောင်ဝင်း-ဒေါ်မီမီအောင်၊ ဦးသန်းလွင်-ဒေါ်ခင်မူယာ၊ ဒေါက်တာအောင်နိုင်-ဒေါ်အေးအေးအောင်၊ ဦးဝင်းနိုင်-ဒေါ်ခင်ဆွေမြင့်၊ ဦးမြင့်နိုင်-ဒေါ်အေးစန္ဒာသန်း၊ ဦးနိုင်နိုင်အောင်-ဒေါ်ဖော်ဂျဲထူးအောင်တို့၏မိခင်၊ မြေး ၂၃ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၄း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ခင်မျိုးဆွေ

**မာဂရက်ဘချစ်-ရေစကြို**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ တိုက်(အီး)၊ အခန်း ၁၀၁နေ (စက်ရှင်မင်းကြီး ဦးဘချစ်-ဒေါ်ခင်မမ၊ ရေစကြို)တို့၏သမီး၊ (သတ္တုတွင်းမင်းကြီး ဦးလှ-ဒေါ်မမကြီး၊ ပြည်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီး မျိုးမင်း(ငြိမ်း)ကုန်သွယ်/ဟိုတယ် ၏ဇနီး၊ ဦးစိုးသန်း(FOREST PARK ကုမ္ပဏီ)-ဒေါ်မိုးမိုးမင်း(အထက- ၂၊ ကမာရွတ်)၊ ဦးခင်မောင်ကျော် CLEVER Co.,Ltd -ဒေါ်ယုယုမင်း၊ ဦးနေထွန်း(Lin Co.,Ltd)-ဒေါ်စိုးစိုးမင်း၊ ဦးကျော်မင်းလွင် KYAW MAW 19 Manufacturing Co., Ltd -ဒေါ်မော်မော်မင်း၊ Capt: တင်လေးကြည်-ဒေါ်ဆွေဆွေမင်း၊ဗိုလ်ကြီးကျော်မျိုးမင်း(ပဆလ-၁)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၅း၂၈နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Samativij Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် That Tong Temple(EKKAMI)၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မျိုးကြည် M.Sc (Geology)**

**အသက် (၃၉)နှစ်**

သူငယ်ချင်း ဦးအောင်လွင်မိုး၏ ချစ်လှစွာသော ဇနီးဒေါ်ခင်မျိုးကြည်သည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Geology 1994 Batch မှ သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နန်းမွန်**

**(မိုးကုတ်)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ (ဦးခင်မောင်ကြည်)၏ဇနီး မမဒေါ်ခင်နန်းမွန်သည် ၁၇-၇-၂၀၁၅ ရက် (သောကြာနေ့) ည ၇း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မမမွန်၏မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်ခင်ခင်စိုး၊ ဒေါ်ခင်ခင်မျိုး၊**
**ဦးစိုးငွေ-ဒေါ်လှစန်းရီ**

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဒေါ်ခင်ခင်ဆွေ (ခ) Valerie Po Saw**

**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် E၊ အခန်း ၁၀၂နေ ဒုတိယဗိုလ်မှူးကြီး မြတ်သင်း(ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါ် Wendyဝင်းမာသင်း-ဦးတင်မောင်ထွန်း၊ ဒေါ်Jeannieလွဲ့လွဲ့သင်း-ဦးစောမြမင်းလွင်၊ ဒေါ် Lindaရင်ဝေသင်း-ဦးအောင်သိန်း၊ ဦး Stephen သူရမြတ်သင်းတို့၏ ချစ်လှစွာသော မိခင်၊ Christine မေမွန်သင်း၊ Donald မင်းသူရဟိန်း၊ Kaylie မေဝတီသိန်း၊ JJ မင်းထက်အောင်၊ Haydem ပြည့်ဆန္ဒအောင်တို့၏ အဘွား၊ (ဒုတိယဗိုလ်မှူးကြီး Roger Po Saw)-ဒေါ်အေးအေးသန့်၊ (ဒေါက်တာဒေါ်ခင်လှဝင်း Penny Po Saw-ပါမောက္ခ ဦးဟန်တင်)၊ ဦးMichael Po Saw- Hilda၊ (ဦး Terrence Po Saw)-Lillianတို့၏ အစ်မကြီးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် အမှတ် ၁၀၄၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်ရှိ သန့်ရှင်းသော ကားတိုင် Holy Crossဘုရားရှိခိုးကျောင်း၌ထားရှိပြီး ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိုဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမြ**

**အသက်(၇၈)နှစ်**

Shining Myanmar Co., Ltd. မှ အင်ဂျင်နီယာချုပ် ဦးငွေဝင်း၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးမြ အသက်(၇၈)နှစ်သည် ၁၇-၇-၂၀၁၅ ရက် နံနက် ၈း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**Shining Myanmar Co., Ltd.**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့၊ စက်မှုတိုင်း(၂)၊ ဆည်မြောင်းဦးစီးဌာနမှ ဌာနခွဲစာရေး ဦးစိန်လင်း အသက်(၅၄)နှစ်သည် ၁၉-၇-၂၀၁၅ ရက်တွင် တောင်ငူမြို့ ကေတုအထူးကုဆေးရုံ၌ ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**စက်မှုတိုင်း(၂)၊ ဆည်မြောင်းဦးစီးဌာန၊ တောင်ငူ**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ခမောင်ကျော်သူရိန် (၁၂/ဒပန(နိုင်)၀၄၂၁၄၇)၏ E.D.H No.34557/09 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၅၁၈၀၈

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/ 1136, Toyota probox Ncp 50 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဇင်ဝင်း ၁၂/သကတ(နိုင်)၁၂၀၇၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

**တည်ထားကိုးကွယ်တော်မူသော**

**အောင်ရတနာသက်တော်ရှည်စေတီတော်မြတ်ကြီး၏ ကုသိုလ်ရှင်**

**ကိုပြည့်ဖြိုးဦး**

**အသက်(၂၅)နှစ်**

ရေဦးမြို့၊ ဦးမြင့်ဦး(ဥက္ကဋ္ဌ)နှင့် ဇနီးဒေါ်စန်းစန်းဝေ(အောင်ရတနာခရီးသွားဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)တို့၏ တစ်ဦးတည်းသောသား ကိုပြည့်ဖြိုးဦးသည် ၁၆-၇-၂၀၁၅ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အောင်ရတနာကားသင်း**
**မန္တလေးဂိတ်ဝန်ထမ်းမိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးဝေဇင်ငြိမ်း**

**စစ်တက္ကသိုလ် အပတ်စဉ်(၅၂)**

ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်သန်းသန်းမြင့်တို့၏သား၊မမြင့်ဇူ၏မောင်သည်၁၈-၇-၂၀၁၅ ရက်မွန်းလွဲ ၂ နာရီခန့်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းလွင်-ဒေါ်ဆွေဆွေသိန်း**
**(ပြည်မြန်မာကားဂိတ် မိသားစု)**
**တမူးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မျိုးကြည် M.Sc (Geology)**

**အသက် (၃၉)နှစ်**

သူငယ်ချင်း ဦးအောင်လွင်မိုး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မျိုးကြည်သည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်မြို့မှငယ်သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်ခင်မျိုးဆွေ
**မာဂရက်ဘချစ်-ရေစကြို**
**အသက်(၈၀)**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ တိုက်(အီး)၊ အခန်း ၁၀၁နေ ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)(ကုန်သွယ်/ဟိုတယ်)၏ဇနီး၊ ဦးစိုးသန်း(FOREST PARKကုမ္ပဏီ)-ဒေါ်မိုးမိုးမင်း (အထက-၂၊ ကမာရွတ်)၊ ဦးခင်မောင်ကျော်(CLEVER Co.,Ltd)-ဒေါ်ယုယုမင်း၊ ဦးနေထွန်း(Lin Co., Ltd)-ဒေါ်စိုးစိုးမင်း၊ ဦးကျော်မင်းလွင်(KYAW MAW 19 Manufacturing Co.,Ltd)-ဒေါ်မော်မော်မင်း၊ Capt: တင်လေးကြည်-ဒေါ်ဆွေဆွေမင်း၊ဗိုလ်ကြီးကျော်မျိုးမင်း(ပလစ-၁)တို့၏မိခင်သည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၅း၂၈နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Samativij Hospital၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် ဇနီး ဒေါ်ခင်စန္ဒာထွန်း**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်နု
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒေါက်တာချိုချိုလွင်(မေ့ဆေးဆရာဝန်ကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းဆေးရုံကြီး)၏ မိခင်ဖြစ်သူ ဒေါ်ခင်နု အသက်(၈၀)သည် ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မေ့ဆေးပညာဌာနမိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်သန်းအောင် (ပုသိမ်)
**အသက်(၇၃)နှစ်**

သူငယ်ချင်း ဒေါက်တာတိုးစန္ဒာ၏ မိခင်ကြီး ဒေါ်သန်းအောင်သည် ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၈၇၊ ဆေးတက္ကသိုလ်(၂)မှ**
**သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဦးချို
**ပါမောက္ခချုပ်(ငြိမ်း) ပုသိမ်တက္ကသိုလ်**
**အသက်(၇၂)နှစ်**

၁၃-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှမောင်၊ ဦးကျော်ငြိမ်း၊ ဦးအေးကြည်နှင့်**
**ရခိုင်ကျောင်းသား/သူဟောင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်ကြွယ်ဦး
**ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**
**ယခင်-စစ်တက္ကသိုလ်(ပြင်ဦးလွင်)**
**အသက်(၇၀)**

ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)**
**(တော-၄)မှ တပည့်များ**

**ဘုရား၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးအောင်နိုင် (ငြိမ်း)
**B.Sc, D.S.A**
**(စစ်တက္ကသိုလ်အပတ်စဉ်-၁၆)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၆နေ နိုင်ငံတော်သမ္မတဟောင်း (ဒေါက်တာမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သား၊ (ဦးဘိုအေး-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဒေါ်လဲ့လဲ့ကြည်တို့၏ညီ၊ ဦးသောင်းဦး-ဒေါ်ယဉ်ယဉ်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းမောင်-ဒေါ်ခင်သီတာ၊ ဦးအောင်ရွှေဦး-ဒေါ်ခင်သီတာ၊ ဒေါ်ခင်စန္ဒာတို့၏အစ်ကို၊ ဒေါ်သဇင်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒ-ဒေါ်ကေဇင်သွယ်၊ ဒေါ်ဝင်းမာအောင်၊ ဗိုလ်ကြီးအောင်နိုင်ထူးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးအောင်နိုင် (ငြိမ်း)
**B.Sc, D.S.A**
**(စစ်တက္ကသိုလ်အပတ်စဉ်-၁၆)**
**အသက်(၆၂)နှစ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ-ဒေါ်လဲ့လဲ့ကြည်တို့၏ညီ ဗိုလ်မှူးအောင်နိုင်(ငြိမ်း)သည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင်များနှင့် ဇနီးများ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးမြင့်အောင် (ငြိမ်း)

သူရ (၆၃)မှ သူငယ်ချင်း ဗိုလ်မှူးမြင့်အောင်(ငြိမ်း) (ကသ ၆)သည် ၁၇-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူရ(၆၃)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဗိုလ်ကြီး E.G. Samson
**အသက်(၈၈)နှစ်**

ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်း၊ အမှတ် 13-B နေ (ဗိုလ်ကြီး S.Samson-ဒေါ်သိန်းမြတ်)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်အယ်နီ၊ ဒေါ်အယ်ဖေ (ဗိုလ်မှူးဂျော့နယ်ဆင်)၊ (ဒေါ်ဟယ်လင်အောင်ကြီး)၊ ဒေါ်ဖေရှာနယ်ဆင်တို့၏အစ်ကို၊ (နော်ဝါးဖေ)၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ပြင်ဦးလွင်မြို့ ကရင်နှစ်ခြင်းခရစ်ယာန်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရစ်မိုင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## U Thang Kung အသက်(၆၇)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူးရ်ခွားရွာနေ (U Tai Lei)-Pi Hoi Ngen တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နေ (U Ceu Hlei)-ဒေါ်ယဉ်ယဉ်အောင်၊ ရန်ကုန်မြို့၊ အောင်ဆန်းနေ(U Bawi Thang)-ဒေါ်တင်တင်ထွေး၊ ညောင်ရွှေမြို့နေ ဒေါ်တင်တင်အေး-ဗိုလ်မှူးNgun Khar ၊ ဟားခါးမြို့နေ U Thawng Zel-Daw Sui Pen Hluan ၊ ဆူးရ်ခွားရွာနေ Daw Tum Hniang တို့၏အစ်ကိုကြီး၊ ထန်တလန်မြို့နယ်၊ တလန်းပီးရွာနေ U Chan Kam Thang ၊ ရန်ကုန်မြို့နေ U Za Kap Mang (Queen's Park Hotel)-ဒေါ်ခိုင်ဝါသက်၊ (Pi Hnem Chin Thluai), Nun Lian Hmung(မျိုးဆက်နိုင်-မလေးရှား)၊ Mang Cin Hnem (မြတ်နိုးခင်-မလေးရှား)၊ Biak Tha Ngun (တွယ်တာအောင်)တို့၏ဖခင်၊ Daw Dar Tling (ဒေါ်စမ်းစမ်းမြင့်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) ည ၇နာရီတွင် ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ တိုက် ၂၊ အခန်း ၁၄၊ ပြည်တော်သစ်ရိပ်သာ (သီတာဆိပ်မှတ်တိုင်)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီနှင့် လှိုင်သီရိအိမ်ရာ၊ ခဝဲခြံနှင့် ဘီအိုစီတို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Andrew (ခ)
## ဦးရဲထွဋ်ကျော်
**အကောက်ခွန်အရာရှိ(ငြိမ်း)**
**အသက်(၇၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ငွေးကြွယ်ရပ်ကွက်၊ အမှတ် ၂၆၊ ငါးလွှာနေ (ဦးဘကျော်-ဒေါ်စိန်ကြည်)တို့၏သား၊ ဒေါ်ဘေဘီ(ခ)ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်သီဟကျော်)၊ မောင်မျိုးမြင့်ကျော်၊ မသန္တာကျော်၊မမျိုးသီတာကျော်၊ မောင်နန္ဒကျော်၊ မောင်သူရိန်ကျော်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်မြို့၊ကျိုက္ကဆံလမ်း၊အမှတ် ၁၃၁ရှိစိန်ဖရန်းစစ်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

## ဦးကြည်စိန် (သန်လျင်)
**အလုပ်ရုံခွဲမှူး(ငြိမ်း)**
**အမှတ်(၁)ရေနံချက်စက်ရုံ**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာနေ (ဦးကျော်သိန်း-ဒေါ်ကြိုင်)တို့၏သား၊ (ဦးချစ်-ဒေါ်ကျင်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်ဌေးမြင့်(အထက၊ ကျောက်ရေတွင်း၊ သန်လျင်)၏ခင်ပွန်း၊ (မောင်ဝင်းမြင့်ထွန်း)၏ဖခင်သည် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော် (မြင်းခြံ)
**အသက်(၅၅)နှစ်**

မြင်းခြံမြို့၊ ရပ်ကွက်(၁၀)၊ အမှတ် ၄၊ ဗိုလ်ချုပ်လမ်းနေ ရွှေဟသာ်ာဖိနပ်လုပ်ငန်းပိုင်ရှင် ဦးမြမောင်-ဒေါ်သန်းတို့၏သား၊ ဦးခင်မောင်ဝင်း၊ ဦးခင်မောင်အေး-မခင်မာကြည်၊ ဒေါ်ခင်စောရီ၊ ဒေါက်တာဦးအောင်ကျော်ဦး-ဒေါက်တာဒေါ်အေးအေးစိန်၊ ဦးဇော်မင်း-ဒေါ်ခင်တီထွန်း၊ ဦးမင်းဆွေ-ဒေါ်အေးအေးမော်(ခ)မတာတို့၏ညီ၊ ဦးနေဝင်း-ဒေါ်ဥမ္မာတင်မေ၊ ဦးသောင်းဒန်၊ (ဒေါ်ခင်စောကြည်)၊ ဗိုလ်မှူးရဲနိုင်အောင်(ငြိမ်း)တို့၏အစ်ကို၊ မဝင်းမာထွေး၏ခင်ပွန်း၊ မလင်းလက်ဦး၏ဖခင်သည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် ညနေ ၄ နာရီတွင် အထက်ပါနေအိမ်မှမြင်းခြံမြို့ ချောင်းဒေါင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ရီ (သုဝဏ္ဏ)
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊မင်းဒင် ၇လမ်း၊ တိုက် ၅၉/၁နေ ဦးသိန်းထွန်း-ဒေါ်ကြည်တို့၏သမီး၊ ဦးသိန်းဦး-ဒေါ်မြငြိမ်း၊ ဦးဇော်မိုး၊ ဦးခင်ဇော်-ဒေါ်စန်းစန်းအေး၊ဦးစိုးလှိုင်-ဒေါ်ခင်သီတာ၊ ဦးကျော်စိုးဝင်း၊ မယဉ်သဲပိုင်တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းကျောင်းဒါယကာကြီး**
## ဦးထွန်းထွန်းမျိုး
**(CDC-59230)**
**(SAMHO SHIPPING Co.,Ltd.)**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ၅၂လမ်း၊ အောက်လမ်း၊ အမှတ် ၃၂ (ပထမထပ်)နေ ဦးသန်းထွန်း - ဒေါ်တင်လေးရီတို့၏ သား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၃၃၆၊ အခန်း ဝ၃နေ (ဦးပွေး)-ဒေါ်ဝင်းတို့၏ သားသမက်၊ ကိုလှဝင်းထွန်း၊ ကိုအေးမင်းထွန်း၊ မနန္ဒာဝင်းထွန်းတို့၏အစ်ကိုကြီး၊ ဒေါ်စီစီခိုင်ဝင်း (ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြင့်မိုရ်ထွန်း၊ မောင်မြင့်ဗိုလ်ထွန်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင် UAE နိုင်ငံ၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သဲအု
**အသက်(၄၁)နှစ်**

မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်း(၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၄နေ(ဦးသန်းမောင်-ဒေါ်အေးအေး)တို့၏သမီး၊ ဦးသိန်းထွန်းအောင်-ဒေါ်သက်သက်အေး၊ ဦးညွန့်ဝင်း-ဒေါ်စန္ဒာတို့၏ညီမ၊(ဦးမောင်မောင်လတ်)-ဒေါ်သဲဖြူ(ကစလ)တို့၏အစ်မ၊ တူ၊ တူမ လေးယောက်တို့၏အဒေါ်သည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးသန်းလွင် (ဦးမိန်)
**ဗိုလ်တထောင်ပစ္စည်းထိန်းချုပ်ရုံး**
**မြန်မာ့မီးရထား**
**အသက်(၉၆)နှစ်**

(ဦးဖိုးလွန် - ဒေါ်ဒေါ်ကြည်)တို့၏သား၊ (ဦးဟန်လွင်)၏ညီ၊ ဒေါ်နုနုကြည်၊ (ဒေါ်ထိန်)၊ (ဗိုလ်မှူးအရှိန်လေ၊ ငြိမ်း)၊ ဗိုလ်မှူးညီညီ(လေ၊ ငြိမ်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၄ယောက်၊ မြေး ၁၆ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မယ်စီကုန်းလမ်း၊ အမှတ် ၂၁နေ ဦးသန်းလွင်(ဦးမိန်)သည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင်သုခကမ္ဘာဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ကမာရွတ် နှစ်ခြင်းခရစ်ယာန်အသင်းတော် ရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးမောင်စောသာ(မြောက်ဦး)
**ရခိုင်ပြည်နယ်**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ် ၇၁၊ ကုဋ္ဌာသယလမ်း၊ ခြောက်လွှာ (ခြေရင်းခန်း)နေ (ဒေါ်အောင်စံနု)၏ခင်ပွန်း၊ ဒေါ်ဦးမေ၊ ဦးအောင်ကျော်ဇံ(ခ)အာနီ-ဒေါ်သက်သက်ဦး၊ ဒေါ်ကျော့မေ၊ BIO ဦးသန်းလင်း-ဒေါ်သန်းနုစိန်၊ ဦးညိုဝင်း-ဒေါ်သိန်းနု(ခ)မဘုဝိုင်း(USA)၊ မောင်စောသန်း (RAY SHIPPING ENTER PRISE LIMITED) - မစန္ဒာဝင်းတို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်စန်းရီ
**(ရန်ကင်း-သဃ်ာန်းကျွန်း)**
**အသက်(၈၆)နှစ်**

ပျဉ်းမနားမြို့နေ (ဦးဘထွေး-ဒေါ်ဆင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရတနာလမ်းမ၊ မလိခအိမ်ရာ၊ တိုက် ၂၊ အခန်း ၃၄နေ (ဦးလှဝင်း၊ ဗဟိုစာရင်းရုံး)၏ ဇနီး၊ ဦးစန်းဝင်း (တွဲဖက်အတွင်းရေးမှူး၊ ရန်ကင်းမြို့နယ် စာရေးဆရာအသင်း)-ဒေါ်ခင်မျိုးညွန့်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲရင့်သူ-မသီရိမြတ်မွန်၊ မောင်ထက်မြက်သူတို့၏အဘွား၊ မောင်သုခန့်ထည်၏ ဘွားဘွားကြီးသည် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဝင်းကြည်
**အသက်(၅၇)နှစ်**

မန္တလေးမြို့၊လမ်း၂၉×၃၀၊ ၇၁×၇၂ လမ်းကြား၊ရွှေလုံရပ်၊ သစ္စာလမ်းသွယ်၊ အမှတ် ၃၁/၂၁နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ (ဦးစက်တင်)-ဒါယိကာမ ဒေါ်ခင်လှ (ဇမ္ဗူအောင်မိသားစု)တို့၏သမီး၊ ဒေါ်ခင်ဝင်းရီ၊ ဦးစန်းအောင်-ဒေါ်ခင်ဝင်းသီ၊ ဦးဝင်းအောင်-ဒေါ်နန်းမွေးကြိုင်(Mandalay Golden Wing Construction Ltd.)၊ ဦးဝင်းမောင်တို့၏အစ်မကြီး၊ မောင်အောင်ထက်ကျော်၊ မလမင်းအိမ်တို့၏ ကြီးကြီးသည် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၄နာရီတွင် စင်ကာပူနိုင်ငံ (Gleneagles) ဆေးရုံ၌ ကွယ်လွန်သွားခဲ့သဖြင့် ၂၁-၇-၂၀၁၅ရက်တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အရိုးပြာအား ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်ကြီး၏**
**ဦးစီးပဓာနမဟာနာယကဆရာတော်**
## ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ် (ပဲခူးမြို့)
**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ကြေးနီကန်ဝိနည်းစာတော်ပြန်ပွဲကြီး၏ပဓာနမဟာနာယက၊ အမှတ်(၄)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်၊ သမိုင်းဝင် မဟာစေတီတော်မြတ်ကြီး၊ မြသာလျောင်းရုပ်ပွားတော်မြတ်တို့၏ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာ့သမုတိရ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စူဠဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ကျေးရွာနေ ခြမည်းတော် ဦးဖိုးသက်-မယ်တော် ဒေါ်ခင်သူ တို့၏သားတော်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယကဆရာတော်သည်(၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်ပူဇော်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်

## ဦးမောင်ပု(ခ)ဦးလှထွေး
**ဒိုင်လူကြီး(၁၃၁)မော်တော်ယာဉ်အတွင်းရေးမှူး**
**အထက(၁)မော်ဘီကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ**
**မော်ဘီဆောက်လုပ်ရေးပစ္စည်းထိန်း(ပ၊ ငြိမ်း)**
**အသက်(၆၈)နှစ်**

မော်ဘီမြို့၊ (၄)ရပ်ကွက်နေ (ဦးဖိုးလှိုင်-ဒေါ်အုန်း)တို့၏သား၊ မော်ဘီမြို့၊ (၂)ရပ်ကွက်နေ (ဦးငွေအောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ (၂)ရပ်ကွက်၊ ဦးဖိုးလင်းလမ်း၊ အမှတ် ၇၇၅နေ ကိုငွေတိုး-မမော်မော်ဦး၊ ကိုသန်းထွဋ်အောင်-မသင်းသင်းထွေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ငွေ၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ဝဝး၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် နေအိမ်မှ မော်ဘီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်ဆွေ (ကျိုက္ခမီ)
**ကုန်သွယ်ရေး(၁၀)**
**ဆေးနှင့်ဆေးပစ္စည်း(ယခင်)**
**အသက်(၆၇)နှစ်**

(ဦးလှထွန်း)-ဒေါ်စောသစ်တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကန်သာယာလမ်း၊ အမှတ် ၃၆၄နေ (ဦးကြည်ဆိုင်)၏ဇနီး၊ မောင်မျိုးဟိန်း၏မိခင်သည် ၁၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ ငြိမ်း)
**သစ်တောဦးစီးဌာန**
**အသက်(၆၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ငွေးချိုရွာတွင် ၁၉-၇-၂၀၁၅ရက်က မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့သော သူငယ်ချင်း ဦးစိုးဝင်းအတွက် မိသားစုနှင့် ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ခုနှစ်၊ သစ်တော (သိပ္ပံ)ဘွဲ့ရသူငယ်ချင်းများ**

**ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်နန်းထွေး(ခ)ဒေါ်ထွေး
**(ကွမ်းခြံကုန်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ/ (၁၆)ရပ်ကွက်၊ ဝါးတရာလမ်းမကြီး၊အမှတ် ၂၄၉၉နေ ဦးခင်မောင်ဝင်း၏ဇနီး၊ ဦးခင်မောင်သက်(ခ)ကိုသက်ပြင်း၊ [ဦးမျိုးလွင်ဦး(ခ)မောင်မောင်ဦး]-မသက်သက်ထွန်း၊ မောင်တင့်လွင်ဦး၊မောင်အေးမင်းမြတ်-မခင်သန္တာဝင်းတို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မနှင်းအိလှိုင်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရွှေပြည်သာမြို့နယ် တောကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းမည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဖွီဇာဘီဘီ(ခ)
## ဆရာမ ဒေါ်ပြုံးဝေဝေ
**B.Sc, B.Ed အထပြ(ငြိမ်း)**
**အထက(၁)မြိတ်**
**အသက်(၅၇)နှစ်**

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၇လမ်း၊ အမှတ် ၃၆၆နေ(ဦးဘရီ-ဒေါ်ရှာ)တို့၏သမီး၊(ဆရာမဒေါ်လဲ့လဲ့ခိုင်)၊ ဦးမောင်သက်၊ ဆရာမဒေါ်ပု(အထပြ၊ ငြိမ်း၊ အထက-၃)၊ဦးမောင်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးဝင်း၊ ဆရာမဒေါ်မှီမှီမြင့် (အထပြ၊ အထက-၁)တို့၏ညီမ၊ ဒေါ်ခင်မျိုးလွင်၊ ဦးသန့်ကိုကိုတို့၏အစ်မ၊ မသိမ့်သူသူလတ်၏ ဒေါ်လေးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် ကလွင်ကဗရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီ အုန်းလွင်(ခ)
## မိုဟာမက်မာမွတ်ဘိုင်
**ကိုယ်ပိုင်အမှတ် ရေ-၇၇၈၉**
**တပ်ကြပ်(ငြိမ်း)**
**[လမ်း ၃၀၊ လွင်မိသားစုထမင်းဆိုင်]**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅လမ်း (အထက်)၊ အမှတ် ၁၆၆နေ ဦးဘိုးကာ-ဒေါ်ဘီတို့၏သား၊ (ဒေါ်သန်းရီ)၊ ဦးထွန်းလွင်၊ ဒေါ်ခင်ရီ၊ ဦးသိန်းလွင်တို့၏မောင်/ညီ/အစ်ကို၊ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးချစ်ဆွေ-ဒေါ်နီနီလွင်၊ ဦးသန်းစိန်-ဒေါ်အေးအေးလွင် (နယူးဒေလီစားသောက်ဆိုင်)၊ဦးဇော်ဝင်း-ဒေါ်မိုးမိုးလွင်၊ဦးမျိုးလွင်ဦး-ဒေါ်ဝေဝေလွင်တို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၆း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နေ့လယ် ဗိုဟိုရ်နမာဇ်အပြီးတွင် ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇော်မြင့်
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသောင်းမြင့်)-ဒေါ်အမာတို့၏သား၊ ဦးစိုးလွင်မြင့် - ဒေါ်တင်တင်အောင်တို့၏ညီ/မောင်၊ ဒေါ်မော်မော်မြင့်၏အစ်ကို၊ (ဦးစောခင်)-ဒေါ်ညွန့်ရီတို့၏သားသမက်၊ မဆုမြတ်ဇော်၊မဝင်းလဲ့လဲ့ဇော်တို့၏ဖခင်၊ ဒေါ်ညိုညိုဝင်း(ဦးစီးမှူး၊ ဒဂုံတောင် သမဝါယမဦးစီးဌာန)၏ခင်ပွန်းသည် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အရိုးရောဂါအထူးကုဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် အရိုးနှင့်သက်ဆိုင်သည့် ဝေဒနာရှင်များကိုကုသပေးနိုင်မည် စာ ➤ ၃

ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောကြား စာ ➤ ၄

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့်လုပ်ငန်းရှင်များအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၃) ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၇၂ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်ကကျင်းပခဲ့ရာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်စာရင်းများနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ်ဆွေးနွေးရာတွင်** မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသည့်ငွေမှာ ယခုအစီရင်ခံတင်ပြသည့်ကာလအထိ ကျပ်သန်းပေါင်း ၃၁၇၉၃ ဖြစ်၍ **အများဆုံးပေးသွင်းရန် ကျန်ရှိသော ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။**

အဆိုပါ ကြွေးကျန် ငွေကျပ် ၃၁ ဒသမ ၇၉၃ ဘီလီယံ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်ပြီးမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနထံမှရရှိသည့် အချက်အလက်များအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနရှိ **မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ကြွေးကျန်ငွေများသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငါးစာတောင့်များကို လုပ်ငန်းရှင်များထံ စာရင်းမှတ်စနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းအပေါ် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်စာရင်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးစဉ် ကြွေးကျန် ငွေကျပ် ၄၂ ဒသမ ၃၅၆ ဘီလီယံ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကြွေးကျန်ငွေများအနက် ဌာနတွင်းအချင်းချင်းရရန်/ပေးရန် ကြွေးကျန် ငွေကျပ် ၁၀ ဒသမ ၇၁၆ ဘီလီယံကို ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စာရင်းရှင်းလင်းခဲ့ပြီးဖြစ်၍ ငွေကျပ် ၃၁ ဒသမ ၆၄ ဘီလီယံ ကြွေးကျန်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၎င်းကြွေးကျန်ငွေများမှာ ဌာနမှအလွဲသုံးစားပြုလုပ်ထားခြင်း မဟုတ်ဘဲ လုပ်ငန်းရှင်များမှ ဌာနသို့ပေးဆပ်ရန်ကျန်ရှိသော ကြွေးမြီများဖြစ်ကြောင်း၊ ယခုအစိုးရလက်ထက်တွင် ဖြစ်ပေါ်ခဲ့သော ကြွေးကျန်များမဟုတ်ဘဲ တပ်မတော်အစိုးရလက်ထက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း တာဝန်ယူစဉ်ကာလကဖြစ်ကြောင်း** သိရှိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား တရားစွဲဆိုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးထံမှ ဥပဒေအကြံပြုချက်တောင်းခံပြီး **၂၀၁၃ ခုနှစ် ဧပြီလ ၆ ရက်တွင် တရားမမှုဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းရှင်များက ကြွေးကျန်ငွေ၏ ၀ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၇၁ ဒသမ ၅၆၈ သန်းသာ ပေးဆပ်ခဲ့**ကြသည်။

သို့ဖြစ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် **ပြည်သူ့ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရန်အတွက် ကြွေးကျန်လုပ်ငန်းရှင်များအား ပြစ်မှုကြောင်းအရ တရားစွဲဆိုအရေးယူရန် ဆုံးဖြတ်ပြီး အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ဖြင့် တရားစွဲဆိုမည်**ဖြစ်ကြောင်းကို ၎င်းအတွက် ပြစ်ဒဏ်များယှဉ်တွဲ၍ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် (၇) ကြိမ် ကြော်ငြာထည့်သွင်းပြီး အကြောင်းကြားခဲ့သည်။

ထိုသို့ **အပက(၃)ဖြင့်တရားစွဲဆိုခြင်းမပြုမီ ကြွေးကျန်မှာ ငွေကျပ် ၃၂ ဒသမ ၅၈၄ ဘီလီယံဖြစ်သော်လည်း တရားစွဲဆိုပြီးနောက်ပိုင်းတွင် ကြွေးကျန်လုပ်ငန်းရှင် ၁၀ ဦး၏ ကြွေးမြီအပြေအကျေပေးဆပ်မှုအပါအဝင် ကြွေးကျန်လုပ်ငန်းရှင်များ၏ ကြွေးကျန်ပေးဆပ်မှုမှာ ယခင် ၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၉ ရာခိုင်နှုန်းကျော်အထိ ရှိလာသဖြင့် ယခုအခါ ကြွေးကျန် ငွေကျပ် ၂၉ ဒသမ ၄၂၂ ဘီလီယံ ကျန်ရှိနေကြောင်း၊ ကြွေးမြီအပြေအကျေပေးဆပ်သူ ၁၀ ဦးအနက် အမှု ၂ မှုမှာရုပ်သိမ်းခဲ့ပြီး ကျန် ၈ မှုမှာ ရုပ်သိမ်းရန်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကြွေးကျန်သူများနှင့်ပတ်သက်၍ တရားရုံးတင်ပြီး ၂ မှုနှင့် တရားရုံးတင်ရန် ဆောင်ရွက်ဆဲ အမှု ၅၁ မှုဖြစ်ကြောင်း** သိရသည်။

အဆိုပါ **အပက(၃)ဖြင့် တရားစွဲဆိုထားသော လုပ်ငန်းရှင်များအနက် ကြွေးကျန်အများဆုံးဖြစ်သော လုပ်ငန်းရှင် ၁၀ ဦးထံမှ ရရန်ငွေမှာ ငွေကျပ် ၂၅ ဒသမ ၅၉၂ ဘီလီယံကျော်ရှိကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးမှု မဖြစ်စေရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားနည်းလမ်းကျစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားရုံးများ၏ ဆုံးဖြတ်ချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** သတင်းရရှိသည်။

(သတင်းစဉ်)

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းရှင်များအနက် ကြွေးကျန်အများဆုံးဖြစ်သော လုပ်ငန်းရှင် (၁၀)ဦး၏ အချက်အလက်များ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ကြွေးကျန်ငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ဦးမင်းသိမ်း (သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၆၇၅၅. ၈၇၇ |
| ၂။ | ဦးမင်းသိမ်း (သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၄၈၂၄. ၆၉၅ |
| ၃။ | ဦးသုတရွှေ ဦးလှမြင့်အောင် (ဖြိုးရောကုမ္ပဏီ) | ဦးရွှေဝိုင်း ဦးအောင်ခင် (ဦးမင်းသိမ်းမှ ပေးဆပ်မည်ဟု ဝန်ခံကတိပြုထားပါသည်။) | ၁၃/မပတ (နိုင်)၀၀၃၂၆၄ | ၆၀၂၆. ၆၇၇ |
| ၄။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၃၁ | ၂၀၅၇. ၅၆၆ |
| ၅။ | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၀၁၅၀၃၂ | ၁၄၆၉. ၃၂၉ |
| ၆။ | ဦးဟိန်းဇော်စစ် | | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၁၄၁၀. ၇၄၅ |
| ၇။ | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၁၂၇၉. ၇၁၉ |
| ၈။ | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၀၁၁၅၁၀ | ၇၇၆. ၂၄၆ |
| ၉။ | ဦးခင်စိုး | ဦးဗိုးယား | ၁၂/လမတ(နိုင်)၀၃၀၈၈၀ | ၅၀၆. ၅၆၁ |
| ၁၀။ | ဦးမျိုးမင်းသိမ်း (မြတ်ပန်းခတ်) | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၄၈၄. ၈၄၄ |
| | စုစုပေါင်း | | | ၂၅၅၉၂.၂၅၉ |



## သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း (၆၅) ကြိမ်မြောက် တရားစခန်းဖွင့်မည်။

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဖဝင်ယော်လမ်း၊ သဒ္ဓမ္မပါလဓနုဖြူတိုက်သစ်ကျောင်း၌ ဝိပဿနာ(၇) ရက် တရားစခန်းကို (၂၅-၇-၁၅) မှ (၃၁-၇-၁၅) ဓမ္မစကြာအခါတော်နေ့ထိ **သစ္စာဒီပက ဆရာကြီးဦးကြည်** ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက် ၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ **ဘဒ္ဒန္တသာသန ( သာသနဓဇဓမ္မာစရိယ )** ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်မည့်ယောဂီများ (၂၄-၇-၁၅) ညနေ(၅)နာရီအရောက် ကြွရောက်ပါရန် နိုးဆော်အပ်ပါသည်။

**အကျိုးဆောင်အဖွဲ့** 09-73008262, 09-250199851, 01-563141

## စိတ္တသုခသာသနာ့ရိပ်သာ၊ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ စိတ္တသုခသာသနာ့ရိပ်သာရှိ ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာအရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသောကြောင့် တရားတော်ကို အတူတကွနာကြားကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့
(၃၁-၇-၂၀၁၅)ရက်၊ (သောကြာနေ့)

**အချိန်** - နံနက် ၈ နာရီ အခမ်းအနားစတင်ကျင်းပပါမည်။
နံနက် ၁၀း၃၀ နာရီ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံပါမည်။

**နေရာ** - ဝါးကောက်ကျွန်းရပ်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**စိတ္တသုခသာသနာ့ရိပ်သာ**
**သာသနမာမကအလုပ်အမှုဆောင်အဖွဲ့**

## စတုတ္ထအကြိမ် ထေရဝါဒ ဓမ္မစာမူပြိုင်ပွဲ

ဗုဒ္ဓဟောကြား တရားတော်များနှင့်ဆန့်ကျင်သော ရေးသားမှု၊ ဟောပြောမှု၊ သင်ကြားပေးမှုများကို ဖော်ထုတ်ရေးသား ပေးပို့ကြစေလိုပါသည်။ မိမိနှင့်တကွ အများပရိသတ်ကိုပါ ဆုံးရှုံးနစ်နာစေသည့် မှားယွင်းသော အယူအမြင် ယုံကြည်ကိုးကွယ်မှုများကိုလည်း အထောက်အထားခိုင်လုံစွာ လေ့လာစူးစမ်း၍ ရေးသားပေးပို့ကြစေလိုပါသည်။

ပုဂ္ဂိုလ်ရေးထိခိုက်စေမှု အလျှင်းမရှိစေရပါ။ သိသင့်သောအမှန်တရားကို အကျိုးရှိရှိ သိမြင်ကြစေရန် စေတနာကောင်းဖြင့် ရေးသားကြရန်ဖြစ်ပါသည်။

စာမူများကို A4 စာမျက်နှာ ၁၅ မှ ၂၀ အတွင်း ရေးသား၍ ၃၀-၁၁-၂၀၁၅ နေ့အရောက် နှလုံးလှစာပေတိုက်နှင့် မြတ်ပန်းရဂုံစာပေသို့ ပေးပို့နိုင်ပါသည်။ ကြေညာချက်အပြည့်အစုံကို ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြတ်ပန်းရဂုံ၊ မေတ္တာတံခွန် မဂ္ဂဇင်းများတွင် ကြည့်ရှုနိုင်ပါသည်။ တယ်လီဖုန်းအမှတ် ၀၉ ၄၂၁၁၃၉၆၄၅၊ ၀၉ ၈၆၂၃၅၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့

## ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မဟာစည်ဆရာတော်ကြီး၏ သက်တော်(၁၁၁)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ

(၆၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဆွမ်းတော်ကြီးတင်ပွဲကို (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ၃၁-၇-၂၀၁၅ရက်တွင် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးနှင့် ဓမ္မဗိမာန်တော်ကြီးတို့၌ ကျင်းပမည်ဖြစ်ပါသည်။ ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီမှစပြီး ဆွမ်းတော်ကြီးပွဲများ လက်ခံ၍ ဝါဆိုလပြည့်နေ့ အရုဏ်တက်ချိန်၌ ဆက်ကပ်လှူဒါန်းပြီး နံနက် ၇ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက် ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်ကြီး၌ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကိုရည်စူးပြီး ဩဝါဒါစရိယဆရာတော်ကြီးကြီးမှူး၍ ဆရာတော် သံဃာတော်များနှင့် တပည့်ယောဂီသူတော်စင်များက ညလုံးပေါက် မီးပူဇော်ခြင်းနှင့် ပန်း၊ ဆီမီး၊ ရေချမ်းများကို ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းနှင့် ဆွမ်းတော်ကြီးပွဲအလှူရှင် ယောဂီသူတော်စင်တို့အား ဆွမ်းတော်ကြီးပွဲအတွက် လှူဖွယ်ပစ္စည်းများ အချိန်မီ လှူဒါန်းကြပါရန်နှင့် ဒုတိယဝါဆိုလပြည့်နေ့တွင်ကျင်းပမည့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲသို့ ကြွရောက်လှူဒါန်းဆက်ကပ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**

## ဝါတွင်းကာလ တစ်လအထူးတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၄ရပ်ကွက်၊ ဇန္ဒုလလမ်း၊ ရွှေဝါဝင်းကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ကျင်းပပြုလုပ်မြဲဖြစ်သော ဝါတွင်းကာလ တစ်လအထူးတရားစခန်းပွဲကြီးကို ၁-၈-၂၀၁၅ ရက်မှ ၃၀-၈-၂၀၁၅ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဥပနိဿယအတိုင်း ရွှေဝါဝင်းကျောင်းဆရာတော် ဒေါက်တာအရှင်အာသဘ(Ph.D)မှ ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ၃၁-၇-၂၀၁၅ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့ ညနေ ၄း၀၀နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်(၃၀) မဝင်ရောက်နိုင်သော ယောဂီများ မိမိတို့အဆင်ပြေသလို (၇)ရက် (သို့မဟုတ်) (၁၀)ရက် ဝင်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**

၀၉-၅၁၂၉၆၅၆၊ ၀၉-၇၉၁၀၆၆၃၃၈၊ ၀၉-၉၇၅၅၂၉၁၅၀၊ ၀၉-၇၃၀၂၆၉၂၄ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း (အထက ၂/၃)ဒဂုံ (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက်(၈၀)ပြည့် အသင်းဝင် သက်ကြီးမြို့မဟောင်းကြီးများ၊ သက်ကြီး ဆရာကြီး/ဆရာမကြီးများ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ နာယကများ၊ သက်ကြီးအကြံပေးပုဂ္ဂိုလ်များ၊ သက်ကြီးအမှုဆောင်ဟောင်းများအား ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၀ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ မြို့မကျောင်းသား ကျောင်းသူဟောင်းများ (အထက ၂/၃)ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာ/ဆရာမဟောင်းများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆)**
**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**
**ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၃၀၁၁၇၀၇**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သားများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်။** ။၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ ဓမ္မစကြာနေ့
၂၀၁၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက် (သောကြာနေ့)

**အချိန်။** ။နံနက် ၉း၀၀ နာရီ၊ (သင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် တရားတော်နာရေစက်ချခြင်း)
နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ၊ (ကော့သောင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးခြင်း)

**နေရာ။** ။မြိတ်ကျားကျောင်း အိမ်တော်ရာဘုရားဝင်း၊မြို့မကျောင်းလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အသင်းသူ အသင်းသားများမှ လှူဖွယ်ပစ္စည်းများကို အသင်းရုံးခန်းသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ပါကြောင်းလည်း အသိပေးနိုးဆော်အပ်ပါသည်။

(သင်္ကန်းများကို မြိတ်ကျားကျောင်းတွင်လည်း လွယ်ကူစွာဝယ်ယူလှူဒါန်းနိုင်ပါသည်။)

**အလုပ်အမှုဆောင်အဖွဲ့**
**အမှတ်(၆၆)၊ သုံးလွှာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၅၄၉၃၅**

## ပခုက္ကူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဓာတ်လှေကားဖွင့်ပွဲ ဖိတ်ကြားခြင်း

ပခုက္ကူအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဓမ္မာရုံ ဓာတ်လှေကားဖွင့်ပွဲအခမ်းအနားကို အောက်ပါအစီစဉ်အတိုင်း စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ရန်ကုန်မြို့ရောက် ပခုက္ကူနယ်သူ နယ်သားများနှင့် အလှူရှင်များ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အချိန်** - နံနက် ၀၈း၃၀ နာရီ

**နေ့ရက်** - ၈-၈-၂၀၁၅ ရက် (စနေနေ့)

**နေရာ** - ပခုက္ကူဓမ္မာရုံ၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်။

**မှတ်ချက်-** ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - ဒေါက်တာသက်မှူး | ဖုန်း-၀၉- ၅၀၀၄၈၅၆ |
| ဒုဥက္ကဋ္ဌ | - ဒေါ်မြင့်မြင့်အေး | ဖုန်း-၀၉- ၅၀၂၁၃၃ |
| ဒုဥက္ကဋ္ဌ | - ဒေါ်သန်းတင့် | ဖုန်း-၀၉- ၂၅၀၈၉၄၃၉၀ |
| ဘဏ္ဍာရေးမှူး | - ဒေါ်စန်းစန်း | ဖုန်း-၀၉- ၇၃၀၇၇၇၅၁ |
| အတွင်းရေးမှူး | - ဦးတင်မြင့် | ဖုန်း-၀၉- ၄၂၁၀၂၇၀၈၀ |

**အမှုဆောင်အဖွဲ့**

## သဒ္ဓမ္မရံသီ(မဟာစည်)ရိပ်သာနှင့်ရိပ်သာခွဲများတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲဖိတ်ကြားလွှာ

မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် သဒ္ဓမ္မရံသီမဟာစည်ရိပ်သာနှင့် ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများကို အောက်ဖော်ပြပါရက်များတွင် ကျင်းပမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| (၁) သဒ္ဓမ္မရံသီ(မဟာစည်ရိပ်သာ) | - ၈ မိုင်၊ မရမ်းကုန်း၊ (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) ၉-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |
| (၂) ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ | - အင်းတိုင်(လှည်းကူး) (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်) ၂၆-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |
| (၃) ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာ | - ကျောက်တန်း (၁၃၇၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်)၊ ၂-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |
| (၄) မဇ္ဈိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ | - မြောက်ဥက္ကလာပ (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့) ၁၅-၈-၂၀၁၅ ရက် (စနေနေ့) |
| (၅) သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ | - ကျောက်ကုန်း (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) ၁၆-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |
| (၆) ဓမ္မပူဇာသဒ္ဓမ္မရံသီရိပ်သာ | - ဥဿာပဲခူး (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်) ၂၃-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |

**အချိန်-** နံနက် ၈ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း၍ သာဓုအနုမောဒနာတရားနာကြားကြပါမည်။

သင်္ကန်းတစ်စုံလျှင် ၁၅၀၀ိ/- ဆွမ်းတစ်ပါးလျှင် ၅၀၀ိ/- စုစုပေါင်း ၂၀၀၀ိ/-နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

**ဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၇၇၂၆ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၁၀/သထန(နိုင်)၀၀၈၈၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မိတ္ထီလာခရိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၉၈၉၅ Honda Dream ND 125 m M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင် ၆/မမန(နိုင်)၁၈၀၄၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၉**

| | | |
|---|---|---|
| ဒေါ်တင်မြင့် | **နှင့်** | ၁။ ဦးထွန်းကြိုင် |
| (၄င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ | | ၂။ ဒေါ်လှကြွယ် |
| ဒေါ်သွယ်သွယ်သိန်း) | | ၃။ ဦးတင်ထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဇရပ်ကွင်းကျေးရွာ၊ ဇရပ်ကွင်းတာဆုံနေ (၃) တရားပြိုင် ဦးတင်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂အရ အချင်းဖြစ်မြေကွက်ကို တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် တရားပြိုင်တို့သည် အချင်းဖြစ်မြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဖျက်သိမ်း၍ ဖယ်ရှားပြီး တရားလိုအား လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၂**

**ကွယ်လွန်သူ ဦးမြင့်ဝေ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်လှအေး **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊မင်္ဂလာသုခလမ်း၊ တိုက် ၆၀၊ အခန်း ၃၀၂နေ ဒေါ်လှအေးက ကွယ်လွန်သူဦးမြင့်ဝေ၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဦးမြင့်ဝေမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးမြင့်ဝေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်လှအေး၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၈**

| | | |
|---|---|---|
| ဒေါ်နန်းထွန်း | **နှင့်** | ဒေါ်လှမြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၁၅လမ်း (အရှေ့)၊ အမှတ် ၇၅၈ နေ ဒေါ်လှမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းထွန်းက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

# ၂၀၁၅ ခုနှစ် ဇောတိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| တရုတ်စိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) | ၉၅၀၀ | အင်ဒိုနီးရှားပိုးလ်ဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၁၈၀၀၀ | အင်တာနက်ဒွိစုံ (ဘိုမ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၀၀၀၀ | "အဆင့်မြင့် အထူးစပါယ်ရှယ် ဝါဆိုသင်္ကန်းများ" | |
| ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) | ၁၁၀၀၀ | ကိုရီးယားပိုးလ်ဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၂၀၀၀၀ | ဂျပန်လီနင်ဒွိစုံ (လိပ်ပြာ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၅၀၀၀ | စူပါကင်း CCC ကော်တွန် L ဆိုဒ် (၂၈မြတ်ဓါးခွဲ) | ၇၀၀၀၀ |
| ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၁၃၀၀၀ | ပဒုမ္မာချည်ပိုင် (ပိန္နဲ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၂၀၀၀၀ | သရီးရိုင်ဖယ်ဒွိစုံ(ဒေသနတ်သုံးလက်) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၅၀၀၀ | စူပါကင်း GGG L ဆိုဒ် (၂၈မြတ်ဓါးခွဲ) | ၁၀၀၀၀၀ |
| စက်ကူစိုင်စီဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၁၅၀၀၀ | ဂျပန်စိုင်စီဒွိစုံ (လိပ်ပြာ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၂၇၀၀၀ | သရီးရိုင်ဖယ်ဒွိစုံ(ဘိုမ-၃၃၃) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၅၀၀၀ | စူပါကင်း AAA ကော်တွန် L ဆိုဒ် (၂၈မြတ်ဓါးခွဲ) | ၁၂၀၀၀၀ |
| ယိုးဒယားစိုင်စီဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၁၈၀၀၀ | ဂျပန်စိုင်စီဒွိစုံ (ဘိုမ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၂၇၀၀၀ | ဂျပန်မာတင်ဒွိစုံ (ဘိုမ) L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၅၀၀၀ | စူပါကင်း SSS ပိန္နဲ L ဆိုဒ် (၂၈မြတ်ဓါးခွဲ) | ၁၅၀၀၀၀ |
| အင်ဒိုးသရီးရိုင်ဖယ်ဒွိစုံ L ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၁၈၀၀၀ | ဂျပန်စိုင်စီဒွိစုံ (ဘိုမ) LL ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၀၀၀၀ | ဂျပန်မာတင်ဒွိစုံ (ဘိုမ) LL ဆိုဒ် (ဇမြတ်ဓါးခွဲ) | ၃၈၀၀၀ | ကြာရိုးချည်သင်္ကန်း(အင်းလေးကျိုင်းခမ်း)ဒွိစုံ | ၁,၀၀၀,၀၀၀ |

## ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

Email-contact@zawtika.com

**ဇောတိက (၁)** အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၈၁
**ဇောတိက (၂)** အမှတ်(၉၇)အေ၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၅၉
**ဇောတိက (၃)** အမှတ်(၆၁၆၂)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၆၅၇၉
**ဇောတိက (၄)** အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၇၇
**ဇောတိက (၅)** ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၂၈
**ဇောတိက (၆)** တာမွေလမ်းဆုံ၊ ရွှေဟင်္သာရုပ်ရှင်ရုံရှေ့ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅၉
**ဇောတိက (၇)** ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ရိုးမဘဏ်အနီး၊ မရမ်းကုန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၅၁၁၃၇
**ဇောတိက (၈)** ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၁၈၇၀
**ဇောတိက (၉)** AKK shopping Mall အနီး၊ ဘုရားလမ်းမှတ်တိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၅၆၀၇၉၃
**ဇောတိက (၁၀)** မြန်မာ့ဘစ်ရှော့ဈေးဝယ်စင်တာ ၈၅၊ ရေတာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၅၄၇၀၊ ၃၇၅၄၇၃၊ ၅၅၂၈၀၂၊ ၅၅၂၉၂၅
**ဇောတိက (တ/ဥက္ကလာ)** (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၃၂၆၇
**ဇောတိက (မ/ဥက္ကလာ)** ဒေဟာသီလမ်း၊ မ/ဥက္ကလာ(ရှ)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉
**ဇောတိက (မြောက်ဒဂုံ)** တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၇
**ဇောတိက (သိမ်ကြီးဈေး)** ၅၇၊ ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၃၅၃
**ဇောတိက (အင်းစိန်)** အမှတ်(၉)၊ လှိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့၊ အင်းစိန်မြို့နယ်။ ဖုန်း ၀၉ ၃၃၅၄၅၂၀၂
**ဇောတိက (ဘုရင့်နောင်)** အမှတ် (၁၁၀)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (သမိုင်းခုံးကျော်တံတား နှင့် ဘုရင့်နောင်တံတားကြား) ။ ဖုန်း ၀၉ ၃၁၂၂၁၂၂၁
**ဇောတိက (အောင်မင်္ဂလာ)** အဆောင်(တ)၊ အခန်း(၄)၊ အဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ (အထက်မြန်မာပြည် မြန်ချိုရေး)။ ဖုန်း ၀၁ ၆၃၇၂၅၆
**ဇောတိက (မန္တလေး)** အမှတ်(၈၄၇)၊ ၈၁ လမ်း၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ မန္တလေးမြို့။

HOT LINE 380581, 380541, 370792
ပေး၍ မကုန်-လှူ၍ မခန်းနိုင် ဇောတိက သင်္ကန်း
www.zawtika.com

## ၂၀၁၅ ခုနှစ် ဇောတိက ဝါဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

### ဇောတိက၏မူဝါဒ

အကောင်းဆုံး အရည်အသွေး
ညီမျှတဲ့ ဈေးနှုန်း
နာမည်ကြီးတဲ့ အမှတ်တံဆိပ်
အနှစ်သာရရှိတဲ့ အလှူ
ထို (၄) ရှု
ဖြူလိုကြသူ အလှူရှင်များ
အဓိကထား။

### ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းအကျိုး

ရွှေသို့အဆင်း၊ မြူကြေးကင်း၍
ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏
မကာသိန်းပိုး၊ ပုဆိုးရလေ
ညီရွှေဖြူနီ၊ ဤရှစ်လီသည်
ကျမ်းညီသင်္ကန်း လှူကျိုးတည်း။
ဟူသော အပဒါန်လာ သင်္ကန်းအကျိုး
(၈) မျိုးကို ရရှိပါသည်။



## ဝန်ထမ်းအလိုရှိသည်

09-5121467
ဓာတ်ပုံပညာရှင်
(အတွေ့အကြုံကျွမ်းကျင်၍ ဆရာဖြစ်သင်ကြားနိုင်သူ)



## EXCELLENT
VIDEO & PHOTO TRAINING CENTRE

ဓာတ်ပုံသင်တန်း ဗွီဒီယိုသင်တန်း
ရုပ်သံတည်းဖြတ်သင်တန်း
နယ်ကျောင်းသားများအတွက်အဆောင်ရှိပါသည်။
095121467.0931452059
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်



## ဦးသန်းအောင်

LCCI - Level I & II (၄)လအပြတ်
တိုက်(၁)၊ အခန်း(၂၆)၊ အပေါ်ထပ်၊ အင်းစိန်လမ်း၊ လှည်းတန်းဆီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်။
HP : 09-508 6487, 09-4200 20993, 09-4200 14106



## PIONEER
မိုဘိုင်းဖုန်းသင်တန်းကျောင်း

HARDWARE 200000, SOFTWARE 200000
All DATA 1000GB FREE - SPECIAL JOB TRAINING
အလုပ်အကိုင်အခွင့်အလမ်းများဆက်သွယ်ပေးခြင်း
ကိုယ်ပိုင်လုပ်ငန်းထူထောင်လိုသူများအတွက် အပြည့်အဝအကူညီပေးခြင်း
နယ်ကျောင်းသားများအတွက်အဆောင်ရှိပါသည်
အမှတ်(၆၀)စံရိပ်ငြိမ်(၅)လမ်းထိပ်၊ လှည်းတန်း၊ကမာရွတ်၊ရန်ကုန်။
09 31452059 / 09 5121467



## Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း

၂၀၁၅-ဩဂုတ် (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်း၊ ကော်ပြင်တစ်လစုံမှန်သင်တန်း၊
❖ ကော်ပြင်အထူးသီးသန့် (၂) လသင်တန်း၊
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ် ၄၉ (စ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်၊
၀၉-၈၆၇၂၁၁၄၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၄၄၀၂၆၂၃၇



## "အစွမ်းထက်ရတနာအဆောင်"

နဝရတ် ကိုးပါးဆိုတာ၊
ရက်မြတ်မင်္ဂလာ၊အခါကောင်းနှင့်၊
ဝတ်ဆင်သူရဲ့ မွေးနံ့ကိုက်ညီစွာ၊
သီလဖြင့် စီမံဆောင်ရွက်မှသာ
အစွမ်းထက်ပါသည်။
➤ (1 . 8 . 2015) နေ့တွင်ပွဲတင်စီမံမည်။ ➤
B2 ကျောက်မျက်ရတနာ အရောင်းခန်းမ၊ ကမ္ဘာအေး၊
မိုးကုတ်ဦးသန်းမောင်၊ နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်
Ph: 01-705070, 09-5130974, 09-73205028




